# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှု ကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၃)


## နိုင်ငံတော်သမ္မတဦးထင်ကျော် နိုင်ငံတော်သမ္မတရာထူးက နုတ်ထွက်

**နေပြည်တော် မတ် ၂၁**

နိုင်ငံတော်သမ္မတရုံးက မတ် ၂၁ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၁/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လက်ရှိအလုပ်တာဝန်များမှ အနားယူလိုသောကြောင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံတော်သမ္မတရာထူးက နုတ်ထွက်သွားပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၇၃)၊ ပုဒ်မခွဲ(ခ)နှင့်အညီ လစ်လပ်သွားသည့် နိုင်ငံတော်သမ္မတရာထူးကို အလုပ်လုပ်ရက် ခုနစ်ရက်အတွင်း ဖြည့်စွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ကိစ္စအပါအဝင် စိန်ခေါ်မှုများ၏ သိမ်မွေ့နက်နဲမှုများကို ရှင်းလင်းပြီး မြန်မာအစိုးရ၏ ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်များ အောင်မြင်ရေးဆွေးနွေးခဲ့

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျဓနသဟာယနိုင်ငံတွင် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးနှင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်သွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိခြင်း

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် မတ်လ (၁၇) ရက်နေ့မှ (၁၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာမယ်လ်ကွန် တန်ဘယ်လ်၏ ဖိတ်ကြားချက်အရ ဩစတြေးလျ ဓနသဟာယနိုင်ငံသို့ မတ်လ (၁၉) ရက်နေ့မှ (၂၀) ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ဆက်လက်သွားရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့မှ (၁၈ )ရက်နေ့ နေ့လယ်ပိုင်းအထိ ဆစ်ဒနီမြို့၌ကျင်းပခဲ့သည့် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးဆိုင်ရာ ဆက်စပ်အစီအစဉ်များ၊ အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေးနှင့် အာဆီယံ-ဩစတြေးလျ သီးသန့်အထူးထိပ်သီးအစည်းအဝေးများသို့ အခြားအာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များနှင့် ရခိုင်ပြည်နယ် ကိစ္စအပါအဝင် စိန်ခေါ်မှုများ၏ သိမ်မွေ့နက်နဲမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါစိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ ဦးဆောင်ကြိုးပမ်းအားထုတ်မှု လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စများတွင် အပြုသဘော ပါဝင်ကူညီပံ့ပိုးကြရန် ဆွေးနွေးပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံပေါင်းစည်းမှုလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



# ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၂၁**

မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့မှ မတ် ၂၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Zitouni၊ မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ဒုတိယသမ္မတ ဦးမြင့်ဆွေအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။**

သတင်းစဉ်


အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

GREEN, GRAND, CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL

MMPGA

နှလုံးရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာအောင်ထွန်း
MBBS, MD, FACC
Cardiologist, Florida, USA
၂၂.၃.၂၀၁၈ မှ ၄.၄.၂၀၁၈ ထိ

အထွေထွေနှင့်သွေးရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာကျော်ဇင်မော်
MBBS, MRCP (London), FRCPath (UK)
Consultant Hematologist, UK
၂၆.၃.၂၀၁၈ မှ ၈.၄.၂၀၁၈ ထိ

အထွေထွေရောဂါအထူးကုသမားတော်ကြီး
ဒေါက်တာဝင်းဝင်းမြင့်
MBBS, MD,
ABFM Board Certified (Family Medicine)
Consultant Physician, California, USA
၂၄.၃.၂၀၁၈ မှ ၆.၄.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃ ၀၀၀၊ ၀၁ ၅၂၃ ၁၁၁၊ ၀၁ ၅၂၃ ၂၂၂

# (၇၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။
- ☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။
- ☆ တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ် မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

# မြန်မာအက အခြေခံကဗျာလွတ်အက (ဒုတိယအဆင့်)ဆင့်ပွားနည်းပြသင်တန်းဖွင့်



**နေပြည်တော် မတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာအကအခြေခံကဗျာလွတ်အက ဒုတိယအဆင့် ဆင့်ပွားနည်းပြသင်တန်း ၁/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၉ ရက်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အခြေခံပညာကျောင်းများမှ သင်တန်းသူဆရာမများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၁၆ ခုနှစ် ၂၂ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၊ အခြေခံကဗျာလွတ် အကပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး၏ ပြိုင်ပွဲဝင်အကနှင့် ၂၀၁၇ ခုနှစ် အခြေခံကဗျာလွတ်အက (ပထမအဆင့်) သင်တန်းဆင်းပွဲတွင် အဖွဲ့လိုက်ပထမဆုရရှိခဲ့သည့် မွန်ပြည်နယ်မှ ဆရာမများ၏ အကတို့အား Video Click ဖြင့်ပြသခဲ့ပြီး အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲမှ အနုပညာရှင် ဝန်ထမ်းများက မြန်မာအက အခြေခံကဗျာလွတ်(ဒုတိယအဆင့်)နှင့် “ကဗျာ့ပန်းမြိုင်လယ်” ယိမ်းအကတို့ဖြင့် သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယနေ့စတင်ဖွင့်လှစ်သော မြန်မာအက အခြေခံကဗျာလွတ်အက (ဒုတိယအဆင့်) ဆင့်ပွားနည်းပြသင်တန်း ၁/၂၀၁၈ ၏ သင်တန်းကာလမှ မတ် ၁၉ ရက်မှ ၂၇ ရက်အထိဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေ အခြေခံပညာကျောင်းများမှ သင်တန်းသူဆရာမ ၃၀၊ ရန်ကုန်တိုင်းဒေသကြီး သင်တန်းသူဆရာမ ၄၀၊ မန္တလေးတိုင်းဒေသကြီးမှ သင်တန်းသူဆရာမ ၃၀ စုစုပေါင်း သင်တန်းသူ ၁၀၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၁-၃-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၂၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၈ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၀ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၄ | ·၇ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၆ | ·၆ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ | ·၁ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


မြန်မာ့အလင်း

# လက်ပံပွင့်ချိန်

လက်ပံပွင့်နီရဲရဲတို့ တဖွဲဖွဲမြေသို့ကြွေသည့် နွေရာသီ၏အလှကို စာပန်းချီခြယ်ခဲ့ကြသလို “လက်ပံပွင့်ချိန် ခွေးရူးချိန်” ဟူ၍လည်း သတိပေးလေ့ရှိခဲ့ကြသည်။ ပူပြင်းသည့်နေရောင်အောက်တွင် အမြီးကုပ်ကုပ် သွားရည်တမျှားမျှားနှင့် ခွေးလေခွေးလွင့်တို့ကိုလည်း တွေ့ရမြင်ရ တိမ်းရှောင်ကြရသည်။ မတိမ်းမရှောင်၍လည်းမဖြစ်၊ ခွေးရူးပြန်ရောဂါသည် ကူးစက်ခံရပါက ရာနှုန်းပြည့် အသက်အန္တရာယ်ပြုနိုင်သည့် ရောဂါဆိုးဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏မှတ်တမ်းတစ်ခုအရ မိမိတို့နိုင်ငံ တည်ရှိရာ အရှေ့တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှုအများဆုံးဒေသတစ်ခုဖြစ်သည်။ ဒေသအတွင်း နှစ်စဉ်ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှု ၂၅၀၀၀ ကျော်ရှိရာ တစ်ကမ္ဘာလုံး၏ ၄၅ ရာခိုင်နှုန်းခန့်ဖြစ်သည်ဟု ဆိုသည်။ မြန်မာနိုင်ငံကမူ နှစ်စဉ် ခွေးရူးပြန်ရောဂါကြောင့် လူ ၁၀၀၀ ခန့် သေဆုံးရာ ဒေသတွင်းဒုတိယဖြစ်ကြောင်း၊ အိန္ဒိယတွင်နှစ်စဉ် ခွေးရူးပြန်ရောဂါကြောင့် လူ ၂၀၀၀၀ သေဆုံးရာ ဒေသတွင်းအများဆုံး အရေအတွက်ပင်ဖြစ်ကြောင်းဖြင့်လည်း အဆိုပါ မှတ်တမ်းကဖော်ပြထားသည်။ မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၀ ကျော်တွင် ခွေးကောင်ရေ လေးသန်းခန့် ရှိပြီး နှစ်စဉ် လူခြောက်သိန်းခန့် ခွေးကိုက်ခံရကြောင်း၊ အများစုမှာ ကလေးများဖြစ်ကြောင်း၊ အတည်မပြုနိုင်သော စာရင်းဇယားများအရ မြန်မာနိုင်ငံရှိ လမ်းဘေးခွေး ၇၅ ရာခိုင်နှုန်းမှာ ခွေးရူးပြန်ရောဂါ ဗိုင်းရပ်စ် ပိုးများရှိကြောင်းဖော်ပြထားရာ အထူးဂရုပြုရန် လိုအပ်သည်ဟု ရှုမြင်မိသည်။

ခွေးရူးပြန်ရောဂါသည် လူတို့နှင့်အနေနီးသောခွေး၊ ကြောင်တို့တွင် ကူးစက်နေနိုင်ပြီး ရောဂါသယ်ဆောင်ထားသည့် ခွေး၊ ကြောင်တို့၏ ကုတ်ခံရခြင်း၊ ကိုက်ခံရခြင်း၊ ၎င်းတို့၏ သွားရည်နှင့်အနာ၊ ဒဏ်ရာများကို ထိမိခြင်းတို့ကြောင့် ကူးစက်ခံရနိုင်သည်။ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူထံမှရရှိသည့် မျက်ကြည်လွှာနှင့် အခြားခန္ဓာကိုယ် အစိတ်အပိုင်းများအား အစားထိုးကုသမှုခံရပါကလည်း ခွေးရူးပြန်ရောဂါကူးစက်နိုင်သည်။ မိမိတို့၏ အိမ်မွေးတိရစ္ဆာန်ခွေး၊ ကြောင် စသည်တို့ အမူအရာပြောင်းလဲလာခြင်း၊ ဒေါသကြီးပြီး ကိုက်တတ်လာခြင်း၊ တုတ်၊ အမှိုက်စ၊ စက္ကူတို့ကိုစားခြင်း၊ အသံအက်ဖြင့် ဟောင်ခြင်း၊ အူခြင်း၊ ရေ၊ လေကြောက်ခြင်း၊ ဂနာမငြိမ်ခြင်း၊ သွားရည်တမျှားမျှားကျခြင်း၊ အမြီးကုပ်ခြင်းစသည့်လက္ခဏာများ ဖြစ်ပေါ်လာပါက ခွေးရူးပြန်ရောဂါဖြစ်ပွားနေခြင်းပင် ဖြစ်သည်။ ကြိုတင်ကာကွယ်မှုအနေဖြင့် ခွေး၊ ကြောင် များကို ခွေးရူးပြန်ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်း၊ လိုအပ်ပါက ခွေး၊ ကြောင်များနှင့် အနီးကပ် နေရသူ၊ ကိုင်တွယ်နေသူများကိုပါ ခွေးရူးပြန်ရောဂါကာကွယ်ဆေးထိုးနှံခြင်းတို့ ပြုလုပ်ရမည် ဖြစ်သည်။

ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ မဖြစ်ပွားစေရေးအတွက် ခွေးကိုက်ခံရသည့် ဒဏ်ရာကို ရေ၊ ဆပ်ပြာတို့ဖြင့် အနည်းဆုံး ၁၅ မိနစ်ကြာအောင် ဆေးကြောရန်၊ အနာကိုအရက်ပြန်၊ ဘီတာဒင်း စသည့် ပိုးသန့်စင်ဆေးရည်ထည့်ရန်၊ ဦးခေါင်း၊ လည်ပင်းနှင့် လက်ချောင်းထိပ်တို့တွင် ကိုက်ခံရပါက အရေးပေါ်ချက်ချင်းကုသမှုခံယူရန်၊ နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူရန်နှင့် ခွေးရူးပြန်ရောဂါ မဖြစ်စေရန် တစ်ခုတည်းသော ကာကွယ်သည့်နည်းလမ်းမှာ ခွေးရူးပြန် ရောဂါကာကွယ်ဆေးကို အမြန်ဆုံးနှင့် အကြိမ်ပြည့် ထိုးနှံရန်သာဖြစ်ပါကြောင်း။ ။

# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ဆင်ဖြူကျွန်းမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ၊ ပျဉ်းမနားမြို့၊ အောင်လံမြို့၊ ရွှေကျင်မြို့၊ ဖြူးမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၃၉ ဒီဂရီ စင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ တနင်္သာရီတိုင်းဒေသကြီး၊ရှမ်းပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မတ် ၁၈ ရက်က ကျင်းပသော အာဆီယံ-ဩစတြေးလျအထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။ သတင်းစဉ်

✻ ရှေ့ဖုံးမှ

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချနိုင်ရန်သာမက စိန်ခေါ်မှုများကို ရှုမြင်သည့် သဘောထားအမြင်ချင်း ကွာဟမှုများ ကျဉ်းမြောင်းစေရန်လည်း လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးကို ဖော်ဆောင်နေကြသူများအနေဖြင့် မိမိတို့ကိုယ်တိုင်လည်း ဦးစွာ ငြိမ်းချမ်းမှုရှိရန်နှင့် ဒေါသ အမုန်းတရားနှင့် အကြောက်တရားစသည့် စိတ်ခံစားချက်များကို ထိန်းချုပ်ရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မတူညီသည့် အသိုက်အဝန်းများအကြား ကွဲပြားမှုကိုဖြစ်စေမည့် အပြုသဘောမဆောင်သည့် စိတ်ခံစားချက်များကို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်ကြရန်လိုအပ်ပြီး အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှု၊ တူညီဆန္ဒဖြင့် ဆောင်ရွက်မှု၊ အဖွဲ့ဝင်များအကြား အပြန်အလှန်လေးစားမှုတို့ကိုလည်း ထိန်းသိမ်းမြှင့်တင်သွားရန် အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့သည်။

အာဆီယံ-ဩစတြေးလျအထူးထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ကြီးနှင့် ဩစတြေးလျ နိုင်ငံတို့အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှု နားလည်မှု စာချွန်လွှာ (MOU on Cooperation in Counter-Terrorism) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး အာဆီယံအဖွဲ့ကြီးနှင့် ဩစတြေးလျနိုင်ငံတို့အကြား ဒေသတွင်းလုံခြုံရေး၊ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်ပြည်သူများအကြား ပိုမိုထိတွေ့ဆက်ဆံရေး မဏ္ဍိုင်ကြီး (၃) ရပ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ဆစ်ဒနီကြေညာချက် (Sydney Declaration) ကို ထုတ်ပြန်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဩစတြေးလျဝန်ကြီးချုပ် The Hon. Malcolm Turnbull ၏ ဖိတ်ကြားချက်အရ ဩစတြေးလျနိုင်ငံတွင် တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်ရန်အတွက် ၁၈-၃-၂၀၁၈ ရက်နေ့ ညနေပိုင်းတွင် ကင်ဘာရာမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၁၉-၃-၂၀၁၈ ရက် နံနက်ပိုင်းတွင် ဩစတြေးလျဝန်ကြီးချုပ် The Hon. Malcolm Turnbull မှ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဩစတြေးလျဝန်ကြီးချုပ်နှင့် နှစ်နိုင်ငံ ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ပညာရေးကဏ္ဍအပါအဝင် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် ရခိုင်ပြည်နယ် အရေးကိစ္စတွင် ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျ အတိုက်အခံ လေဘာပါတီခေါင်းဆောင် Mr. Bill Shorten ကိုလည်း လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် National Arboretum တွင် ဩစတြေးလျနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ် အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပေးခဲ့ပြီး နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနိုင်ငံရှိ မြန်မာအသိုက်အဝန်းနှင့် Albert Hall တွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဩစတြေးလျနိုင်ငံတရားဝင်ချစ်ကြည်ရေးခရီးစဉ်၏ အဓိကအစီအစဉ်များကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့သည်။ သို့သော် ခရီးဝေး လေယာဉ်ခရီးစဉ်၊ သဘော်ခရီးစဉ်များကြောင့် မူးဝေမှုခံစားခဲ့ရသည့်အပြင် မြန်မာနိုင်ငံသို့ အပြန်ခရီးစဉ်အတွက် အနားယူရန် လိုအပ်သဖြင့် တွေ့ဆုံမှုအစီအစဉ်အချို့ကို ဖျက်သိမ်းခဲ့ရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မတ်လ (၂၀) ရက်နေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်။**


ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့အား မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာပြည်နယ် အုပ်ချုပ်ရေးမှူး H. E. Mr. Zitouni နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပဉ္စမမြောက် မိုဟာမက် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ သတင်းစဉ်

❑ ရှေ့ဖုံးမှ

ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက မော်ရိုကိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပဉ္စမမြောက် မိုဟာမက် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဖတ်ကြားတင်ပြ

**နေပြည်တော် မတ် ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ရက် ၃၀ မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားတင်ပြသည်။

**အသိပေးကြေညာ**

ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တာမွေမဲဆန္ဒနယ်က လွှတ်တော်ဥက္ကဋ္ဌ တာဝန်မှ နုတ်ထွက်ကြောင်း ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက် ရက်စွဲဖြင့် လက်မှတ်ရေးထိုးတင်ပြလာပါကြောင်း၊ သို့ ဒုတိယ ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်၊ ရက်စွဲ၊ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက် ၊ အကြောင်းအရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ခြင်း၊ ၂၀၁၈ ခုနှစ် မတ်လ ၂၁ ရက်မှစ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ကြောင်း အကြောင်းကြားပါသည်။ ပုံ ဝင်းမြင့် တာမွေမဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး၊ မိတ္တူကို ညွှန်ကြားရေးမှူးချုပ် ပြည်သူ့လွှတ်တော်ရုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာ အစားထိုး ရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဟု အသိပေးကြေညာပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ၂၀၁၈ နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၁**

(၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ၂၀၁၈ နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် ခေါင်းဆောင်များအစည်းအဝေးပွဲ ဒုတိယနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာဆီယံတက္ကသိုလ်များအားကစားကောင်စီဥက္ကဋ္ဌ Prof.Dr Mohd Said က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအဖွဲ့ ဥက္ကဋ္ဌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ၂၀၁၈ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အားကစားအမျိုးအစားများကို ပြိုင်ပွဲဝင်အသင်းအရေအတွက် ပြည့်မီမှသာ ထည့်သွင်းကျင်းပရေး၊ ပါဝင်ယှဉ်ပြိုင်မည့် အားကစားအမျိုးအစားများကို သတ်မှတ်ချိန်အတွင်း စာရင်းပေးပို့နိုင်ရေး၊ အားကစားသမားများ၏ ကျန်းမာရေး ဆေးစစ်ချက်ကို သတ်မှတ်နေရာတွင် ဆောင်ရွက်ရေးများနှင့် အိမ်ရှင်နိုင်ငံမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို တက်ရောက်လာကြသူများက အကြံပြုညှိနှိုင်းဆွေးနွေးကြသည်။ အစည်းအဝေးပွဲအပြီးတွင် တက်ရောက်လာသူများက သက်ဆိုင်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့်နေရာများ၊ အားကစားသမား တည်းခိုဆောင်များနှင့် လေ့ကျင့်ရေး စခန်းများကို လိုက်လံကြည့်ရှုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❋ ကျော်ဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရေရှည်တည်တံ့သည့် အရည်အသွေးမြင့်ရော်ဘာ ထုတ်လုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး အပြုသဘော ဆောင်သော ပြောင်းလဲမှု ဖြစ်ပေါ်လာစေရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ တိုးတက်မှုများနှင့် အစိုးရ၏ လုပ်ငန်း အစီအစဉ်များကို နားလည်သဘောပေါက်ပြီး ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များနှင့် အတူတကွ ပါဝင်လက်တွဲသွားရန်၊ ရေရှည်တည်တံ့သည့် သဘာဝ ရော်ဘာထုတ်လုပ်မှုလုပ်ငန်း နည်းဗျူဟာများ ချမှတ်ဆောင်ရွက်သွားရန်၊ Down-stream,Mid-stream ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရော်ဘာသုတသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းမြှင့်တင်ပေးနိုင်ရန် စသည့် အဓိက ရည်ရွယ်ချက်များဖြင့် မြန်မာ့ရော်ဘာ ဖိုရမ်ကို ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

**မရှိမဖြစ်သုံးရသော စက်မှုကုန်ကြမ်း**

ရော်ဘာသည် ကမ္ဘာတစ်ဝန်း အရေးကြီးသည့် စက်မှုကုန်ကြမ်းသီးနှံတစ်ခု ဖြစ်ပြီး ကမ္ဘာပေါ်တွင် သံနှင့် သံမဏိလုပ်ငန်းပြီးလျှင် ဒုတိယအကြီးမားဆုံး စက်မှုလုပ်ငန်းလည်း ဖြစ်ပါကြောင်း၊ ရော်ဘာသည် ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်သည့်နေရာတွင် မရှိမဖြစ် အသုံးပြုရသော စက်မှုကုန်ကြမ်းတစ်ခု ဖြစ်ပြီး ကမ္ဘာ့အကြီးမားဆုံး တာယာလုပ်ငန်းများ၏ ဝယ်လိုအားများကြောင့် ရော်ဘာသည် အဖိုးတန်နိုင်ငံခြား ဝင်ငွေရရှိစေသည့် ကုန်ပစ္စည်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကို အဓိကဦးစားပေး စက်မှုကုန်ကြမ်းသီးနှံအဖြစ် သတ်မှတ်ထားပြီး ရော်ဘာလုပ်ငန်း စဉ်ဆက်မပြတ် တိုးတက်မှုရရှိနေရေး အားစိုက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက အားပေးလျက်ရှိပါကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့နိုင်မှု တိုးတက်လာစေရန်အတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ရော်ဘာနှင့် ပတ်သက်သည့် အသင်းအဖွဲ့များ ပိုမိုအားကောင်းအောင် ဖွဲ့စည်းပြီး ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထို့ပြင် အသင်းအဖွဲ့များနှင့်အတူ အစိုးရ၊ တောင်သူ၊ ပညာရှင်များကလည်း ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ရော်ဘာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

**ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်**

မြန်မာနိုင်ငံ၏ ရော်ဘာကဏ္ဍသည် ရော်ဘာစိုက်ပျိုးသည့် အခြားနိုင်ငံများဖြစ်သည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းရော အရည်အသွေးပါ နိမ့်ကျနေသေးသည့်အတွက် နိုင်ငံတကာ ဈေးကွက်တွင် ဈေးကောင်းမရရှိခြင်း၊ ဈေး အနှိမ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ နည်းပညာများရယူခြင်း၊ သတင်းအချက်အလက်များဖလှယ် ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် အပါအဝင် သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်ဆောင်ရွက်ခြင်းများ လုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း။

ရော်ဘာလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများ တစ်ဖက်တစ်လမ်းမှ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကိုပါ အထိုက်အလျောက် တားဆီးပေးနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ပိုင်းကလည်း ရော်ဘာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် လိုအပ်သည့် အားပေးကူညီမှုများနှင့် ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရော်ဘာဖိုရမ် ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် အခက်အခဲများ၊ အတွေ့အကြုံများ၊ ခေတ်မီနည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်ကောင်းများ အပြန်အလှန် နှီးနှောဖလှယ်နိုင်မည် ဖြစ်သည့်အတွက် ရေရှည်တည်တံ့သည့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး၊ အကျိုးရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရေးတို့အတွက် များစွာ အထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း။

**စီးပွားရေးရှုထောင့်အမြင်များ**

မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးရာတွင် နိုင်ငံတော်က ဖြည့်ဆည်းပေးရမည့် အချက်အလက်များ၊ ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည့် အချက်များ၊ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ရော်ဘာစိုက်တောင်သူများအတွက် ပံ့ပိုးပေးရန် လိုအပ်ချက်များကို ထည့်သွင်း ဆွေးနွေးကြစေလိုကြောင်း၊ ထို့ပြင် စီးပွားရေးပညာရှင်များကလည်း လက်ရှိ ရော်ဘာဈေးကွက်အခြေအနေများနှင့် စီးပွားရေးရှုထောင့်အမြင်များကို အကြံပြု ဆွေးနွေးစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် ရော်ဘာတစ်ဧက အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန်၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးမြင့် ရော်ဘာများ ထုတ်လုပ်နိုင်ရန်၊ ရော်ဘာကုန်ချော ထုတ်လုပ်မှုနှင့် ရော်ဘာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊ ရော်ဘာသစ်နှင့် ပရိဘောဂလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် စသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

## "ရော်ဘာဖိုရမ် ကျင်းပပြုလုပ်ပေးခြင်းအားဖြင့် အခက်အခဲများ၊ အတွေ့အကြုံများ၊ ခေတ်မီနည်းပညာများနှင့် ရလဒ်ကောင်းများ၊ အကြံဉာဏ်ကောင်းများ အပြန်အလှန် နှီးနှောဖလှယ်နိုင်မည် ဖြစ်သည့်အတွက် ရေရှည်တည်တံ့သည့် မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ အကျိုးရှိသည့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ဖြစ်စေရေးတို့အတွက် များစွာ အထောက်အကူဖြစ်မည်"

**ရော်ဘာတန်ဖိုးကွင်းဆက်**

ထို့နောက် မြန်မာ့ရော်ဘာသမိုင်း၊ ရော်ဘာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ရော်ဘာကဏ္ဍအရေးပါမှု ဗီဒီယိုဖိုင်ကို ပြသပြီး မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာယုစိန်က သဘာဝရော်ဘာနှင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု၊ အခက်အခဲ၊ လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို လည်းကောင်း၊ WWF-Myanmar Country Director Dr.A. Christy Williams က သစ်တောပြုန်းတီးမှု ကင်းစင်သည့် ရေရှည်တည်တံ့သော ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခွင့်အလမ်းများကို လည်းကောင်း၊ CESD Executive Director ဒေါက်တာဇော်ဦးက မြန်မာနိုင်ငံ၏ ရော်ဘာတန်ဖိုးကွင်းဆက်ကို လည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အဆိုပါဟိုတယ်၌ ခင်းကျင်းပြသထားသည့် ရော်ဘာကုမ္ပဏီများ၏ ရော်ဘာထုတ်ကုန်ပစ္စည်းများနှင့် ရော်ဘာသစ်ပရိဘောဂပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ၏ သဘာဝရော်ဘာထုတ်လုပ်မှုကဏ္ဍ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးနည်းဗျူဟာများ၊ ရေရှည်တည်တံ့သော သဘာဝရော်ဘာဖွံ့ဖြိုးရန် ကွန်ရက်ချိတ်ဆက်မှု၊ ရော်ဘာသုတေသနလုပ်ငန်းများကို တိုးတက်စေခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော သဘာဝရော်ဘာထုတ်လုပ်သောခြံများ ဖွံ့ဖြိုးတိုးတက် လာစေရေး၊ ရော်ဘာဈေးကွက်စနစ် ဖွံ့ဖြိုးလာမှုနှင့် မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရော်ဘာ စိုက်ပျိုးထုတ်လုပ်သူများအသင်း၏ ဆောင်ရွက်မှု အခန်းကဏ္ဍ စသည့် စာတမ်းများကို ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ဖတ်ကြားရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သုံးသပ်အကြံပြု ဆွေးနွေးကြသည်။

**စာတမ်းများ ဖတ်ကြားရှင်းလင်း**

မွန်းလွဲပိုင်းတွင် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများက ရေရှည်တည်တံ့သော သဘာဝရော်ဘာ ထုတ်လုပ်သည့် လမ်းညွှန်ချက်များနှင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သော သဘာဝရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ ပတ်ဝန်းကျင်ထိခိုက်မှု အားလျော့နည်းစေပြီး ရေရှည်တည်တံ့သော ရော်ဘာကဏ္ဍဖြစ်ပေါ်စေရေး၊ ရော်ဘာသစ် ထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှု၊ မွန်ပြည်နယ်ရှိ ရော်ဘာခွက်ကပ်များ၏ ဈေးကွက်စိန်ခေါ်မှုများ၊ မွန်ပြည်နယ်၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ တန်ဖိုးကွင်းဆက်ဖြစ်စဉ် အဆင့်ဆင့်တွင် ကျွမ်းကျင်လုပ်သားအင်အား ပါဝင်မှုမြှင့်တင်ပေးခြင်း၊ မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရော်ဘာဈေးကွက်သို့ ချဉ်းကပ်ခြင်း၊ ရော်ဘာအထူးဇုန် တည်ထောင်ရေးနှင့် စိန်ခေါ်မှုများ၊ ရေဝတီတိုင်းဒေသကြီး ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စသည့် စာတမ်းများကို ဖတ်ကြားရှင်းလင်း ဆွေးနွေးကြရာ တက်ရောက်လာသူများက သုံးသပ်အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါ မြန်မာ့ရော်ဘာကဏ္ဍ ဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Myanmar Rubber Forum-2018) ကို မတ် ၂၂ ရက်အထိ ဟိုတယ်မက်(စ်)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# သန်လျင်မြို့နယ် သကြ္ကန်ပွဲတော် စည်ကားစွာကျင်းပမည်

**ရန်ကုန် မတ် ၂၁**

သန်လျင်မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်းတို့က အမှာစကားများ ပြောကြားကြပြီး ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်းက ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိသူများက မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အကြံပြု ဆွေးနွေးတင်ပြကြသည်။

သန်လျင်မြို့နယ်၏ ၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြို့မဈေးကြီးအနီး စည်ပင်ရုံးဘေးတွင် ဗဟိုမဏ္ဍပ်ဆောက်လုပ်၍ ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ ယိမ်းပြိုင်ပွဲ၊ သံချပ်ပြိုင်ပွဲ၊ ဂီတပညာရှင်များ၏ ခေတ်ပေါ်တေးဂီတနှင့် မြန်မာ့ဆိုင်းဝိုင်း၏ ဖျော်ဖြေတင်ဆက်မှုများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **သန်းဝင်း(သန်လျင်)**

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၁**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ ဒုတိယအကြိမ်အဖြစ် အသက်(၈၀)နှစ်အထက် သက်ကြီးအသင်းသားများ ပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း(ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်) ရှိ ပြန်ကြားရေးဝန်ကြီးဌာန ခန်းမဆောင်၌ စည်ကားစွာကျင်းပမည် ဖြစ်သည်။

အခမ်းအနားသို့ သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအားလုံး(အသင်းဝင်သည်ဖြစ်စေ၊ အသင်းမဝင်သည်ဖြစ်စေ) တက်ရောက်နိုင်ကြောင်း သိရသည်။

အသင်းသားအသစ်အဖြစ် ပါဝင်လိုသူများ၊ အသင်းနှစ်စဉ်ကြေး ပေးသွင်းလိုသူများ အဆင်ပြေစေရေးအတွက် အခမ်းအနား ကျင်းပမည့်နေ့ရက်တွင် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားရာ အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း ဖုန်း ၀၉-၄၂၀၁၀၁၃၈၉ နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း ဖုန်း ၀၉-၄၄၀၃၇၇၆၃၆ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ကိုဇော်**

# မိမိတို့နိုင်ငံ၏သယံဇာတများ ဆုံးရှုံးမှုမရှိရေး ဒေသခံတိုင်းရင်းသားများ ပူးပေါင်းကာကွယ်သွားကြရန်လို

**နေပြည်တော် မတ် ၂၁**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုလုံစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းပြီး မလိခမြစ်နှင့် ဘုရားပရိဝုဏ် ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု၍ သာသနာ့နယ်မြေ သတ်မှတ်နိုင်ရေး ကိစ္စရပ်များနှင့် စေတီတော်ကြီးပရိဝုဏ်အား အုတ်တံတိုင်း ခြံစည်းရိုးခတ်ရန် ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး မဟာတေဇဝန္တ ရွှေစည်းခုံစေတီတော်၊ မဟာတေဇဝန္တ ရွှေတိဂုံစေတီတော်နှင့် မချမ်းဘော့မြို့ရှိ သဘာဝကျောက်နဂါးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်လန်ဖူးမြို့ရှိ ဒေသခံရပ်မိရပ်ဖများ၊ ဒေသခံ တိုင်းရင်းသားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။** သတင်းစဉ်

ထိုသို့တွေ့ဆုံစဉ် ခေါင်လန်ဖူးဒေသသည် သွားလာရေးခက်ခဲသည့် ဒေသတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးနေသကဲ့သို့ တပ်မတော်မှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤဒေသသည် တစ်ဖက်နိုင်ငံနှင့် နီးကပ်သောကြောင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်၏ အချုပ်အခြာအာဏာမထိခိုက်စေရေး၊ မိမိတို့နိုင်ငံ၏ သယံဇာတများ ဆုံးရှုံးခြင်းမရှိဘဲ စနစ်တကျရှိရေးအတွက် ဒေသခံတိုင်းရင်းသားများအနေဖြင့် အုပ်ချုပ်မှု အဖွဲ့အစည်းများနှင့် ပူးပေါင်းကာကွယ်သွားကြရန် လိုကြောင်း ပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်ချက်များကို တင်ပြကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က မဝေ့ဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေမှုနှင့် ပတ်သက်၍ ဒေသခံပြည်သူများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဒေသခံတိုင်းရင်းသားများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များနှင့် ခရစ်ယာန်ဘာသာဝင်များအတွက် သမ္မာကျမ်းစာအုပ်များ၊ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် တပ်မတော်အရာရှိကြီးများက စားသောက်ဖွယ်ရာများကိုလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အမှာစကားပြောကြားပြီး နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr. Yuji Mori က နားလည်မှုစာချွန်လွှာနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးနှင့် နိပ္ပွန်ဖောင်ဒေးရှင်းမှ Executive Director Mr. Yuji Mori တို့က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့သည် ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေး သင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ နှစ်နှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၀ ဒသမ ၆ သန်းဖြင့် သင်တန်းများဖွင့်လှစ်ရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဒုတိယဝန်ကြီး ဦးအောင်ထူး နယူးဒေလီမြို့၌ ကျင်းပသော အစည်းအဝေးသို့တက်ရောက်

နေပြည်တော် မတ် ၂၁

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်အဖွဲ့သည် မတ် ၂၀ ရက်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော Informal WTO Ministerial Meeting သို့ တက်ရောက်သည်။**



**ထည့်သွင်းရှင်းလင်း**

အဆိုပါ အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးလျက်ရှိသော Doha Development အစီအစဉ်များ၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် အထူးနှင့်သီးသန့် အခွင့်အရေးဆိုင်ရာကိစ္စရပ်အပါအဝင် Issue အသစ်များဖြစ်သည့် e-Commerce, Investment Facilitation အစရှိသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက် သဘောထားများကို ထည့်သွင်းရှင်းလင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အခြားအဖွဲ့ဝင်နိုင်ငံများမှ တက်ရောက်လာကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီအား သွားရောက်ဂါရဝပြု တွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ Informal WTO Ministerial Meeting သို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် Mr. Roberto Azevedo၊ အိန္ဒိယနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Suresh Prabhu တို့နှင့်အတူ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ညှိနှိုင်းဆွေးနွေး**

အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် နယူးဒေလီမြို့သို့ ကြိုတင်ရောက်ရှိနေသော အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့်အဖွဲ့သည် မတ် ၁၉ ရက် ညနေပိုင်းတွင် နယူးဒေလီမြို့ရှိ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အစားအသောက်၊ ဖြန့်ဖြူးရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနတို့၏ Minister of State,H.E. Shri C.R. Chaudhary နှင့်အဖွဲ့အား တွေ့ဆုံကာ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပဲမျိုးစုံပိုမိုတင်ပို့နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ ပထမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၇၈၅၁ ပါး အနက် ၁၅၀၀၅ ပါး ဖြေဆိုကြသဖြင့် ၈၄ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



**ဗီယက်နမ်နိုင်ငံ၏ ယခင်ဝန်ကြီးချုပ်ဟောင်းဖြစ်သူ H.E. Mr. Phan Van Khai သည် ၂၀၁၈ ခုနှစ် မတ် ၁၇ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ရှိ ဗီယက်နမ်သံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး မတ် ၂၁ ရက်က လက်မှတ်ရေးထိုးစဉ်။**

သတင်းစဉ်

# လစ်လပ်သွားသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာအား ရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်

**နေပြည်တော် မတ် ၂၁**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ရက်(၃၀)မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နုတ်ထွက်သည့် အကြောင်းကြားစာကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဖတ်ကြားတင်ပြပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာအား ရွေးချယ်တင်မြှောက်ခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးတင်ပြသည်။

**နိုင်ငံတော်မှ တရားဝင်ဝယ်ယူထား**

အစည်းအဝေးတွင် လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၏ **လင်းခေးမြို့နယ်ရှိ ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗာဂျီနီးယားဆေး လုပ်ငန်းဆောင်ရွက်ခဲ့သော မြေနေရာ၊ အဆောက်အအုံများအား မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရန်နှင့် မူလပိုင်ရှင်များသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ရှမ်းပြည်နယ် လင်းခေးခရိုင်၊ လင်းခေးမြို့နယ်အတွင်းတွင် ဗာဂျီနီးယားဆေးပေါင်းစခန်း ၁၄ ခုရှိပြီး စုစုပေါင်း ဧရိယာမှာ ၁၆ ဒသမ ၁၂၇ ဧက၊ မြေတန်ဖိုးငွေကျပ် ၁၆ ဒသမ ၇၉၇ သန်း၊ အဆောက်အအုံ တန်ဖိုးငွေကျပ် ၂၂၇ ဒသမ ၁၆၆ သန်း ဖြစ်၍ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၄၃ ဒသမ ၉၆၃ သန်းအား ယခင်အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ ပေးချေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ရာနှုန်းပြည့် ထောက်မထားသော မြဝတီထရေးဒင်းလီမိတက်အနေဖြင့် အဆိုပါမြေများအား သိမ်းယူခြင်း မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်မှ တရားဝင်ဝယ်ယူထားခဲ့ပြီး ကျသင့်ငွေတန်ဖိုးငွေများကိုလည်း ယခင် အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ အကျေပေးချေခဲ့ပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း ဗာဂျီနီးယားဆေးလုပ်ငန်းစက်ရုံ ကြီးကြပ်မှု



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်

**စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း ပြီးစီးအောင် ဆောင်ရွက်ရမည့် Master Plan ကို ရေးဆွဲထားပြီးဖြစ်၍ စီးပွားဖြစ်ထုတ်လုပ်မည့် လက်တွေ့ကျသော အစီအမံများအား Special Task Force Team ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်**

အောက်၌ မန္တလေးကုန်ထုတ်ဌာနခွဲ၊ လင်းခေးဌာနစုအောက်ရှိ ဗာဂျီနီယားဆေးပေါင်းစခန်းများနှင့် မြေနေရာအား ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျသင့်တန်ဖိုးငွေများ ပေးချေဝယ်ယူထားရှိပြီးဖြစ်သည့်အတွက် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၏ **လတ်တလော ရပ်ဆိုင်းထားသော အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) တိုးချဲ့စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန် အစီအမံများ ရေးဆွဲထားခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း ပြီးစီးအောင် ဆောင်ရွက်ရမည့် Master Plan ကို ရေးဆွဲထားပြီးဖြစ်၍ စီးပွားဖြစ်ထုတ်လုပ်မည့် လက်တွေ့ကျသော အစီအမံများအား Special Task Force Team ဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ပြန်လည်သုံးသပ်နေဆဲကာလဖြစ်ပါ၍ ပကတိအခြေအနေကို မှန်ကန်စွာသုံးသပ်နိုင်ရန် တင်ပြပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ၏ **ခေါင်လန်ဖူးမြို့ရှိ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းများ အဆင်ပြေစေရန်နှင့် ရုံးပိုင်းဆိုင်ရာလုပ်ငန်းများ လွယ်ကူလျင်မြန်စေရန် ပူတာအိုမှ စာရင်းစစ်ဝန်ထမ်းများအား ခေါင်လန်ဖူးမြို့သို့ စေလွှတ်ပြီး ဌာနဆိုင်ရာရုံးများကို စာရင်းစစ်ဆေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းက ခေါင်လန်ဖူးမြို့သည် ပူတာအိုမြို့မှ (၁၃၂)မိုင်ခန့်ကွာဝေးပြီး မိုးရာသီကုန်ဆုံးချိန်တွင် ပူတာအိုမှ နောင်မွန်းမြို့သို့ မော်တော်ယာဉ်ဖြင့် သွားနိုင်ပြီး နောင်မွန်းမြို့မှ ခေါင်လန်ဖူးမြို့သို့ ခြေကျင်ခရီးဖြင့် ရှစ်ရက်ခန့် သွားရပါကြောင်း၊ ပူတာအိုခရိုင် စာရင်းစစ်ရုံးမှ ဝန်ထမ်းများ ခေါင်လန်ဖူးမြို့သို့ သွားရောက်စစ်ဆေးရန်အတွက် ကျန်းမာရေးကောင်းမွန်သည့် အမျိုးသားဝန်ထမ်းများ လိုအပ်ပါကြောင်း၊ ပူတာအို ခရိုင် စာရင်းစစ်ရုံးတွင် ခန့်ထားပြီး စစ်ဆေးရေး ဝန်ထမ်း ၁၆ ဦး ရှိပါကြောင်း၊ ထိုစစ်ဆေးရေးဝန်ထမ်း ၁၆ ဦးတွင် လက်ထောက်ညွှန်ကြားရေးမှူး တစ်ဦး၊ စာရင်းစစ်(၁) လေးဦးနှင့် စာရင်းစစ်(၃) ခြောက်ဦးတို့ဖြစ်ပြီး စာရင်းစစ်(၃) ငါးဦးသာ အမျိုးသားဝန်ထမ်းများ ဖြစ်ပါကြောင်း။

စစ်ဆေးရေးအဖွဲ့တစ်ဖွဲ့၏ ဖွဲ့စည်းမှုပုံစံမှာ အဖွဲ့ခေါင်းဆောင်အဖြစ် စာရင်းစစ် (၁)နှင့် အဖွဲ့ဝင်အဖြစ် စာရင်းစစ်(၃) နှစ်ဦး ပါဝင်ရပါကြောင်း၊ ယခုအခြေအနေတွင် ပူတာအိုခရိုင် စာရင်းစစ်ရုံး၌ တာဝန်ပေးအပ်ရမည့် စာရင်းစစ်(၁) ဝန်ထမ်းများတွင် အမျိုးသားဝန်ထမ်း မရှိသေးပါကြောင်း၊ ထို့ကြောင့် အမျိုးသမီးဝန်ထမ်းအများစုဖြင့် ဖွဲ့စည်းထားသောရုံးဖြစ်၍ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမှု၊ ရာသီဥတုအခြေအနေနှင့် အမျိုးသား၊ အမျိုးသမီး ဝန်ထမ်းဖွဲ့စည်းမှုအပေါ် မူတည်၍ နှစ်နှစ် တစ်ကြိမ် သို့မဟုတ် ရံဖန်ရံခါသာ စေလွှတ်ပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဦးမျိုးနိုင်နှင့် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်တို့က ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

**လွှတ်တော်က အတည်ပြုကြောင်းကြေညာ**

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၂၆၃ မဲ၊ ကန့်ကွက်မဲ ၁၃၂ မဲနှင့် ကြားနေမဲ ၂ မဲဖြင့်၍ ထောက်ခံမဲများသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုထားသည့် အချက်(၇)ချက်အား ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါအချက်(၇)ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်၏သဘောထား ရယူသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက် (၉)ချက်ကို ဥပဒေကြမ်းကော်မတီက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက်(၉)ချက်အား လွှတ်တော်၏ သဘောထားရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့ကို မတ် ၂၂ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ၌ ပါဝင်ကူညီမည့် အကယ်ဒမီအကူမောင်မယ်များ၏ အနုပညာစကားသံများ

**ရန်ကုန် မတ် ၂၁**

၂၀၁၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးအပ်မည့် မတ် ၂၃ ရက်နေ့မှာ တစ်ရက်ပြီးတစ်ရက် နီးကပ်လာလျက်ရှိသည်။ အကယ်ဒမီဆုပေးပွဲရက် နီးကပ်လာသည်နှင့်အမျှ ဆုပေးပွဲ အခမ်းအနားနှင့်ပတ်သက်၍ ရုပ်ရှင်ချစ်ပရိသတ်တို့၏ သိလိုစိတ်က တစ်စထက်တစ်စ မြင့်တက်လာလျက်ရှိသည်။

ထို့ကြောင့်ပင် အကယ်ဒမီရုပ်ရှင် ထူးချွန်ဆုချီးမြှင့်မည့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာအီးဗင့်ပတ်သို့ သွားရောက်၍ ဆုပေးပွဲအခမ်းအနားတွင် အကယ်ဒမီ အကူမောင်မယ်များအဖြစ် ပါဝင်ဆောင်ရွက်ကြမည့်သူများ အနက်မှ အချို့ကို မြန်မာ့အလင်းက သွားရောက်မေးမြန်းခဲ့သည်။

အကယ်ဒမီမောင်မယ်လေးများကို အခမ်းအနားပွဲအစီအစဉ်နှင့် အံဝင်ခွင်ကျဖြစ်အောင် လေ့ကျင့်ပေးနေသည့် ရုပ်ရှင်ဒါရိုက်တာအိအိခိုင်က "ရုပ်ရှင်အစည်းအရုံးကနေ မင်းသားမင်းသမီးတွေရဲ့ သားတွေသမီးတွေနဲ့ပဲ လုပ်ချင်တယ်ဆိုတော့ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ကြတာပေါ့၊ နည်းနည်းတော့ မျှအောင် ရွေးတာပေါ့၊ ကိုအရိုင်းတို့ သဥ္ဇာဝင်းပြည့်တို့လို ဇာတ်ပို့ဇာတ်ရံ သားသမီးတွေလည်း ပါအောင်၊ တကယ် အလုပ်လုပ်နေတဲ့ မင်းသား အားသစ်တို့ အိစိကွေး၊ မင်းမော်ကွန်း သမီးလေးတို့၊ ခိုင်သင်းကြည် သမီးလေးတို့လို ကလေးတွေ မျှပြီး ရွေးလိုက်တာပေါ့၊ ကလေးတွေကတော့ ရှိပါတယ်၊ အများကြီးပဲလေ" ဟု အကယ်ဒမီအကူမောင်မယ်များ ရွေးချယ်ဖြစ်ခဲ့ပုံအကြောင်းကို ရှင်းပြသည်။

ဆက်လက်၍ အကယ်ဒမီ အကူမောင်မယ်များအဖြစ် ရွေးချယ်ခံထားရသူများက ပြောကြားသည်မှာ-

**မပန်းနုပျိုမေ**

သမီးက သရုပ်ဆောင်ပိုင်းလည်း ဝါသနာပါတယ်၊ အကလည်းဝါသနာပါတယ်၊ သီချင်းဆိုတာတော့ အဲဒီလောက်ကြီး ဝါသနာမပါဘူး၊ သမီးတို့တွေကနေ ဒီနှစ် ဆုယူတဲ့သူတွေရော လူကြီးတွေအတွက်ရော အကုန်လုံးကို ကူညီပေးသွားမှာပါ။

**စံထိပ်ထားဦး**

သမီးက အခု အနုပညာအလုပ်တွေ လုပ်နေပါတယ်၊ ကြော်ငြာတွေရိုက်နေပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း အနုပညာအလုပ်တွေ လုပ်သွားဦးမှာပါ၊ ကိုယ့်ကို



စံထိပ်ထားဦး



ပန်းနုပျိုမေ



လေပြေသွေး




စန္ဒြာရွှေရည်



အားသစ်



အိစိကွေး

လာကမ်းလှမ်းလို့ရှိရင် သင့်တော်တာတွေ့ရင် လုပ်ဖြစ်မှာပါ၊ သမီးအနေနဲ့က သရုပ်ဆောင်ကို ဝါသနာပါတယ်ဆိုပေမယ့် အဆိုပိုင်းကိုတော့ ပိုဝါသနာပါပါတယ်။

**မလေပြေသွေး**

သမီးမေမေကို တစ်ရက်မှာ ဦးရန်လေးက ဖုန်းဆက်လာတယ်၊ သမီးကို အကယ်ဒမီ အကူမောင်မယ်အဖြစ် ခေါ်မယ်ပေါ့နော်၊ အဲဒါနဲ့ လက်ခံဖြစ်သွားတာပါ၊ အနုပညာကတော့ ဝါသနာပါပါတယ်၊ ဒါပေမယ့် ရှေ့ဆက်ပြီးတော့ ဘာဆက်ဖြစ်ဦးမလဲ မသိဘူး၊ အနုပညာကို လုပ်ဖြစ်ရင်တော့ မင်းသမီးတို့ ဘာတို့ လုပ်ချင်ပါတယ်၊ ဒီအနုပညာလမ်းကြောင်း မလျှောက်ဖြစ်ခဲ့ရင်တော့ သမီးက ပရဟိတဘက်တွေ ဘာတွေ စိတ်ဝင်စားပါတယ်၊ အခုလိုပါ ဝင်ခွင့်ရပြီး ကူညီရတဲ့အတွက်လည်း ဂုဏ်ယူရပါတယ်။

**မစန္ဒြာရွှေရည်**

အကယ်ဒမီ အကူမောင်မယ်အဖြစ် ရွေးခံရတာက လူကြီးတွေ ဖုန်းဆက်တော့မှ သိရတာပါ၊ သမီးက ဆယ်တန်းတက်မှာဆိုတော့ ဆယ်တန်းပြီးမှပဲ အနုပညာအလုပ်ကို ပြန်လုပ်ဖို့ စဉ်းစားထားတယ်၊ အရင်ကတော့ ဆယ်လီဆိုတဲ့ ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ဖူးပါတယ်၊ သမီးအနေနဲ့က သရုပ်ဆောင်တဲ့အပိုင်းကို ပိုပြီးစိတ်ဝင်စားပါတယ်။

**အားသစ်**

ဘုတ်အဖွဲ့က အန်တီမေသန်းနုတို့က ကျွန်တော့်ကို ရွေးတယ်ဆိုပြီး ဖုန်းဆက်လို့ ပါဖြစ်သွားတာပါ၊ အကယ်ဒမီဆိုတာက တစ်နှစ်ထဲမှာ အကောင်းဆုံး သရုပ်ဆောင်ကို ပေးတဲ့ ချီးမြှင့်တဲ့ဆုဆိုတော့ အဲဒီဆုကို ပေးတဲ့ အကူမောင်မယ်အနေနဲ့ ပါဝင်ခွင့်ရလို့ ဂုဏ်ယူပါတယ်။

**အိစိကွေး**

ကျွန်တော်က ပုဂံမြို့သူဆိုတဲ့ ဇာတ်လမ်းတွဲ ရိုက်နေတုန်း ရုပ်ရှင်အစည်းအရုံးကနေ ဖုန်းဆက်တယ်၊ ကျွန်တော့်ကို အကူမောင်မယ်အဖြစ် ရွေးထားတယ်ပေါ့၊ အဲဒီလိုကြားရတော့ ဝမ်းသာပါတယ်၊ လုပ်နေကျဖြစ်တဲ့ သရုပ်ဆောင်အလုပ်ပဲ ဆက်လုပ်သွားမယ်၊ သီချင်းကိုလည်း ဆက်ဆိုသွားပါမယ်၊ ရုပ်ရှင်ရိုက်တာ တစ်ဖက် ကျောင်းတစ်ဖက်နဲ့ဆိုတော့ သီချင်းပါပါမယ်ဆိုရင် အလုပ်ပိုရှုပ်မှာလေ၊ အဲဒီတော့ အမေက သီချင်းဆိုတာ ခဏရပ်ထားဖို့ပြောတယ်။

**တွေ့ဆုံမေးမြန်း-ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းမည်

နေပြည်တော် မတ် ၂၁

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ၏ ဥက္ကဋ္ဌနေရာတွင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ရှီလာနန်တောင်(ခ) အမ်နန်တောင် ကွယ်လွန်သွားသောကြောင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်ကို လည်းကောင်း၊ အဖွဲ့ဝင်နေရာတွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးငွန်ပေး အစား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလုဦးတို့ကို အစားထိုး ပြင်ဆင်ဖွဲ့စည်းကြောင်း လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**အတည်ပြုချက်ရယူ**

ထို့နောက် ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို ၁၅ ဦးထက်မပိုသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းမည်ဖြစ်ပြီး ကော်မတီတွင် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မည့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို လွှတ်တော်တွင် တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့ရမည် ဖြစ်ပါကြောင်း။

ဖွဲ့စည်းခြင်းနှင့် တစ်ဆက်တည်း ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆နှင့် ၁၀၇ တို့အရ ကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

**စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး**

ဆက်လက်၍ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေး ကော်မတီဝင် ဦးမင်းဦးက ကော်မတီ၏ လုပ်ငန်းတာဝန်များအနေဖြင့် ကော်မတီသည် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ ကဏ္ဍများအလိုက် သုံးသပ်အကြံပြုရန်၊ ဆောက်လုပ်ရေးကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုကဏ္ဍအနေဖြင့် ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်တို့ ဖြစ်ပါကြောင်း။

လျှပ်စစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင် အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊ စွမ်းအင်ကဏ္ဍအနေဖြင့် ပြည်တွင်းစွမ်းအင် လိုအပ်ချက် ဖူလုံစေရေး ဦးစားပေးဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိထိရောက်စွာ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ ကော်မတီ၏ လုပ်ကိုင်ခွင့်အနေဖြင့် ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့်တာဝန်ရှိ ပုဂ္ဂိုလ်များကို လည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို လည်းကောင်း၊ ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါကြောင်း၊ ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ကော်မတီဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမည် ဖြစ်ပါကြောင်း။

**အစားထိုးတာဝန်ပေးရေး**

ရပိုင်ခွင့်အနေဖြင့် ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌ လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါကြောင်း၊ ကော်မတီ၏ သက်တမ်းအနေဖြင့် ကော်မတီ၏သက်တမ်းသည် တစ်နှစ်ဖြစ်ပါကြောင်း၊ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့် အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီအမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါကော်မတီတွင် အဖွဲ့ဝင် ၁၅ ဦး၊ ကော်မတီ၏ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်၊ အတွင်းရေးမှူးအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေနှင့် အဖွဲ့ဝင်များမှာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးနိုင်ကိုကို၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) ဦးငွန်ပေး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဦးဇော်ဟိန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမောင်မောင်ဆွေ၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ) မောင်တူး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မှ ဦးကျော်ကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၇)မှ ဦးရဲမြင့်စိုး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုးနှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်တို့ဖြစ်ကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

**လွှတ်တော်က အတည်ပြု**

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းကော်မတီ၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ယနေ့အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် လွိုင်လင်ခရိုင်သို့ ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း ကျောက်တန်း-ဖက်နမ်-ပင်လုံလမ်းပိုင်း ၂၉ မိုင် ၆ ဖာလုံလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် လမ်းအဖြစ် အတည်ပြုပေးနိုင်ပါရန်နှင့် ၎င်းလမ်းကို အဆင့်မြှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား မည်သည့်ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နှင့် လွိုင်လင်ခရိုင် ပင်လုံမြို့သို့ ဆက်သွယ်ထားသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကျောက်တန်းမှ ဖက်နမ်တံတားအထိ ၉ မိုင် ၆ ဖာလုံ၊ ဖက်နမ်တံတားမှ ပင်လုံမြို့အထိ မိုင် ၂၀ စုစုပေါင်း ၂၉ မိုင် ၆ ဖာလုံသည် လမ်းဦးစီးဌာနပိုင် ထမ်ဆန်း-ကျောက်တန်းလမ်း ၇ မိုင် ၄ ဖာလုံနှင့် တစ်ဆက်တည်းရှိသော လမ်းဖြစ်ပြီး မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း(AH2) ထမ်ဆန်းရွာနှင့် လွိုင်လင်-ပန်ကေတု-သီပေါလမ်း (AH111) ပင်လုံမြို့သို့ ဆက်သွယ်ထားသော လမ်းဖြစ်ပြီး လက်ရှိ လမ်းအမျိုးအစားသည် ၁၀ ပေ အကျယ် မြေသားလမ်းအမျိုးအစား ဖြစ်ပါကြောင်း။

**ရန်ပုံငွေ လျာထားဆောင်ရွက်မည်**

အဆိုပါလမ်းကို ဆောက်လုပ်ရေးဦးစီးဌာနပိုင် လမ်းအဖြစ် သိမ်းသွင်းပြီးဖြစ်သောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းအဖြစ် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် သတ်မှတ်ကြေညာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကျောက်တန်း-ဖက်နမ်- ပင်လုံလမ်းအပိုင်း ၂၉ မိုင် ၆ ဖာလုံ၏ Geometric Design၊ Pavement Design ပုံစံထုတ်ခြင်း၊ တံတား Design ပုံစံထုတ်ခြင်းနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများ တစ်ကြောင်းတိုးမြေသားလမ်း ပေ ၂၀ ရရှိရန် ဆောင်ရွက်ခြင်း လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ လျာထားဆောင်ရွက်မည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး လမ်းတံတားလုပ်ငန်းများအား အဆင့်မြှင့်တင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိန်းလွင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးသည်။

**အမည်စာရင်း တင်သွင်းနိုင်**

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီဝင် ဦးမျိုးဝင်းက ဖတ်ကြားတင်ပြပြီး အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီဝင် ဒေါက်တာကွယ်ကွယ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၁ ရက် မြောက်နေ့ကို မတ် ၂၂ တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

◆ **လျှပ်စစ်ကဏ္ဍအနေဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင် အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်**

❑ **စွမ်းအင်ကဏ္ဍအနေဖြင့် ပြည်တွင်း စွမ်းအင်လိုအပ်ချက် ဖူလုံစေရေး ဦးစားပေး ဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိထိရောက်စွာ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ရန်**

## Other Account မှ ငွေများကို သက်ဆိုင်ရာ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများက ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိ

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account ဟု ခေါ်သည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) သည်ဘတ်ဂျက်တွင် ပါဝင်ပါသည်။ ၎င်းသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါ သည်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပရှိ စာရင်းတစ်ခုမဟုတ်ပါ။ ထို့ပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ Other Account မှငွေများကို သက်ဆိုင်ရာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့သဘောဖြင့် သုံးစွဲခွင့်မရှိပါ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု ဖြင့်သာသုံးစွဲခွင့်ရှိပါသည်။ သုံးစွဲမှုကိုလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူရပါသည်။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၁**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**မိုး/၉လ**

# ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်

## တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် တောင်ကြီးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**တောင်ကြီး မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာ မီးပုံးပျံကွင်းတွင် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူလေးများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ဖျော်ဖြေသည်။

**ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ပွဲတော်သည် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ပြသရန်နှင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် စီစဉ်ကျင်းပခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတစ်ဝန်း တိုင်းရင်းသားလူမျိုးစုများအလိုက် စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အသီးသီးရှိနေကြသော်လည်း တချို့မှာ တိမ်မြုပ်ပျောက်ကွယ်နေ၍ ပျောက်ပျက်မသွားအောင် ဖော်ထုတ်ပြီး အားပေးမြှင့်တင်ရန် လိုအပ်နေသည်များလည်း ရှိပါကြောင်း၊ တချို့ တိုင်းရင်းသားလူမျိုးစုများမှာ ဘာသာစကားတည်ရှိသော်လည်း စာပေ ပေါ်ပေါက်လာရန်၊ ကူညီပံ့ပိုးပေးရန် လိုအပ်နေသည်များလည်း ရှိပါကြောင်း။

**စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်ခုဖြစ်**

မိမိတို့နိုင်ငံသည် မတူကွဲပြားသည့် ဘာသာစကားအသီးသီး ရှိကြသော တိုင်းရင်းသားလူမျိုးများစွာ အတူတကွ စုပေါင်းနေထိုင်ကြသည့် နိုင်ငံတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ နိုင်ငံအနေဖြင့် အသီးသီးသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူပါကြောင်း၊ ယင်းနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်တွင် ဖော်ပြထားတာ ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်၏ အခြေခံမူများ အခန်း၊ ပုဒ်မ (၂၂) တွင် (က) နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

**လိုက်လျောညီညွတ်**

ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်သည် ထိုအချက်(၃)ချက်နှင့် အင်မတန် လိုက်လျောညီညွတ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ပြောကြားသည်။

**ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူမီးပုံးပျံ**

ယင်းနောက် တိုင်းရင်းသားလူမျိုးစု စာပေ၊ စာတမ်းဖတ်ပွဲ စာတမ်းရှင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသုံးအဆောင်ပစ္စည်းများနှင့် ရိုးရာဝတ်စား ဆင်ယင်မှုပြခန်းအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အစားအသောက်များကို ရောင်းချသည့်အဖွဲ့များမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူမီးပုံးပျံများ လွှတ်တင်ကြကာ ပွဲတော်တက်ရောက်လာသည့် အကြီးအကဲများနှင့် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တိုင်းရင်းသားစည်းလုံးညီညွတ်မှု**

ပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသား လူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မတ် ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။






ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်တို့ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်**

ပွဲတော်ကာလအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေစာတမ်း ၁၄ စောင်နှင့် တိုင်းရင်းသားလူမျိုးစုသမိုင်း၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်း စာတမ်း ၂၆ စောင် ဖတ်ကြားခြင်းကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုပြခန်း ၂၃ ခန်း၊ ဌာနဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ်အရောင်းဆိုင် ၅၀၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများအပြင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင်တေးဂီတ ဖျော်ဖြေမှုများကို တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာ မီးပုံးပျံကွင်း၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**






# တောင်ကြီးမြို့၌ ကျင်းပလျက်ရှိသည့် တိုင်းရင်းသား လူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် မြင်ကွင်းပုံရိပ်များ



တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-ပြည်နယ်(ပြန်/ဆက်)



ပွဲတော်လာပြည်သူများအား တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ဖျော်ဖြေတင်ဆက်စဉ်။



တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ စာတမ်းဖတ်ပွဲကျင်းပစဉ်။



ရှမ်းအိုးစည် ရိုးရာယဉ်ကျေးမှုအကဖြင့် တီးခတ်ဖျော်ဖြေစဉ်။



တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲသို့ လာရောက်အားပေးကြသည့် တိုင်းရင်းသားပြည်သူများအား တွေ့ရစဉ်။



ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးသင်္ကေတ ချိုးဖြူမီးပုံးပျံ လွှတ်တင်နေစဉ်။



တိုင်းရင်းသားမျိုးနွယ်စုများ၏ စာတမ်းဖတ်ပွဲသို့ တက်ရောက်သူများ ဂုဏ်ပြုလက်မှတ်ရေးထိုးစဉ်။



တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်တွင် တိုင်းရင်းသားမျိုးနွယ်စုများ ကပြဖျော်ဖြေစဉ်။

# စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၂၃။ နိုင်ငံတော်အတွင်းချုပ်ဆိုသည့် သေတမ်းစာမှတစ်ပါး အခြားစာချုပ်စာတမ်းကို သော်လည်းကောင်း၊ တရားရုံး၏ဒီကရီ သို့မဟုတ် အမိန့်ကို သော်လည်းကောင်း ပုဒ်မ ၂၁ အရ သတ်မှတ်သည့်ကာလအတွင်း အကြောင်းတစ်စုံတစ်ရာကြောင့် မှတ်ပုံတင်နိုင်ခြင်းမရှိဘဲ သတ်မှတ်ကာလကျော်လွန်ပြီးမှ မှတ်ပုံတင်ရန် တင်ပြသည့်ကိစ္စရပ်တွင်-

(က) မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ရန် သတ်မှတ်ကာလထက် ကျော်လွန်သည့်ကာလသည် ရက်ပေါင်း ၁၂၀ ထက် မပိုလျှင် သတ်မှတ်ဒဏ်ကြေးငွေကို ပေးဆောင်စေပြီး မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

၂၄။ နိုင်ငံတော်ပြင်ပတွင်ချုပ်ဆိုသော စာချုပ်စာတမ်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လိုသူသည် -

(က) နိုင်ငံတော်အတွင်းသို့ ရောက်ရှိသည့်နေ့ရက်မှ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြသော စာချုပ်စာတမ်းကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်လိုသူက ပုဒ်မခွဲ (က) ပါ သတ်မှတ်ရက်ထက်ကျော်လွန်၍ မှတ်ပုံတင်ရန် တင်ပြလာခြင်းဖြစ်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများကို ပစ္စည်းတည်ရှိရာ အရပ်ဒေသရှိ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ရမည်။ အခြားစာချုပ်စာတမ်းများကို မည်သည့်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၆။ တရားရုံး ဒီကရီ သို့မဟုတ် အမိန့် တာဝန်ခံမိတ္တူကို အောက်ဖော်ပြပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်-

(က) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် သက်ဆိုင်ပါက မူလစီရင်ချက်ချမှတ်သည့် တရားရုံး တည်ရှိရာ ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့် သက်ဆိုင်ခြင်းမရှိပါက မည်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်မဆို မှတ်ပုံတင်ခွင့်ရှိသည်။

၂၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိများသည် မိမိလက်အောက်ရှိ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ပေးသည့် မည်သည့်စာချုပ်စာတမ်းများကိုမဆို စစ်ဆေးရန်လိုအပ်ပါက စုံစမ်းစစ်ဆေးရေးမှူးအား တာဝန်ပေးအပ်၍ စစ်ဆေးစေနိုင်ခွင့် သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခွင့်ရှိသည်။

၂၈။ စုံစမ်းစစ်ဆေးရေးမှူးသည် ပုဒ်မ ၂၇ အရ တာဝန်ပေးအပ်လာပါက ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကို သော်လည်းကောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဝန်ထမ်းကို သော်လည်းကောင်း မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူ မည်သူ့ကိုမဆို ဆင့်ဆို၍ စစ်ဆေးနိုင်ခွင့်ရှိသည်။

၂၉။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို သာမန်အားဖြင့် ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ဆောင်ရွက်ရ မည်ဖြစ်ပြီး အထူးကိစ္စအနေဖြင့် မှတ်ပုံတင်လိုသည့် ပုဂ္ဂိုလ်နေထိုင်ရာအိမ်သို့ သွားရောက်၍ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့် သေတမ်းစာအပ်နှံခြင်းတို့ကို လက်ခံဆောင်ရွက်ခွင့်ရှိသည်။

## အခန်း(၆)
## စာချုပ်စာတမ်းများကို မှတ်ပုံတင်ခွင့်ရှိသူများ

၃၀။ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၈၁ ပါအချက်မှတစ်ပါး ပုဒ်မ ၁၀ သို့မဟုတ် ပုဒ်မ ၁၁ ပါ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ အောက်ပါပုဂ္ဂိုလ်တို့က စာချုပ်စာတမ်းများ မှတ်ပုံတင်ခွင့်ရှိသည်-

(က) စာချုပ်ချုပ်ဆိုကြသည့် ပုဂ္ဂိုလ်များ၊ တရားရုံး ဒီကရီ သို့မဟုတ် အမိန့်ဖြစ်လျှင် ယင်း ဒီကရီ သို့မဟုတ် အမိန့်အရ အကျိုးခံစားခွင့်ရှိသည့် ပုဂ္ဂိုလ်များ၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဇ) ပါ ပုဂ္ဂိုလ်များ၊

(ဂ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များက ကိုယ်စားလှယ်အဖြစ် တရားဝင်ဆောင်ရွက်ပေးရန် လက်မှတ်ရေးထိုး လွှဲအပ်ထားသည့် အောက်ပါကိုယ်စားလှယ်လွှဲစာရရှိထားသူများ -

(၁) ကိုယ်စားလှယ်လွှဲအပ်သူသည် မြန်မာနိုင်ငံအတွင်း နေထိုင်ပါက လွှဲအပ်သည့် အချိန်တွင် နေထိုင်သည့် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ကိုယ်စားလှယ်လွှဲအပ်ကြောင်း လက်မှတ်ရေးထိုး၍ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ ရရှိထားသူ၊

(၂) ကိုယ်စားလှယ်လွှဲသူသည် မြန်မာနိုင်ငံပြင်ပတွင်နေထိုင်၍ ကိုယ်စားလှယ်လွှဲစာကို ပြည်ပ၌ပြုလုပ်ခဲ့ပြီး လာရောက်မှတ်ပုံတင်ခြင်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် ခန့်အပ်တာဝန်ပေးအပ်ထားသည့် အရာရှိတစ်ဦးဦး၏ ထပ်ဆင့်ထောက်ခံချက် သို့မဟုတ် ယင်းအရာရှိ၏ရှေ့တွင် ပြုလုပ်ထားသည့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ။

၃၁။ (က) စာချုပ်စာတမ်းချုပ်ဆိုသူတို့သည် အားလုံးတစ်ပြိုင်တည်းဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

(ခ) ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ တင်ပြလာသော စာချုပ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို စိစစ်ရမည်-

(၁) စာချုပ်စာတမ်းချုပ်ဆိုသူများသည် စာချုပ်စာတမ်းကို နှစ်ဦးနှစ်ဖက်သဘောတူ ချုပ်ဆိုခြင်း ဟုတ် မဟုတ်၊

(၂) စာချုပ်စာတမ်းချုပ်ဆိုသူများသည် ကိုယ်တိုင်လာရောက် မှတ်ပုံတင်ခြင်း ဟုတ် မဟုတ်၊

(၃) စာချုပ်စာတမ်းမှတ်ပုံတင်သူသည် စာချုပ်စာတမ်းချုပ်ဆိုသူများ၏ ကိုယ်စားပြုသူ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများ ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အချက်များသည် တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်နှင့် မသက်ဆိုင်စေရ။

၃၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များနှင့် ညီညွတ်ပါက စာချုပ်စာတမ်းကို လက်ခံ၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်-

(က) စာချုပ်စာတမ်း မှတ်ပုံတင်သူတို့ကို ကိုယ်တိုင်သိရှိခြင်း သို့မဟုတ် စာချုပ်စာတမ်း ချုပ်ဆိုသူများမှာ အမှန်ဖြစ်ကြောင်း အခြားတစ်နည်းနည်းဖြင့် သိရှိခြင်း၊

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သူ သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်သူ၏ ကိုယ်စားပြုသူများ သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခံရသူများက စာချုပ်စာတမ်းကိုချုပ်ဆိုကြောင်း ဝန်ခံခြင်း၊

(ဂ) စာချုပ်စာတမ်းချုပ်ဆိုသူ ကွယ်လွန်၍ ယင်းစာချုပ်စာတမ်းကို တရားရုံး၏ ဒီကရီ သို့မဟုတ် အမိန့်အရ မှတ်ပုံတင်သွင်းလာခြင်း၊

(ဃ) မည်သည့်စာချုပ်စာတမ်းကိုမဆို မှတ်ပုံတင်သည့်အခါ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တို့အရ သတ်မှတ်ထားသည့် အခွန်တံဆိပ်ခေါင်းကို လုံလောက်စွာ ကပ်ထားပြီးဖြစ်ခြင်း၊

(င) မိမိရှေ့သို့ ရောက်ရှိလာသူတို့သည် စာချုပ်စာတမ်းနှင့် သက်ဆိုင်သူများ မှန်ကန်ခြင်း။

၃၃။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် -

(က) မှတ်ပုံတင်သွင်းသောစာချုပ်တွင် ရေးသားဖော်ပြချက်များမှာ ချုပ်ဆိုသူတို့က မှန်ကန်စွာ ရေးသားချုပ်ဆိုကြောင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးမေးမြန်းရမည်။

(ခ) စာချုပ်စာတမ်းမှတ်ပုံတင်သွင်းသူတို့က စာချုပ်ချုပ်ဆိုကြောင်းဝန်ခံခြင်း ရှိ မရှိ ကိုသာ စစ်ဆေးမေးမြန်းရမည်ဖြစ်ပြီး မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းအရ လွှဲပြောင်းသော ပစ္စည်း၏ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်းမပြုရ။

၃၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အောက်ပါအချက်များကို စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်ရန်ငြင်းပယ်ရမည်-

(က) စာချုပ်စာတမ်းချုပ်ဆိုသူတို့အနက် တစ်ဦးဦးက ယင်းစာချုပ်စာတမ်းကို ချုပ်ဆိုခြင်း မဟုတ်ကြောင်း ငြင်းဆိုခြင်း သို့မဟုတ် ဝန်မခံခြင်း၊

(ခ) စာချုပ်ချုပ်ဆိုသူသည် အရွယ်မရောက်သေးသူ သို့မဟုတ် ရူးသွပ်သူ သို့မဟုတ် သတိပုံမှန်မရှိသူဟု ထင်မြင်ယူဆခြင်း၊

(ဂ) မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်စာတမ်းများတွင် ပစ္စည်းစာရင်း အထောက်အထားများကို တိကျရှင်းလင်းစွာ ဖော်ပြမထားခြင်း၊

(ဃ) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း တစ်စုံတစ်ရာတွင် ပုဒ်မ ၂၀ ပါသက်သေခံမြေပုံနှင့် မြေရာဇဝင် ပူးတွဲပါဝင်ခြင်း မရှိသော စာချုပ်များကို မှတ်ပုံတင်သွင်းလာခြင်း။

## အခန်း (၇)
## စာချုပ်စာတမ်းချုပ်ဆိုသူတို့နှင့်သက်သေတို့ကို ကင်းလွတ်ခွင့်ပြုခြင်း

၃၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းလာသည့် စာချုပ်စာတမ်းနှင့်သက်ဆိုင်သူများ သို့မဟုတ် ကိုယ်စားလှယ်များကို စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းရေးအတွက် ရုံးသို့ လာရောက်စေရန် ဆင့်ဆိုနိုင်သည်။

၃၆။ (က) အောက်ပါပုဂ္ဂိုလ်များသည် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသည်-

(၁) စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ကျန်းမာရေး ချို့တဲ့နေသူများ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများ၊

(၂) အကျဉ်းချထားခြင်း ခံနေရသူများ၊

(၃) တရားရုံးတော်သို့ လာရောက်ခြင်းမှ တည်ဆဲဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသည့်ပုဂ္ဂိုလ်များ။

(ခ) ပုဒ်မခွဲ (က) ပါ ပုဂ္ဂိုလ်များက စာချုပ်စာတမ်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါက အဆိုပါပုဂ္ဂိုလ်များနေထိုင်ရာ နေအိမ်သို့ဖြစ်စေ၊ ဆေးရုံသို့ဖြစ်စေ၊ အကျဉ်းထောင်သို့ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိကိုယ်တိုင် သွားရောက်ဆောင်ရွက်နိုင်ခြင်း သို့မဟုတ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးမှ ဝန်ထမ်းတစ်ဦးဦးကို ကော်မရှင်ခန့်စာ ထုတ်ဆင့်၍ ကိုယ်စားသွားရောက်ဆောင်ရွက်စေခြင်းပြုနိုင်သည်။

## အခန်း(၈)
## သေတမ်းစာများအပ်နှံခြင်း

၃၇။ သေတမ်းစာများကို မည်သည့်အချိန်ကာလတွင်မဆို အပ်နှံခွင့် သို့မဟုတ် မှတ်ပုံတင်သွင်းခွင့်ရှိသည်။

၃၈။ သေတမ်းစာရေးသားသူသည် သေတမ်းစာကို စာအိတ်တွင်ထည့်သွင်း ချိပ်ပိတ်၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံတွင် အပ်နှံ နိုင်သည်။

၃၉။ ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာထည့်သွင်းချိပ်ပိတ်သည့် စာအိတ်တွင် အောက်ပါတို့ကို ရေးသားဖော်ပြရမည်-

(က) သေတမ်းစာရေးသားသူ၏ အမည် သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊

(ခ) သေတမ်းစာအမျိုးအစား၊

(ဂ) သေတမ်းစာ မှတ်ပုံတင်ရန် တင်ပြသည့် ရက်စွဲ၊

(ဃ) သေတမ်းစာပါ သက်သေတို့၏အမည်များ။

၄၀။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၃၈ အရ အပ်နှံသော သေတမ်းစာကိုစိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိရပါက အောက်ပါအချက်များကို မှတ်ပုံတင်စာအုပ်အမှတ် ၅ တွင် မှတ်တမ်းတင်ထားရှိပြီး ယင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာ၌ သိမ်းဆည်းထားရမည်-

(က) သေတမ်းစာအပ်နှံသည့် ခုနှစ်၊ လ၊ ရက်၊ နေ့နှင့် အချိန်၊

(ခ) သေတမ်းစာရေးသားသူ သို့မဟုတ် ကိုယ်စားလှယ်တို့၏ အမည်၊

(ဂ) သေတမ်းစာပါသက်သေတို့၏ အမည်များ၊

(ဃ) ချိပ်ပိတ်ထားသော သေတမ်းစာအိတ်ပါဖော်ပြချက်များ။

၄၁။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် အပ်နှံထားသည့် သေတမ်းစာများကို ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားချက် လက်ခံရရှိလျှင် လျှောက်ထားသူကို မိမိထံအပ်နှံသည့် သေတမ်းစာရေးသားသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခံရသူ ဟုတ် မဟုတ် စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက သေတမ်းစာကို ပြန်လည်ထုတ်ပေးရမည်။

၄၂။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၃၈ အရ အပ်နှံထားသော သေတမ်းစာကို ရေးသားသူကွယ်လွန်သဖြင့် ချိပ်ပိတ်သေတမ်းစာကိုဖွင့်ပေးရန် လျှောက်ထားလျှင် သေတမ်းစာရေးသားသူ အမှန်တကယ် ကွယ်လွန်ခြင်းရှိ မရှိ စိစစ်ပြီး မှန်ကန်ကြောင်းတွေ့ရှိပါက လျှောက်ထားသူ၏ ကုန်ကျစရိတ်ဖြင့် သေတမ်းစာပါချိပ်ကို လျှောက်ထားသူ၏ ရှေ့မှောက်တွင်ဖွင့်၍ သေတမ်းစာပါ အကြောင်းအရာများကို မှတ်ပုံတင်စာအုပ်အမှတ် ၃ တွင် ရေးကူးမှတ်တမ်းတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်စာအုပ်၌ ရေးကူးပြီးလျှင် မူရင်းသေတမ်းစာကို စာချုပ်စာတမ်းမှတ်ပုံတင်ရုံးရှိ ဦးစီးဌာနမှထုတ်ပေးသော လုံခြုံမှုအာမခံသေတ္တာတွင် ပြန်လည်သိမ်းဆည်းထားရမည်။

(ဂ) သေတမ်းစာများကို တရားရုံးက တင်ပြရန်အကြောင်းကြားလျှင် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသို့တင်ပြချိန်တွင် သေတမ်းစာ၏ချိပ်ကို မဖွင့်ရသေးလျှင် ပုဒ်မခွဲ (က) ပါအတိုင်း ဆောင်ရွက်၍ တရားရုံးသို့တင်ပြပြီးကြောင်း လက်ခံမှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ထားရမည်။

## အခန်း(၉)
## သေတမ်းစာနှင့် ကိတ္တိမသားသမီးမွေးစားခြင်း စာချုပ်မှတ်ပုံတင်ခြင်း

၄၃။ သေတမ်းစာကို မှတ်ပုံတင်ရေးအတွက် သေတမ်းစာရေးသားသူက သော်လည်းကောင်း၊ သေတမ်းစာ ရေးသားသူကွယ်လွန်ပြီးဖြစ်လျှင် ယင်းသေတမ်းစာအရ အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာအရ တစ်နည်းနည်းဖြင့် သက်ဆိုင်သူက သော်လည်းကောင်း မှတ်ပုံတင်ရန် ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည်။

၄၄။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါ စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၃ နှင့်အညီ မှတ်ပုံတင်ရန်တင်ပြသော သေတမ်းစာကို အခြားစာချုပ်စာတမ်းများနည်းတူ မှတ်ပုံတင်ခွင့်ပြုရမည်။

၄၅။ ပုဒ်မ ၇ သို့မဟုတ် ပုဒ်မ ၈ ပါစာချုပ်စာတမ်းမှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်သွင်းသော သေတမ်းစာများကို အောက်ပါအချက်များနှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည် -

(က) သေတမ်းစာရေးသားသူကိုယ်တိုင် အမှန်တကယ်ရေးသား၍ တင်သွင်းလာခြင်း၊

(ခ) သေတမ်းစာရေးသားသူမှာ ကွယ်လွန်ပြီးဖြစ်ပါက အမွေထိန်းဖြစ်သူ သို့မဟုတ် သေတမ်းစာ ရေးသားသူနှင့် တစ်နည်းနည်းဖြင့် သက်ဆိုင်သူက အထောက်အထားခိုင်လုံစွာတင်ပြ၍ တင်သွင်းလာခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# အပြန်အလှန်အလေးအနက်မထားခြင်း၊ နားလည်ယုံကြည်မှု တည်ဆောက်နိုင်မှုမရှိခြင်းများကြောင့် JMC-S အချို့တွင် မလိုလားအပ်သည့် ဖြစ်စဉ်များဖြစ်ပေါ်ဟု JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြောကြား

ရန်ကုန် မတ် ၂၁

**ပြည်နယ်နှင့် တိုင်းအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များတွင် ဆွေးနွေးချက်များကို အပြန်အလှန် အလေးအနက်မထားခြင်း၊ နားလည်မှု၊ ယုံကြည်မှုတည်ဆောက်နိုင်ခြင်းမရှိမှုများကြောင့် မလိုလားအပ်သည့် ဖြစ်စဉ်များဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် မှီခိုနိုင်အောင် လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ လိုအပ်သည့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယုံကြည်မှုတည်ဆောက်သည်ဆိုသော စကားလုံးအတိုင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်မှီခိုမှုရှိနေရန် လိုအပ်ပါကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားသည်။**



**ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။**

ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးတွင် ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ(JMC-U) ၏ (၁၅) ကြိမ်မြောက်အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထိုသို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။

### ယုံကြည်မှု တည်ဆောက်ပြီးသားဖြစ်

"တချို့ JMC-S များအတွင်းမှာ ဆွေးနွေးချက်တွေကို အပြန်အလှန်အလေးအနက်မထားတာတွေ၊ နားလည်မှု ယုံကြည်မှု မတည်ဆောက်နိုင်တာတွေကြောင့် မလိုလားအပ်တဲ့ ဖြစ်စဉ်တွေဖြစ်နေတာ တွေ့ရပါတယ်၊ လက်ရှိအနေအထားမှာ ယုံကြည်မှု တည်ဆောက်နေတယ်ဆိုတဲ့ စကားလုံးကိုပဲ သုံးနှုန်းပြောဆိုနေတာကို တွေ့ရပါတယ်၊ ဒါကြောင့် ယုံကြည်မှုတည်ဆောက်နေတယ်ဆိုတဲ့ စကားလုံးကို ပြန်ကြည့်တဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မှီခိုမှုရှိနေဖို့ လိုအပ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်မှီခိုနိုင်အောင်လည်း လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ၊ လိုအပ်တဲ့ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတွေကို နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်မှီခိုနေမယ်ဆိုရင် ယုံကြည်မှု တည်ဆောက်ပြီးသား ဖြစ်တယ်လို့ ယုံကြည်ပါတယ်"ဟု ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်နှုတ်ခွန်းဆက်စကားတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် (၁၄) ကြိမ်မြောက်နှင့် ( ၁၅) ကြိမ်မြောက် ကြားကာလတွင် ဆောင်ရွက်ခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ ဒေသအဆင့် (JMC-L) များ တိုးချဲ့ဖွင့်လှစ်နိုင်မှုများ၊ ဒေသခံအရပ်သား စောင့်ကြည့်သူ (LCM) များ ဖွဲ့စည်းသွားနိုင်ရေး ၊ JMC Conference ကျင်းပမည့် နေ့ရက် သတ်မှတ်ပေးနိုင်ရေးများကို ညှိနှိုင်းအတည်ပြု ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

### လေးလတစ်ကြိမ် ဆောင်ရွက်ဖို့ သဘောတူညီ

ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "JMC ရဲ့အဓိကတာဝန်ဟာ စောင့်ကြည့်ခြင်း၊ အငြင်းပွားမှုနဲ့ ပဋိပက္ခဖြေရှင်းခြင်း၊ စိစစ်အတည်ပြုခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ဟာ စောင့်ကြည့်ခြင်းလုပ်ငန်းကို အဓိက လုပ်ဆောင်တယ်လို့ ပြောလို့ရပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ JMC-L (ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ) တွေကို ဖွဲ့စည်းဖို့ လိုပါတယ်၊ ဒ့ါအပြင် ဒေသအလိုက် အရပ်သားစောင့်ကြည့်မယ့် (LCM) တွေကိုလည်း ထားရှိဆောင်ရွက်ဖို့လိုပါတယ်၊ အဲဒီလို ပီပီပြင်ပြင် လုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့အတွက် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်ပေးတာတွေ၊ လိုအပ်တဲ့ သင်တန်းဆောင်ရွက်ပေးတာတွေ လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်၊ JMC ဟာ လုပ်ငန်းအားလုံးကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်တာ ဖြစ်ပါတယ်၊ JMC-S မှာလည်း နှစ်ဖက်တပ်မှူးတွေ ပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ဆောင်သွား ဖို့ လိုအပ်ပါတယ်၊ NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအလိုက် JMC အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ပြီး အောက်ခြေအဆင့်ထိ သိရှိအောင် ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်၊ JMC အဆင့်ဆင့်မှာ ပါဝင်နေတဲ့ အရပ်သားကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့အတွက် အရပ်သားကိုယ်စားလှယ်တွေရဲ့မျက်နှာစုံညီ အစည်းအဝေးတွေကို လေးလတစ်ကြိမ် ဆောင်ရွက်ဖို့ သဘောတူညီ ဆောင်ရွက်ပြီး ဖြစ်ပါတယ်၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် မှီခိုမှုရှိအောင် ဖွံ့ဖြိုးတိုးတက်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးဖို့အတွက် ကျွန်တော့်အနေ နဲ့ ညှိနှိုင်းပြောကြားလိုပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို မတ် ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်သည်။

### ပြည်သူတို့ရဲ့ရှိပြီးတဲ့ ယုံကြည်မှုတွေပါ ပျက်ပြားသွားနိုင်

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက "ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ လက်နက်ကိုင်နှစ်ဖွဲ့ အကြားသာ တည်ဆောက်တာမဟုတ်ဘဲ ဒေသခံပြည်သူများလည်း ပါဝင်နေတယ်ဆိုတာကို သတိပေးဖို့လိုအပ်ပါတယ်၊ ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ လက်နက်ကိုင်ပဋိပက္ခရဲ့ မကောင်းတဲ့ အကျိုးဆက်တွေကို ခေတ်အဆက်ဆက်မှာ ခံစားလာကြရတာ ဖြစ်ပါတယ်၊ သူတို့ရဲ့စိတ်ထဲမှာ ကြောက်စိတ်၊ စိုးရိမ်စိတ်လွှမ်းမိုးနေဆဲ ရှိပါသေးတယ်၊ ဒါကြောင့် ကျွန်တော်တို့ လှုပ်ရှားမှုတိုင်းမှာ ပြည်သူ့ဆန္ဒမပါဝင်ရင် NCA နဲ့ JMC အကောင်အထည်ဖော်မှုတွေမှာ ပြည်သူတို့ရဲ့ ရှိပြီးတဲ့ ယုံကြည်မှုတွေပါ ပျက်ပြားသွားနိုင်ပါတယ်။

"ကျွန်တော်တို့ရဲ့ JMC အကောင်အထည်ဖော်မှုတွေမှာ NCA ရဲ့ အနှစ်သာရဖြစ်တဲ့ ညှိနှိုင်းအဖြေရှာခြင်းဆိုတာထက် နည်းပညာပိုင်းတွေ ရှေ့ရောက်ပြီး လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်မှု အားနည်းနေတာတွေ့ရပါတယ်၊ ညှိနှိုင်းမှုဆိုတာက တရားဝင်ညှိနှိုင်းမှုလိုသလို အလွတ်သဘောတွေ့ဆုံညှိနှိုင်းမှုများကိုလည်း လိုအပ်ပါမယ်၊ တစ်ဦးအပေါ်တစ်ဦး အပြစ်တင်တိုက်ခိုက်ခြင်းဟာ ပြဿနာကို မဖြေရှင်းနိုင်သလို ပြဿနာကိုသာ ကြီးထွားလာနိုင်စေမှာဖြစ်လို့ အငြင်းပွားမှုရဲ့ အရင်းခံပြဿနာကို အတူတကွရှာဖွေပြီး ဖြေရှင်းဖို့လိုအပ်လာရင်လည်း နည်းသစ်၊ လမ်းသစ်တွေ ရှာဖွေပြီး အကောင်အထည်ဖော်ခြင်းကနေ ရလဒ်ကောင်းတွေ ရရှိလာမှာ ဖြစ်ပါတယ်"ဟု အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

### စနစ်တကျ စီစဉ်ပေးဖို့လို

ဆက်လက်၍ အရပ်သားကိုယ်စားလှယ်အစုအဖွဲ့မှ JMC-U ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံက "ယုံကြည်မှုအားနည်းလို့ သံသယပေါ်လာတာပါ။ ယုံကြည်မှုရရှိအောင် ခင်မင်ရင်းနှီးမှုကို အဓိကထား ဆောင်ရွက်သွားရမယ်လို့ ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အကြီးအကဲများသာမက အောက်ခြေအဆင့်အထိပါ တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံနိုင်အောင်၊ ခင်မင်ရင်းနှီးနိုင်အောင် အဆင့်ဆင့်သော တာဝန်ရှိပုဂ္ဂိုလ်များက စနစ်တကျ စီစဉ်ပေးဖို့လိုမယ်လို့ တင်ပြလိုပါတယ်၊ နယ်မြေပိုင်းခြားမှုတွေဟာ တော်တော်လေးကို ခက်ခဲပါတယ်၊ အဲဒီအတွက်ကြောင့် ပီပီပြင်ပြင် မဆောင်ရွက်နိုင်သေးတဲ့အတွက်ကြောင့် အဲဒီဟာကတော့ လိုအပ်ချက်တင်မဟုတ်ဘဲ အားနည်းချက်လို့ ပြောလို့ရပါတယ်၊ ဒါလေးတွေ လုပ်ဆောင်သွားဖို့လိုပါတယ်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် စည်းရုံး

"JMC လုပ်ငန်းတွေမှာ အဓိကကျတဲ့ စောင့်ကြည့်ခြင်း စိစစ်အတည်ပြုခြင်း၊ ပြဿနာကို ဖြေရှင်းပေးခြင်းစတဲ့ လုပ်ငန်းတွေမှာ စိစစ်အတည်ပြုခြင်းနဲ့ ပြဿနာများကို ဖြေရှင်းပေးခြင်းကို ဆောင်ရွက်နိုင်ပေမယ့် စောင့်ကြည့်ခြင်းလုပ်ငန်းတွေမှာတော့ အားနည်းနေတယ်၊ ကျွန်တော်တို့ဖွဲ့ထားတဲ့ JMC-U၊ JMC-S၊ JMC-L တွေ အားလုံးက မြို့ပေါ်မှာပါ၊ တကယ်ဖြစ်ပျက်နေတာက တောထဲကျေးရွာတွေမှာဖြစ်ပါတယ်။ တောထဲက ကျေးရွာတွေမှာဆိုတော့ အဲဒီမှာရှိတဲ့ အရပ်သားတွေကို စောင့်ကြည့်နိုင်အောင် LCM တွေ ဖွင့်ပေးဖို့ လိုပါမယ်၊ နိဂုံးချုပ်အနေနဲ့ နှစ်ဖက်အဖွဲ့အစည်း တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေသာမကဘဲ ကျွန်တော်တို့ ပြည်သူတွေပါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်လာအောင် စည်းရုံးတိုက်တွန်းရမှာပါ"ဟု ပြောကြားခဲ့သည်။

ယနေ့ကျင်းပသည့် JMC-U အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်သစ်အဖြစ် ၂၀၁၈၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့က NCA စာချုပ် လက်မှတ်ရေးထိုးခဲ့သည့် မွန်ပြည်သစ်ပါတီ (NMSP) မှ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးသို့ JMC-U အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အရပ်သားကိုယ်စားလှယ်များအပြင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များနှင့် ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များမှ ကိုယ်စားလှယ်များလည်း လေ့လာသူများအဖြစ် ပါဝင်တက်ရောက်ခဲ့ကြသည်။ **သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# လူဦးရေ ရာချီပါဝင်သည့် ကမ္ဘာလှည့်အပျော်စီးသင်္ဘောကြီးများ မြန်မာနိုင်ငံတွင်းသို့ ဆက်တိုက်ဝင်ရောက်လည်ပတ်နေ

**နေပြည်တော် မတ် ၂၁**

မြန်မာ့ခရီးသွားလုပ်ငန်းတွင် အထောက်အကူများစွာဖြစ်စေသည့် အပျော်စီး ကမ္ဘာလှည့်သင်္ဘောကြီးများ ဆက်တိုက်ဝင်ရောက်လျက်ရှိပြီး လာမည့် ဧပြီလ မကုန်ခင်အထိလည်း ဆက်တိုက်ဝင်ရောက်ရန်ရှိကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရှိရသည်။

"၂၀၁၇ခုနှစ်အတွင်း အနောက်နိုင်ငံတွေရဲ့ Negative Media အချို့ရဲ့ ဖော်ပြမှုတွေကြောင့် မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားတွေ ဝင်ရောက်မှု ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းမယ်လို့ ခန့်မှန်းကြတာရှိပါတယ်၊ ဒါပေမယ့် လက်ရှိမှာတော့ လူရာနဲ့ချီတဲ့ ကမ္ဘာလှည့်သင်္ဘောကြီးတွေ ဆိုက်ကပ်လာတယ်၊ ဒါက မြန်မာနိုင်ငံရဲ့ခရီးသွားကဏ္ဍကို အများကြီးအထောက်အကူ ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်၊ မြန်မာနိုင်ငံအပေါ် ခရီးသွားမြှင့်တင်ခြင်းအတွက် Mouth to Mouth Promotion အတွက် အများကြီး အထောက်အကူဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးသက်လွင်တိုးက ပြောကြားသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း အမေရိကန်နိုင်ငံမှ အပျော်စီး ကမ္ဘာလှည့် သင်္ဘောခုနစ်စင်း၊ ဂျာမနီနိုင်ငံမှ နှစ်စင်း၊ ဗြိတိန်နိုင်ငံမှ တစ်စင်းနှင့် ဂျပန်နိုင်ငံမှ နှစ်စင်းခန့် စုစုပေါင်း အစင်းရေ ၁၂ စင်းခန့် ဝင်ရောက်မည်ဖြစ်ကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရှိရသည်။

မြိတ်ကျွန်းစုဒေသသို့လည်း အမေရိကန်နိုင်ငံမှ တစ်စင်း၊ ဟောင်ကောင် အခြေစိုက် Star Cruise မှ ခြောက်စင်းခန့် ဝင်ရောက်ခဲ့ကြောင်းသိရှိရပြီး မတ် ၁၈ ရက်မှ ၂၀ ရက်အထိ အမေရိကန် ပြည်ထောင်စုမှ ခရီးသည် ၃၀၀ ကျော် တင်ဆောင်လာခဲ့သည့် MV Silver Shadow သည် သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ပြီး မတ် ၂၀ ရက်တွင် ဗြိတိန်လူမျိုးအများစု ပါဝင်သည့် ကမ္ဘာလှည့်ခရီးသည်များသည် MV Black Watch သင်္ဘောဖြင့် လူဦးရေ ၄၇၅ ဦးကို တင်ဆောင်၍လည်းကောင်း၊ ဂျာမန်လူမျိုးအများဆုံးပါဝင်သည့် MV Amadea ကမ္ဘာလှည့်သင်္ဘောကြီးသည် လူဦးရေ ၄၀၀ ကျော်ကို တင်ဆောင်၍လည်းကောင်း သီလဝါဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့ကြောင်းသိရပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများဖြင့် ခရီးသွားလုပ်ငန်း အရောင်းမြှင့်တင်ရန် ရည်ရွယ်၍ ကြိုဆိုခဲ့ကြကြောင်း Myanmar Voyages Tourism မှ သိရှိရသည်။



ထို့ပြင် ဧပြီလအတွင်း ဂျပန်နိုင်ငံမှ Peace Boat ဟု နာမည်ကျော်ကြားသည့် MV Ocean Dream၊ အမေရိကန်နိုင်ငံမှ အမေရိကန်လူမျိုး ၅၀၀ ကျော်စီးနင်းကြမည့် Crystal Cruise နှင့် နိုင်ငံတကာခရီးသည် ၆၀၀ ကျော်ပါရှိလာမည့် MV Azamara Journey အပျော်စီးသင်္ဘောများလည်း ဝင်ရောက်မည်ဖြစ်ရာ ခရီးသွားလုပ်ငန်းအတွက် များစွာ အထောက်အကူရရှိစေနိုင်ကြောင်း သိရသည်။

**ခင်ရတနာ**

✱ ကျောဖုံးမှ

ဒီတံတားရဲ့ အရှည်ကတော့ ပေ ၆၀၀ ဖြစ်ပါတယ်၊ အမျိုးအစားကတော့ သံမဏိရက်မ၊ သံကူကွန်ကရစ် တံတား ဖြစ်ပါတယ်၊ စတင်တည်ဆောက်ခဲ့တာက ၂၂-၈-၂၀၁၆ ခုနှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး စီမံကိန်း ပြီးစီးမယ့်နေ့မှာ ဒီလကုန်လောက် ခန့်မှန်းထားပါတယ်၊ လူသွားလမ်းအကျယ် တစ်ဖက်သုံးပေစီရှိပြီး ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ပါတယ်၊ တံတားအကျယ်ပေမှာ ပေ ၃၀ ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၈၆ ပေနဲ့ ရေလမ်းကင်းလွတ်အမြင့် ကိုးပေ ရှိပါတယ်၊ တံတား တည်ဆောက်တဲ့နေရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲကတော့ လုပ်ငန်းခွင်နဲ့ ဆက်စပ်တဲ့ပစ္စည်းတွေ သယ်ယူပို့ဆောင်ရာမှာ အခက်အခဲတွေ ရှိခဲ့ပါတယ်၊ နောက်အခက်အခဲတစ်ခုကတော့ ရေလယ်တိုင်အမှတ် P2 နဲ့ P3 ဖောင်ဒေးရှင်းတူးတဲ့ အခါမှာလည်း တစ်တွင်းတစ်တွင်းကို ခုနစ်ရက်လောက် ဖောက်ခဲ့ရပါတယ်၊ အဲဒီအခက်အခဲတွေကို ကျွန်တော်တို့ အလုပ်သမားတွေနဲ့ ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။

"ပုဏ္ဏားကျွန်း- ရသေ့တောင်-ဘူးသီးတောင် ကားလမ်းပေါ်မှာ တည်ဆောက်နေတဲ့ တံတားငါးစင်းရှိပါတယ်၊ စိုင်းဒင်တံတားပေ ၆၀၀၊ ရွာဟောင်းချောင်းတံတားပေ ၂၈၀၊ ငစံပေါ်တံတားပေ ၂၁၀၊ သောင်းဒရားချောင်းတံတားပေ ၅၀၀၊ ရသေ့တောင်တံတားပေ ၈၈၀ တို့ ဖြစ်ပါတယ်၊ ရွာဟောင်းတံတားအမျိုးအစားက စတီး



တံတားအထူးအဖွဲ့-၇ မှ (ဦးစီးအရာရှိမြို့ပြ) ဦးဝေမြင့်သူ

ပိုက်နဲ့ဘေလီတံတား ဖြစ်ပါတယ်။ ငစံပေါ်တံတားအမျိုးအစားက စတီးပိုက်နဲ့ ဘေလီတံတား ဖြစ်ပါတယ်၊ သောင်းဒရားချောင်းတံတား အမျိုးအစားက သံမဏိရက်မ၊ သံကူကွန်ကရစ်တံတား ဖြစ်ပါတယ်၊ စိုင်းဒင်တံတားရဲ့ ပြီးစီးမှုအခြေအနေက ၉၆ ရာခိုင်နှုန်း ပြီးစီးနေပါပြီ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့-၇မှ (ဦးစီးအရာရှိမြို့ပြ) ဦးဝေမြင့်သူက ပြောသည်။

အဆိုပါ တံတားငါးစင်းဖွင့်လှစ်ပြီးသည်နှင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်အထိ ကားလမ်းတစ်ဆက်တည်း သွားလာနိုင်မည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ရန်ကုန်-စစ်တွေကားလမ်းမကြီးနှင့် ချိတ်ဆက်နိုင်မည်ဖြစ်ကြောင်း၊ ယခင်က အဆိုပါလမ်းသည် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ရေလမ်းကိုသာ အဓိကထား သွားလာနေရကြောင်း၊ ယခုအခါတွင် တံတားငါးစင်းဖွင့်လှစ်ပြီးသည်နှင့် ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်း နှစ်ခုစလုံးကို အသုံးပြုနိုင်မည် ဖြစ်သည့်အတွက် ဒေသခံများသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း သိရသည်။

မောင်တောဒေသအတွင်းရှိ မြို့ရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန်နှင့် ပြည်သူများ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ လွယ်ကူလျင်မြန်စေရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းတံတားများ တည်ဆောက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဘူးသီးတောင်မြို့နယ်မှ ရသေ့တောင်မြို့နယ်အတွင်း တည်ဆောက်လျက်ရှိသော ပေ ၅၀ နှင့် အထက် တံတားငါးစင်းအား မတ်လကုန်တွင် တစ်ပြိုင်တည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-**
**ကျော်သူဝင်း၊အေးမင်းသူ**



ရွာဟောင်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ရွာဟောင်းတံတား။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းများဆောင်ရွက်

**နေပြည်တော် မတ် ၂၁**

မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ကင်းစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့ သည် မတ် ၂၀ ရက် နံနက် ၉ နာရီ မိနစ် ၅၀ မှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်ခြားမှတ်တိုင် ၃၈ မှ ၃၉ အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ လှည့်ကင်းဆောင်ရွက်ခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်တို့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် နှစ်နိုင်ငံပူးပေါင်း၍ ရေယာဉ်လေးစီးဖြင့် နတ်မြစ်တစ်လျှောက် ရေမိုင်ညှိနှိုင်းလှည့်ကင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှစ်ဖက်ညှိနှိုင်း၍ ကင်းလှည့်ခြင်း Coordinated Patrol ကို မတ် ၂၀ ရက်မှ ၂၇ ရက်အတွင်း နယ်ခြားမှတ်တိုင် ၃၉ မှ ၄၂ အထိ လည်းကောင်း၊ မတ် ၂၇ ရက်နောက်ပိုင်းတွင် နယ်ခြားမှတ်တိုင်အမှတ် ၄၂ မှ ၄၅ အထိ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## ကာကွယ်ဆေးအအေးခန်းတည်ဆောက်ရေးလုပ်ငန်း ပန္နက်တင်မင်္ဂလာ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ မတ် ၂၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှင့် အထူးအနေဖြင့် ကာကွယ်ဆေးထိုးရာတွင် အဆင်ပြေစေရန် ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးအတွင်း တည်ဆောက်သည့် ကာကွယ်ဆေးအအေးခန်း တည်ဆောက်ရေးလုပ်ငန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ဗဟိုမင်္ဂလာတိုင်ကိုစိုက်ထူပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းသည်။ ထို့နောက် တက်ရောက်လာကြသူများက သတ်မှတ်တိုင်များအား စိုက်ထူပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ရှေ့မှဆိုင်ကယ်ကို နောက်ကကားဝင်တိုက်၍ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် မတ် ၂၁**

ရန်ကုန်-မန္တလေးလမ်းဟောင်း နေပြည်တော် တပ်ကုန်းမြို့ ဦးရှောင်ဟိုးလမ်းဆုံတွင် မတ် ၂၀ ရက် နံနက် ၅ နာရီခန့်က ဆိုင်ကယ်နှင့်မော်တော်ယာဉ် တိုက်မိ၍ ဆိုင်ကယ် စီးသူ အမျိုးသမီးတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

ပျဉ်းမနားဘက်မှ ရမည်းသင်းဘက်သို့ ယာဉ်မောင်း အောင်ဖြိုး (၂၅နှစ်) ပုဂံမြို့နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်သည် လားရာတူ ရှေ့မှ ကိုဇော်ဝမ်း (၃၈ နှစ်) ဆင်သေရွာနေသူ မောင်းနှင်၍ ဇနီးဖြစ်သူ မမြဝင်း(၄၀နှစ်) တပ်ကုန်းဈေးသို့ ဈေးရောင်းလာကြသည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိရာ မမြဝင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသည်။

ဒဏ်ရာရသူ ကိုဇော်ဝမ်း(မစိုးရိမ်ရ)သည် တပ်ကုန်းခုတင် ၁၀၀ ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး ယာဉ်မောင်း အောင်ဖြိုးအား တပ်ကုန်းရဲစခန်းမှ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## မန္တလေး ၂၆လမ်း ကျုံးရေပြင်အတွင်းမှ အမျိုးသားအလောင်းတွေ့ရှိ

**မန္တလေး မတ် ၂၁**

မတ် ၂၁ ရက် နံနက် ၁၂ နာရီခန့်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆လမ်း ၇၀×၇၁ လမ်းကြားရှိ ကျုံးရေပြင်အတွင်း အမျိုးသားရုပ်အလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

အလောင်းပေါ်ရာသို့ အမှတ်-၂ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မျိုးညွန့်၊ တာဝန်မှူး ဒုရဲအုပ်နန်းသန်းသန်းဌေးနှင့် တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးခဲ့ရာ သေဆုံးသူမှာ အာကာအောင် (၂၇နှစ်)၊ သီချင်းဆို၊ မြစပယ်လမ်းတောင်ပိုင်း၊ အမှတ် ၈ ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေသူဖြစ်ကြောင်း သိရပြီး မတ် ၂၀ ရက် ညပိုင်းက သူငယ်ချင်းဖြစ်သူ၏ မင်္ဂလာဆောင်ညှော်ခံပွဲမှ အပြန် ၂၆× ၇၁ လမ်းထောင့် ကျုံးဘေးအရောက်တွင် ကျုံးအတွင်းရေဆင်းကူးရာမှ ပြန်ပေါ်မလာ၍ ရှာဖွေခဲ့သော်လည်း မတွေ့ရှိရဘဲ ယခုမှ အလောင်းပြန်ပေါ်လာခြင်းဖြစ်ကြောင်း သေဆုံးသူ၏ သူငယ်ချင်းဖြစ်သူက ပြောပြသိရှိရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

သေဆုံးရုပ်အလောင်းအား ဆေးရုံကြီးသို့ ပို့အပ်ခဲ့ပြီး သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် အမှတ်-၂ နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **အောင်စံမောင်**

## တူမ၏ ရည်းစားဟောင်းက ဦးလေးဖြစ်သူအား ဓားဖြင့်ထိုး၍သေဆုံး

**ရန်ကုန် မတ် ၂၁**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက်အတွင်း တူမဖြစ်သူ၏ ရည်းစားဟောင်းက ဦးလေးဖြစ်သူအား ဓားဖြင့်ထိုး၍ သေဆုံးမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၀ ရက် မွန်းလွဲ ၁နာရီ ၁၅ မိနစ်ခန့်က ထက်လင်းကျော် (၂၂နှစ်)သည် ရည်းစားဟောင်း မဖြူဖြူထွေး ရှိခဲ့ဖူးရာ ထီးတန်းစက်မြေ ရပ်ကွက် ဘန္ဓာပင်လမ်းတိုက်ခန်းသို့ ၎င်း၏



သူငယ်ချင်းအား စာသွားပေးခိုင်းရာမှ မဖြူဖြူထွေး၏ ဦးလေးဖြစ်သူ ဦးဌေးကြွယ်နှင့်တွေ့ဆုံပြီး မေးမြန်းစဉ် ထက်လင်းကျော်က လမ်းထဲသို့ ရောက်လာသည့်အတွက် အိမ်အတွင်းသို့ ခေါ်ယူမေးမြန်းရာမှ စကားများခဲ့ပြီး ထက်လင်းကျော်က ဦးဌေးကြွယ် (၃၅ နှစ်) အား ပါလာသည့် လုပ်ငန်းသုံးဓားဖြင့် ထိုးပြီး ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

ပြစ်မှုကျူးလွန်သူ ထက်လင်းကျော်အား အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ဒုတိယရဲအုပ် ကျော်ဝင်းနိုင်နှင့်အဖွဲ့၊ ကြည့်မြင်တိုင်မြို့မရဲစခန်းမှ ခေတ္တနယ်ထိန်းအဖွဲ့ ခေါင်းဆောင် ရဲအုပ်ဇော်လင်းထိုက်နှင့် အဖွဲ့တို့က ပူးပေါင်း၍ ၎င်း၏အလုပ်ရုံနှင့် သွားနိုင်ရာ လမ်းကြောင်းတို့ကို ပိတ်ဆို့စောင့်ဆိုင်း နေစဉ် ည ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် မရမ်းကုန်းမြို့နယ် အမှတ်-၁ ရပ်ကွက် သမိုင်းမြို့သစ်ရှိ ၎င်းနေထိုင်ရာ အိမ်သို့ ပြန်လာစဉ် ဖမ်းဆီးနိုင်ခဲ့ပြီး ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ဖရဲသီးများဖြင့် ဖုံးအုပ်တင်ဆောင်လာသည့် ပီတောက်ခွဲစာရွှေတုံးများ ဖမ်းမိ

**နေပြည်တော် မတ် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၇၉ စီး၊ သွင်းကုန် ၇၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး ၊ သွင်းကုန် ၁၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၃၃၂ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄၃၈ သန်းခန့် စုစုပေါင်းတားဆီးမှုရှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈ ဒသမ ၇၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် ကင်တာခြောက်ဘီး ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဖရဲသီးများဖုံးအုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပီတောက်ခွဲစာရွှေ ၆၅ တုံး (၁ ဒသမ ၇၃၀၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂ ဒသမ ၁၉၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လားရှိုးမြို့၌ လျှပ်စစ်ဟင်းပေါင်းအိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**လားရှိုး မတ် ၂၁**

လားရှိုးမြို့ အမှတ်-၅ ရပ်ကွက် နယ်မြေ ၁၂ ရန်အောင်လမ်း၌ မတ် ၂၁ ရက် နံနက် ၉ နာရီ မိနစ် ၄၀ က မီးလောင်မှုဖြစ်ပွားခဲ့သည်။ အမှတ်-၅ ရပ်ကွက် နယ်မြေ ၁၂ ရန်အောင်လမ်းနေ ဦးရန်ချူရီ (ခ)လောက်အဲ (၃၆နှစ်)၏ နေအိမ်တွင် လျှပ်စစ်ဟင်းပေါင်းအိုးတည်ထားပြီး အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခဲ့ပြီး အခင်းဖြစ်ရာနေရာသို့ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ အရန်မီးငြိမ်းသတ်ယာဉ်တစ်စီး စုစုပေါင်းငါးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ဦးရန်ချူရီ(ခ)လောက်အဲ၏ နေအိမ်မီးလောင်ဆုံးရှုံးခဲ့ကာ ၎င်းအား လားရှိုးမြို့နယ်ရဲစခန်းက အရေးယူထားကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**

# သမ္မတပူတင်နှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပသွားနိုင်ဖွယ်ရှိကြောင်း ထရန့်ပြောကြား

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် လက်နက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးသွားရန်အတွက် မကြာမီအချိန်အတွင်း ရုရှားသမ္မတဗလာဒီမာပူတင်နှင့် ဆွေးနွေးပွဲကျင်းပသွားနိုင်ဖွယ် ရှိကြောင်း ပြောကြားခဲ့သည်။

အင်္ဂါနေ့က သမ္မတပူတင်နှင့်ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ချိန်တွင် ထရန့်သည် ရုရှားသမ္မတရွေးကောက်ပွဲတွင် သမ္မတပူတင်၏အနိုင်ရရှိခဲ့မှုကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြခဲ့သည်။

ထို့နောက်တွင် ခေါင်းဆောင်နှစ်ဦးတို့သည် မြောက်ကိုရီးယားအရေးနှင့် ဆီးရီးယားရှိအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

နောက်ပိုင်းတွင် ထရန့်က အိမ်ဖြူတော်၌ သတင်းထောက်များအား ပြောကြားခဲ့သည်မှာ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့မှုသည် အလွန်ကောင်းမွန်သည့်ဆွေးနွေးမှုဖြစ်ခဲ့ကြောင်း၊ ခေါင်းဆောင်နှစ်ဦးတို့သည် မကြာတော့သည့် အနာဂတ်ကာလတွင် တွေ့ဆုံသွားကြမည်ဖြစ်ပြီး ထိန်းချုပ်မှုပြင်ပသို့ ရောက်ရှိနေသည့် လက်နက်ပိုင်ဆိုင်ယှဉ်ပြိုင်မှုနှင့် ပတ်သက်၍ ဆွေးနွေးသွားနိုင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဆာရတ်ဆန်းဒါးစ်က ယခုအချိန်တွင် အမေရိကန်နှင့် ရုရှားထိပ်သီးအစည်းအဝေးအတွက် သီးခြားအစီအစဉ်များ မရှိကြောင်း ပြောကြားခဲ့သည်။

လက်နက်အင်အားယှဉ်ပြိုင်မှုတစ်ရပ်သို့ ရောက်ရှိလာသောအခါ တင်းမာမှုများနေးကွေးသွားစေရေးသည် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးလုံးအတွက် အရေးကြီးသည်မှာ သေချာကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန် ဆီးနိတ်လွှတ်တော်အမတ်ဂျွန်မက်ကိန်းသည် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖုန်းခေါ်ဆိုခဲ့မှုအတွက် ထရန့်ကို အပြင်းအထန်ဝေဖန်ခဲ့သည်။

အာဏာရှင်များအား အတုအယောင် ရွေးကောက်ပွဲကို အနိုင်ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြမှုဖြင့် အမေရိကန်သမ္မတတစ်ဦးသည် လွတ်လပ်သောကမ္ဘာကြီးကို ဦးဆောင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ဖော်ပြခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# ဂျပန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံမည်

**တိုကျို မတ် ၂၁**

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် လာမည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင်အကောင်းတကာ့အကောင်းဆုံး ပူးပေါင်းလုပ်ဆောင်သွားရန်သဘောတူခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။




ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်တို့သည် မတ် ၂၁ ရက်က တိုကျိုတွင် တွေ့ဆုံခဲ့ကြသည်။

ကိုနိုကလက်ရော့ဗ်အား ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မြောက်ကိုရီးယားအရေးကိစ္စ၊ တခြားစိန်ခေါ်မှုများကို ရင်ဆိုင်နေရကြောင်း အဆိုပါ အရေးကိစ္စများကို အတူတကွပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂျပန်နှင့် ရုရှားနှစ်နိုင်ငံပြည်သူများကြား နက်နဲစွာနားလည်မှုရှိခြင်းက နှစ်နိုင်ငံငြိမ်းချမ်းရေး အရေးအတွက် အရေးကြီးပါကြောင်း၊ နှစ်နိုင်ငံကြား နီးကပ်စွာဆွေးနွေးခြင်းက နှစ်နိုင်ငံခေါင်းဆောင်များကြား အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ပျောက်ဆုံးနေသည့် အိန္ဒိယနိုင်ငံသား ၃၉ ဦးတို့ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြု

**နယူးဒေလီ မတ် ၂၁**

အီရတ်နိုင်ငံ၌ အစ္စလာမ္မစ်အစွန်းရောက်စစ်သွေးကြွအုပ်စုများ ပြန်ပေးဆွဲသွားသည့် အိန္ဒိယနိုင်ငံသားအလုပ်သမား ၃၉ ဦးတို့ကို သေဆုံးလျက်တွေ့ရှိ ခဲ့ရကြောင်း အိန္ဒိယအစိုးရကပြောကြားခဲ့သည်။

အလုပ်သမားများသည် ၂၀၁၄ ခုနှစ်တွင် အီရတ်နိုင်ငံ၏ အကြီးဆုံးမြို့တော်မိုဆူးလ်၌ အိုင်အက်စ်အစွန်းရောက်စစ်သွေးကြွများ၏ ပြန်ပေးဆွဲခေါ်ဆောင်သွားခြင်းခံရသည်။ အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆတ်ဆမာဆွာရတ်ချ်သည် ယင်းသတင်းကို အိန္ဒိယပါလီမန်နှင့်အတူ ဝေမျှခဲ့သည်။ ဒီအန်အေစစ်ဆေးချက်များသည် မကြာသေးမီက တွေ့ရှိခဲ့သည့် သေဆုံးသူအလောင်းများနှင့်ကိုက်ညီနေကြောင်း ပြောကြားခဲ့သည်။

အီရတ်တပ်ဖွဲ့များက မြို့ကိုပြန်လည်ရယူခဲ့ပြီးနောက်တွင် အိန္ဒိယအာဏာပိုင်များသည် ပြီးခဲ့သည့်ဇူလိုင်လကတည်းကစတင်ကာအလုပ်သမားများအား ရှာဖွေခဲ့သည်။

ပြန်ပေးဆွဲခံခဲ့ရသည့်အလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် နှစ်နှစ်ကြာအောင်အဓမ္မ စေခိုင်းခံခဲ့ရပြီးနောက် ၎င်းတို့သည် မြို့ဆင်ခြေဖုံးတွင် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ အလုပ်သမားများအားလုံး စစ်သွေးကြွများ၏ သတ်ဖြတ်ခြင်းကိုခံလိုက်ရပြီဖြစ်ကြောင်း ဆွာရတ်ချ်က ပြောကြားခဲ့သည်။ သို့သော် အခြားသော အသေးစိတ်အကြောင်းအရာများကို ဖော်ပြခြင်းမရှိခဲ့ပေ။

**အင်န်အိတ်ချ်ကေ**

# အမေရိကန် အထက်တန်းကျောင်း တစ်ကျောင်းတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**ဝါရှင်တန် မတ် ၂၁**

အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းတွင် ကျောင်းသားတစ်ဦးက အခြားကျောင်းသားနှစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ပစ်ခတ်ခံရသည့် ကျောင်းသားနှစ်ဦး အပြင်းအထန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် အသက် ၁၇ နှစ်အရွယ်ကျောင်းသားကို ကျောင်းလုံခြုံရေးအရာရှိတစ်ဦးက အသေပစ်ခဲ့ရသည်။ ယင်းဖြစ်ရပ်ဖြစ်ပွားပြီးနောက် စိန့်မေရီရှိ ဂရိတ်မစ်လ် အထက်တန်းကျောင်းကို ခေတ္တပိတ်ထားခဲ့ရသည်။ ကျောင်းသား၏ ပစ်ခတ်ခြင်းကိုခံခဲ့ရသည့် အသက် ၁၆ နှစ်အရွယ်ကျောင်းသူမှာ စိုးရိမ်ရသည့် အခြေအနေရှိကြောင်း သိရသည်။ နောက်ထပ် အသက် ၁၄ နှစ်အရွယ် ကျောင်းသားတစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့ပြီး ယခုအခါအခြေအနေတည်ငြိမ်မှုရရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားသည်။ လတ်တလောတွင် အဘယ့်ကြောင့် သေနတ်ပစ်ခတ်မှု ဖြစ်ပွားရသည်ကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒမတ်စကတ်မြို့ဈေးတွင် သူပုန်များက ဒုံးကျည်ဖြင့် တိုက်ခိုက်ရာ သေဆုံးသူ ၃၅ ဦးအထိ မြင့်တက်

**ဒမတ်စကတ် မတ် ၂၁**

ဆီးရီးယားနိုင်ငံ မြို့တော် ဒမတ်စကတ်မြို့အရှေ့ဘက်ရှိ လူစည်ကားသော ဈေးတစ်ခု၌ ယမန်နေ့တွင် သူပုန်များက ဒုံးကျည်ဖြင့် တိုက်ခိုက်ခဲ့ရာ သေဆုံးသူ ၃၅ ဦးအထိ ရှိလာခဲ့ကြောင်း မတ် ၂၁ ရက်က ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဒုံးကျည်သည် ဒမတ်စကတ်မြို့အရှေ့ဘက်ရှိ ကာ့ရ်ကိုးဈေးအတွင်းသို့ ရုတ်တရက် ကျရောက်ပေါက်ကွဲခဲ့သောကြောင့် လူများစွာ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်။

ထိုသို့လက်နက်ကြီးကျရောက်၍ သေဆုံးမှုသည် ဒမတ်စကတ်တွင် ဖြစ်ပွားနေကျကိစ္စတစ်ခုဖြစ်ပြီး အဆိုပါတိုက်ခိုက်မှုကို သူပုန်များက ပြုလုပ်လေ့ရှိကြောင်း သိရသည်။ မြို့တော်၏ အခြားနေရာများတွင်လည်း ယမန်နေ့ ဒုံးကျည်ပစ်ခတ်မှုကြောင့် လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

မကြာသေးမီရက်များက ဒမတ်စကတ်မြို့စွန်အရှေ့ပိုင်း ဂိုတာဆင်ခြေဖုံးဒေသရှိ သူပုန်ခံတပ်များကို ဆီးရီးယားစစ်တပ်က တိုက်ခိုက်ခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်မှုထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားတပ်ဖွဲ့များသည် ဖာလာ့အယ်လ်ရာမန်သူပုန်များ၏ အဓိကခံတပ်ဖြစ်သော အန်ယာတာမာဒေသကို ယမန်နေ့က ချင်းနင်းဝင်ရောက်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်သံလိုင်းတွင် ဖော်ပြခဲ့သည်။ ယခုအခါ ဆီးရီးယားတပ်ဖွဲ့က မြို့တော်အား အဓိကခြိမ်းခြောက်နေသည့် အရှေ့ဂူတာဒေသ၏ ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**




# ဆာရင်းဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခံရမှု ၂၃နှစ်ပြည့်မြောက်ခဲ့

**တိုကျို မတ် ၂၁**

အုမ်ရှင်ရီကျိုဘာသာရေးအဖွဲ့ဝင်များက တိုကျိုမြေအောက်ရထားလိုင်းတွင် လူအမြောက်အမြား သေစေနိုင်သည့် ဆာရင်းဓာတ်ငွေ့ အသုံးပြုတိုက်ခိုက်ခဲ့မှုသည် အင်္ဂါနေ့တွင် ၂၃နှစ်ပြည့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

၁၉၉၅ ခုနှစ်မတ်လ ၂၀ရက်နေ့တွင် တိုကျိုမြို့လယ်ကောင်ရှိ မြေအောက်ရထားတွဲများ၌ လူအများသွားလာနေချိန်တွင် အာရုံကြောထိခိုက်စေသည့် ဆာရင်းဓာတ်ငွေ့များကိုယင်းအဖွဲ့က ထုတ်လွှတ်ကာတိုက်ခိုက်မှုလုပ်ဆောင်ခဲ့ကြသည်။ ယင်းဓာတ်ငွေ့များကြောင့် လူ ၁၃ ဦးသေဆုံးကာ ၃၀ ကျော် ဒဏ်ရာရရှိခဲ့သည်။

ယင်းဖြစ်ရပ်အပေါ် အောက်မေ့ဖွယ်အခမ်းအနားကို တိုက်ခိုက်ခံရမှုဖြစ်ပွားခဲ့သည့်နေရာတစ်ခုဖြစ်သည့် ကာဆုမိဂါ့ဆဲကိ ဘူတာရုံ၌ အင်္ဂါနေ့နံနက်ကကျင်းပခဲ့ကြောင်း သိရသည်။ ဘူတာရုံဝန်ထမ်းများသည် လွန်ခဲ့သည့် ၂၃နှစ်ကတိုက်ခိုက်ခံခဲ့ရသည့် အချိန်ဖြစ်သည့်နံနက် ၈နာရီတွင် ခေတ္တငြိမ်သက်ကာ ဆုတောင်းခဲ့ကြသည်။

အခမ်းအနားသို့ သေဆုံးသူတို့၏ မိသားစုဝင်များလည်း လာရောက်ခဲ့ကြပြီး ပန်းစည်းများချကာ ဂါရဝပြုခဲ့ကြကြောင်း သိရသည်။ တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည့် အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၁၃ ဦးကို သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

နိုင်ငံတကာ သတင်းတိုထွာ

## ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေးအတွက် နယူးကယ်လီဒိုနီးယား မဲပေးကြမည်

**နယူးကယ်လီဒိုနီးယား မတ် ၂၁**

နယူးကယ်လီဒိုနီးယားရှိ ဥပဒေပြုသူများသည် လာမည့်နိုဝင်ဘာလတွင် ပြင်သစ်နိုင်ငံမှ ခွဲထွက်ရေးအဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန်အတွက် မဲပေးခဲ့ကြကြောင်း သိရသည်။

ပြင်သစ် ပင်လယ်ရပ်ခြား ပိုင်နက်နယ်နိမိတ်၏ ကွန်ဂရက်လွှတ်တော်သည် မဲပေးမည့်အစီအစဉ်ကို တနင်္လာနေ့တွင် အတည်ပြုခဲ့သည်။

ဆန္ဒခံယူပွဲကို နိုဝင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ နယူးကယ်လီဒိုနီးယားသည် တောင်ပစိဖိတ်ဒေသအတွင်းရှိ ကျွန်းစုတစ်ခုဖြစ်ပြီး လူဦးရေ ၂၇၀၀၀၀ ခန့်ရှိသည်။ ယင်းကျွန်းစုသည် ၁၉ ရာစုနှစ်အတွင်းက ပြင်သစ် လက်အောက်ခံနယ်နိမိတ်အဖြစ် ရောက်ရှိခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ပြင်သစ်အစိုးရနှင့် လွတ်လပ်ရေးလှုပ်ရှားမှု အဖွဲ့ခေါင်းဆောင်များသည် လာမည့် ၂၀၁၈ နှစ်ကုန်ခန့်တွင် ပြင်သစ်နိုင်ငံမှ လွတ်လပ်ရေးရရှိရေးအတွက် ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက F-35B တိုက်လေယာဉ်များ စတင်မိတ်ဆက်သွားမည်

**တိုကျို မတ် ၂၁**

ဂျပန်၏ လက်ရှိအာဏာရပါတီဖြစ်သည့် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီသည် F-35B တိုက်ခိုက်ရေးဂျက်လေယာဉ်များနှင့် ဘက်စုံသုံး လေယာဉ်တင်သင်္ဘောတစ်စင်းကို နိုင်ငံ၏ ကာကွယ်ရေးဌာနလက်အောက်တွင် စတင်လည်ပတ်ဆောင်ရွက်သွားရေးအတွက် အဆိုပြုရန်စီစဉ်နေကြောင်း သိရသည်။

အစိုးရသည် ငါးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုနှစ်တွင် အမျိုးသားကာကွယ်ရေးအစီအစဉ် လမ်းညွှန်ချက်များကို ပြန်လည်သုံးသပ်မှုများ ပြုလုပ်သွားမည်ဖြစ်သည်ဟု ဖော်ပြထားသည်။

အင်္ဂါနေ့တွင် အမျိုးသားလုံခြုံရေးဆိုင်ရာနှင့် ပတ်သက်၍ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် ထည့်သွင်းစဉ်းစားရမည့်အဆိုပြုချက်များကို ပြုစုခဲ့သည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စွမ်းဆောင်မှုများကို အရေအတွက်နှင့် အရည်အသွေးပိုင်းနှစ်ခုလုံး မြှင့်တင်သွားရန်လိုအပ်ကြောင်း ပါတီကအလေးအနက်ဖော်ပြခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်များ၊ တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာချဲ့ထွင်မှုများသည် လုံခြုံရေးအကျပ်အတည်းကို ဖန်တီးနေကြောင်း ပါတီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# မူးယစ်ဆေးဝါးရောင်းဝယ်သူတွေကို သေဒဏ်ပေးမယ့် ထရန့်ရဲ့ တောင်းဆိုချက်အကောင်အထည်ပေါ်နိုင်မလား

**ကလျာမိုးမြင့်**




> **“မူးယစ်ဆေးနဲ့ ဆက်နွှယ်နေတဲ့ လူသတ်မှုတွေဟာ အမေရိကန်မှာ အတော်လေးကြီးမားတဲ့ ရာဇဝတ်မှု ဖြစ်နေသော်လည်း ဘယ်သူတစ်ဦးတစ်ယောက်မှ ဒီဥပဒေစည်းမျဉ်းတွေကို သုံးပြီး ကွပ်မျက်ခံခဲ့ရတာမျိုး မရှိခဲ့ဖူးပါဘူး”**

အမေရိကန်မှာဖြစ်ပွားနေတဲ့ အကိုက်အခဲပျောက်ဆေး စွဲလမ်းမှုပျံ့နှံ့နေတာတွေကို တိုက်ဖျက်ဖို့ဆိုတဲ့ အစီအစဉ်ရဲ့ အစိတ်အပိုင်းအနေနဲ့ မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူတွေကို သေဒဏ်ပေးဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တောင်းဆိုလိုက်ပြီ ဖြစ်ပါတယ်။ နယူးဟမ့်ရှိုင်းယားမှာ မိန့်ခွန်းပြောဆိုခဲ့စဉ်အတွင်း ထရန့်က ဒီအဆိုပြုချက်ကို အကြမ်းဖျင်းဖော်ပြခဲ့တာဖြစ်ပါတယ်။ နယူးဟမ့်ရှိုင်းယားဟာ ဘိန်းဖြူစွဲတဲ့ ပြဿနာကို ဆိုးဆိုးရွားရွားတွေ့ကြုံနေရတဲ့ နေရာပါ။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူတွေကို ကွပ်မျက်ဖို့ ထရန့်အစိုးရအဖွဲ့ဟာ ဥပဒေကို အပြောင်းအလဲလုပ်ဖို့ ကြိုးစားနေပေမယ့် ဒီကြိုးစားမှုဟာ ခိုင်မာတဲ့နိုင်ငံရေးဆိုင်ရာနဲ့ တရားရေးဆိုင်ရာ အတားအဆီးတွေကို ရင်ဆိုင်ရလိမ့်မယ်လို့ ထရန့်က ပြောပါတယ်။

ဘိန်းတွေဟာ မူးယစ်ဆေးဝါးအမျိုးအစားတစ်ခုဖြစ်ပြီး ဒီထဲမှာ ဆရာဝန်တွေ ညွှန်ကြားတဲ့ အကိုက်အခဲပျောက်ဆေးတွေနဲ့ ဘိန်းဖြူပါဝင်ပါတယ်။

### အချိန်မဖြုန်းဘဲ ကိုင်တွယ်ဆောင်ရွက်ဖို့လို

အမေရိကန်နိုင်ငံသား ၂ဒသမ ၄ သန်းလောက်ဟာ မူးယစ်ဆေးစွဲနေကြတယ်လို့ ခန့်မှန်းရပါတယ်။ ဒီပြဿနာဟာ ၂၀၁၆ ခုနှစ်မှာ အမေရိကန်နိုင်ငံတစ်လွှားက လူပေါင်း ၆၃၆၀၀ တို့ရဲ့ ဘဝတွေကို အန္တရာယ်ပေးခဲ့တယ်လို့ ကျန်းမာရေးအာဏာပိုင်တွေက ထောက်ပြထားပါတယ်။

အကယ်၍ မူးယစ်ဆေး ရောင်းဝယ်ဖောက်ကားသူတွေကိစ္စကို ကိုင်တွယ်ဆောင်ရွက်မှု မရှိဘူးဆိုရင်တော့ ဒါကျွန်တော်တို့ အချိန်ဖြုန်းနေတာပဲလို့ မန်ချက်စတာက လူထုကို တနင်္လာနေ့က ထရန့်ပြောဆိုခဲ့ပါတယ်။

### ကွန်ဂရက်လွှတ်တော်က လက်ခံမယ့်အခြေအနေရှိ မရှိ

အမေရိကန်တစ်ဝန်းမှာ သေဒဏ်ပေးတဲ့ စနစ်ကျင့်သုံးမှုကို ပိုပြီးလျှော့ချမှုတွေ လုပ်ဆောင်လာနေတဲ့အချိန်မျိုးမှာ ဒေါ်နယ်ထရန့်ဟာ သေဒဏ်ပေးတဲ့ ဖက်ဒရယ်ဥပဒေကို တိုးချဲ့ဖို့ တောင်းဆိုနေတာပါ။

ကွန်ဂရက် လွှတ်တော်ဟာ သေဒဏ်ပေးတဲ့ ဘယ်လို ဥပဒေသစ်ကိုမှ တိုးချဲ့ဖို့ အတည်ပြုမယ့်ဟန်မရှိသလို အကယ်၍ ခွင့်ပြုပေးလိုက်ရင်လည်း ပေါ်ထွက်လာမယ့် ရလဒ်တွေဟာ နှစ်တွေကြာတဲ့အထိ အတိုက်အခံဖြစ်ပွားမှုတွေထဲမှာ နွံနစ်ပြီး ရုန်းမထွက်နိုင်အောင်ဖြစ်ဖို့ သေချာသလောက်ရှိနေပါတယ်။ ဒါမှမဟုတ် ဆယ်စုနှစ်တွေချီတဲ့အထိ ကြာမြင့်နိုင်ပါတယ်။

နယူးဟမ့်ရှိုင်းယား၊ အနောက်ဗာဂျီးနီးယားနဲ့ ကင်တပ်ကီလိုပြည်နယ်တွေမှာ ဘိန်းဖြူစွဲတာကို ထိန်းချုပ်ဖို့ ကြိုးပမ်းမှုတွေဟာ တရားမဝင် စိတ်ကြွရူးသွပ်ဆေးတွေ အထူးသဖြင့် ပင်လယ်ရပ်ခြားကနေ သင်္ဘောနဲ့ဝင်ရောက်လာတဲ့ အာနိသင်ပြင်းသော ဖန်သာနိုင်လ် (Fentanyl) နဲ့ ကာဖန်သာနီလ် (carfentanil) ဆေးတွေပေးတာကို ပိတ်ပစ်ဖို့ အကြီးအကျယ်ညွှန်းနေကြပါတယ်။

မစ္စတာထရန့်ရဲ့အာဘောင်အာရင်း သန်သန်ပြောဆိုမှုတွေဟာ လက်ခုပ်သြဘာပေးမှုတွေကို ရရှိကောင်းရရှိနိုင်ပါတယ်။ သို့သော်လည်း ဒေသဆိုင်ရာ အာဏာပိုင်တွေရဲ့အမြင်မှာ ကာကွယ်ရေးနဲ့ ကုသရေးအတွက် အသုံးပြုတဲ့ ဖက်ဒရယ်ဒေါ်လာငွေတွေကသာ လူ့အသက်တွေကို ကယ်တင်တယ်လို့ ထင်မြင်နေကြပါတယ်။

### အင်အားစိုက်ထုတ်ရမယ့် တိုက်ပွဲတစ်ခုကို ထရန့်ရင်ဆိုင်နေရ

ထရန့်ရဲ့အစီအစဉ်ကို အကြမ်းဖျင်းဖော်ပြခဲ့မှုနဲ့အတူ အိမ်ဖြူတော်က တရားရေးဌာနဟာ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေအောက်မှာ သင့်လျော်ညီညွတ်တဲ့အခါ မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်ဖောက်ကားသူတွေကို သေဒဏ်ချမှတ်ဖို့ ကြိုးစားလုပ်ဆောင်လိမ့်မယ်လို့ ပြောခဲ့ပါတယ်။

မူးယစ်ဆေးနဲ့ ဆက်နွှယ်နေတဲ့ လူသတ်မှုတွေဟာ အမေရိကန်မှာ အတော်လေးကြီးမားတဲ့ ရာဇဝတ်မှုဖြစ်နေသော်လည်း ဘယ်သူတစ်ဦးတစ်ယောက်မှ ဒီဥပဒေစည်းမျဉ်းတွေကို သုံးပြီးကွပ်မျက်ခံခဲ့ရတာမျိုး မရှိခဲ့ဖူးပါဘူး။ ဥပဒေတွေကို ကျွန်တော်တို့ ပြောင်းလဲရမှာဖြစ်ပြီး ဒါကို အခုကြိုးစားနေတဲ့ တရားရေးဌာနဟာလည်း ဒီကိစ္စနဲ့ ပတ်သက်ပြီး အသည်းအသန် ကြိုးစားနေတယ်လို့ ထရန့်က တနင်္လာနေ့မှာ ပြောခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီလိုကိစ္စမျိုးကို လှုပ်ရှားဖို့ ကွန်ဂရက်လွှတ်တော်ရဲ့ ဥပဒေတစ်ရပ် လိုအပ်မှာပါ။ ပြီးတော့ ဒါဟာ သင့်လျော်တဲ့ အပြစ်ပေးမှုနဲ့ ပတ်သက်ပြီး အရင်ဆုံးတရားရုံးချုပ်ရဲ့ စီရင်ဆုံးဖြတ်မှုနဲ့ ငြိစွန်းနိုင်ဖွယ်ရှိပါတယ်။

သမ္မတထရန့်အနေနဲ့ ၎င်းရဲ့ မူဝါဒဟာ အတော်လေး အင်အားစိုက်ထုတ်ရပေမယ့် တိုက်ပွဲတစ်ခုကို ရင်ဆိုင်နေရတယ်ဆိုတာကို တနင်္လာနေ့မှာ နားလည်လက်ခံလိုက်တဲ့ ပုံစံပါပဲ။ စံပြုလောက်တဲ့ ပြစ်ဒဏ်ဟာ သေဒဏ်ပဲ။ ကျွန်တော်တို့နိုင်ငံဟာ ဒီလိုလုပ်ဖို့အဆင်သင့်မဖြစ်သေးတာ ဖြစ်ကောင်းဖြစ်မယ်လို့ ထရန့်က ပြောခဲ့တာဖြစ်ပါတယ်။

### ကျန်တဲ့ ကမ္ဘာ့နိုင်ငံတွေ ဘာလုပ်ကြမလဲ

မူးယစ်ဆေးဝါးပြဿနာမရှိတဲ့ နိုင်ငံအချို့ကို ကြည့်လိုက်ကြရအောင်လို့ ထရန့်က ပြောတယ်။ ၎င်းဟာ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူတွေကို သတ်ဖြတ်စေခဲ့တဲ့ မူးယစ်ဆန့်ကျင်ရေး စစ်ပွဲဆင်နွှဲခဲ့သူ ဖိလစ်ပိုင်သမ္မတ ဒူတာတေးကိုလည်း အရင်က ချီးကျူးခဲ့ပါတယ်။

ဖိလစ်ပိုင် ရဲတပ်ဖွဲ့ရဲ့ပြောပြချက်အရဆိုရင် ၎င်းတို့ဟာ မူးယစ်ဆန့်ကျင်တဲ့ စစ်ဆင်ရေး အစိတ်အပိုင်းတစ်ခုအနေနဲ့ သံသယရှိသူ ၄၁၀၀ လောက်ကို ပစ်သတ်ခဲ့ပြီးပြီလို့ သိရပါတယ်။

ဒါပေမယ့် လူ့အခွင့်အရေးလှုပ်ရှားမှုအဖွဲ့တွေကတော့ ဖိလစ်ပိုင်ရဲတွေအမှန်တကယ်သတ်ဖြတ်လိုက်တဲ့ အရေအတွက်ဟာ ဖော်ပြထားတဲ့ ပမာဏရဲ့ သုံးဆဖြစ်ပြီး နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးက ဒါကို စုံစမ်းနေတယ်လို့ ဖော်ပြခဲ့ပါတယ်။

အီရန်နိုင်ငံကလည်း မူးယစ်ဆေးဝါးသုံးစွဲမှုအတွက် သေဒဏ်ပေးဖို့ ဥပဒေချမှတ်လိုက်ပါပြီ။

### ထရန့်ရဲ့ နောက်ထပ်အစီအစဉ်များ

ရီပတ်ဘလစ်ကန်သမ္မတက ၎င်းရဲ့အစိုးရအဖွဲ့ဟာ လာမယ့်သုံးနှစ်မှာ ဆရာဝန်တွေက ဘိန်းတွေသုံးစွဲမှု ညွှန်ကြားတာတွေကို သုံးပုံတစ်ပုံလောက် လျှော့ချသွားရေးအတွက် အစိုးရရဲ့ ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွေကို ပြင်ဆင်ဖြည့်စွက်သွားမယ်လို့ ဆိုပါတယ်။ ပေါ့ဆတဲ့ ဆေးဝါးပညာရှင်တွေနဲ့ ဆေးဆိုင်တွေ၊ ဆေးပေးခန်းတွေကိုလည်း စစ်ဆေးဆောင်ရွက်သွားဖို့ ဖွင့်ဟခဲ့ပြီး ပြဿနာရှိတဲ့ ဆေးဝါးထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီတွေဟာ တရားဥပဒေနဲ့ရင်ဆိုင်ရမယ်လို့ သတိပေးခဲ့ပါတယ်။

၎င်းရဲ့ အစီအစဉ်မှာ ဥပဒေအရ ပိတ်ပင်ထားတဲ့ ဘိန်းတွေရောင်းချ ဖြန့်ဖြူးမှုကို တားဆီးဖို့ နိုင်ငံတကာမေးလ်တွေ ရောက်ရှိမှုအတွက် အီလက်ထရွန်နစ် ဒေတာတွေကိုလည်း လိုအပ်မှာဖြစ်တယ်။ ဘိန်းဖြူပြဿနာကို တိုက်ဖျက်ရာမှာ အကူအညီရရှိဖို့ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၆ ဘီလီယံကို ငွေကြေးထည့်ဝင်မှုအသစ် တစ်ရပ်အနေနဲ့ ကွန်ဂရက်လွှတ်တော်က အတည်ပြုဖို့ လိုလားနေတယ်လို့ ထရန့်က ပြောကြားခဲ့ပါတယ်။ ။

**ကိုးကား-ဘီဘီစီ**



# ပွင့်လင်းရာသီရောက်လာသော်လည်း နတ်ပေါက်ဆင်စခန်းသို့ လာရောက်သူနည်းပါးနေ

**စစ်ကိုင်း မတ် ၂၁**

နတ်ပေါက်ဆင်စခန်းကို လွန်ခဲ့သော နှစ်နှစ်ကျော်ကာလမှာ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုကဲ့သို့ ပွင့်လင်းရာသီရောက်လာသည့်တိုင် ဆင်စခန်းသို့လာရောက်လည်ပတ်သူနည်းပါးနေကြောင်း ယင်းဆင်စခန်းရှိ ဆင်ဦးစီးတစ်ယောက်၏ ပြောပြချက်အရ သိရသည်။

နတ်ပေါက်ဆင်စခန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း၌ တည်ရှိနေသော်လည်း ကသာမြို့နှင့် ပိုမိုနီးကာ ၁၀ မိုင်ကျော်အကွာ၌ တည်ရှိနေသည်။ ထိုဆင်စခန်း၌ သရုပ်ပြဆင် အထီး၊ အမနှင့် ဆင်ကလေးကိုးကောင်၊ ဝန်တင်ဆင်အထီး၊ အမ ၁၀ ကောင် စုစုပေါင်း ၁၉ ကောင်ရှိနေသည်။

နတ်ပေါက်ဆင်စခန်းကို ဆင်စခန်းဝင်ကြေးအဖြစ် မြန်မာတိုင်းရင်းသားတစ်ဦးလျှင်ငွေကျပ် ၁၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင်ငွေကျပ် ၂၀၀၀၊ ခရီးတိုဆင်စီးခြင်းအဖြစ် တိုင်းရင်းသားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀၊ ခရီးရှည်ဆင်စီးခြင်းအဖြစ် တိုင်းရင်းသားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

ခရီးတိုဆင်စီးလျှင် ကြာချိန် ၁၅ မိနစ်ရှိသကဲ့သို့ ခရီးရှည်ဆင်စီးလျှင် ၅ နာရီကျော် ကြာမြင့်မည်ဖြစ်ပြီး နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ဆင်ကောက်ယူခြင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ ဆင်ရေချခြင်း၊ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆင်ပြသခြင်း၊ ဆင်အစာကျွေးခြင်း၊ ဆင်စီးခြင်း၊ မွန်းတည့် ၁၂ နာရီမှ ၁ နာရီအထိ ဆင်များအား စားကျက်အတွင်း ပြန်လွှတ်ခြင်း၊ ၁ နာရီမှ ၂ နာရီအထိ ဆင်စခန်းသန့်ရှင်းရေးလုပ်ခြင်းနှင့် ညနေ ၄ နာရီမှ ၆ နာရီအထိ စားကျက်အတွင်း စစ်ဆေးခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



ဆင်စီးခြင်းကို နေ့စဉ် ၉ နာရီမှ ၁၂ နာရီအထိ သတ်မှတ်ထားသော်လည်း အစိုးရရုံးပိတ်ရက်များ၌ ညနေ ၄ နာရီအထိ ခွင့်ပြုထားကြောင်း သိရပြီး နတ်ပေါက်ဆင်စခန်းသည် လမ်းပန်းဆက်သွယ်ရေးကောင်းသော လမ်းမကြီးအနီး၌ တည်ရှိလျက် လာရောက်လေ့လာလည်ပတ်ကြသူများအား စိတ်ချမ်းသာပျော်ရွှင်မှုပေးလျက်ရှိနေကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# စံပြဆေးရုံများ ဆုချီးမြှင့်ပွဲ ထားဝယ်တွင်ကျင်းပ

**ထားဝယ် မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ၂၀၁၇ ခုနှစ် စံပြတိုက်နယ်ဆေးရုံ၊ စံပြမြို့နယ်ဆေးရုံများဆုချီးမြှင့်ပွဲအခမ်းအနားကို ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ မတ် ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးဟိုပင်က အမှာစကားပြောကြားသည်။

ဝန်ကြီးက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူလူထု၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ဆေးကုသမှုအရည်အသွေးပြည့်ဝစေရန်နှင့် သန့်ရှင်းသပ်ရပ်ပြီး ပြည်သူလူထုအားကိုးရသည့် စံပြုရသည့် ဆေးရုံများပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် စံပြတိုက်နယ်ဆေးရုံ စံပြမြို့နယ်ဆေးရုံများကိုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ရာတွင် ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်းများအပေါ်အခြေခံ၍ ရွေးချယ်ရေးအဖွဲ့များက ကွင်းဆင်းကြည့်ရှု၍ အကဲဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးချယ်ခြင်းခံရသော ဆေးရုံများမှ ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ မိမိတို့ရရှိထားသည့် စွမ်းဆောင်ရည်ကောင်းမွန်မှုများကို ထိန်းသိမ်းထားရန် လိုအပ်သကဲ့သို့ ပိုမိုတိုးတက်အောင်လည်း ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းခဲ့သည်။

ဆက်လက်၍ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာအေးအောင်က စံပြဆေးရုံများ ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စံပြမြို့နယ်ဆေးရုံ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ပုလောမြို့နယ် ပြည်သူ့ဆေးရုံ၊ သရက်ချောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ လောင်းလုံးမြို့နယ် ပြည်သူ့ဆေးရုံတို့အား ဝန်ကြီးဦးဟိုပင်ကလည်းကောင်း၊ တိုက်နယ်ဆေးရုံ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော တနင်္သာရီမြို့နယ် တကူတိုက်နယ်ဆေးရုံ၊ ပုလောမြို့နယ် ပလတိုက်နယ်ဆေးရုံ၊ သရက်ချောင်းမြို့နယ် ရငဲ တိုက်နယ်ဆေးရုံတို့အား ဝန်ကြီးဦးဟိုပင်၏ဇနီး ဒေါ်မာမာလွင်ကလည်းကောင်း ဆုများချီးမြှင့်ပြီး စုပေါင်းဓာတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း - ထားဝယ်**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်များရှိနေသေးဟုဆို

**မုံရွာ မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးသည် တိုင်းဒေသကြီး ပြည်နယ်များတွင် ဒုတိယအကျယ်ဆုံးတိုင်းဒေသကြီး တစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းကောင်းများရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရေးနှင့် ခရီးသွားလုပ်ငန်းအခြေခံအဆောက်အအုံများ တည်ဆောက်သွားရန် လိုအပ်နေသေးကြောင်း အွန်လိုင်းခရီးသွားလုပ်ငန်းလုပ်ကိုင်သည့် (Flymya.com) မှ ဦးငြိမ်းချမ်းစိုးဝင်း၏ ပြောကြားချက်များအရ သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးဟာ ဧရိယာအနေနဲ့ အလွန်ကျယ်ပါတယ်၊ ခရီးသွားတွေ သွားရောက်လည်ပတ်တဲ့ နေရာတွေလည်း အများကြီးရှိပါတယ်၊ ဥပမာ ကသာခရိုင်ဆို အင်္ဂလိပ်အမွေအနှစ်တွေရှိတယ်၊ အဲဒီလိုပဲ ယင်းမာပင်ခရိုင်အတွင်းက ဖိုလ်ဝင်တောင်နဲ့ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ဆိုရင်လည်း သဘာဝကိုနှစ်သက်တဲ့ ခရီးသွားတွေ သွားကြပါတယ်၊ ဒါပေမယ့် တစ်နေရာနဲ့တစ်နေရာ အလှမ်းကွာဝေးတာကြောင့် နိုင်ငံခြားသား ခရီးသွားတွေတည်းခိုသွားလာ စားသောက်နိုင်ဖို့ နေရာတွေကို ဖြည်းဖြည်းချင်းလုပ်သွားရမှာပါ၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးဖို့အတွက် တစ်ဆင့်ချင်းအနေနဲ့ လုပ်ဆောင်နေပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ခရီးသွားတွေ လည်ပတ်နိုင်ဖို့ အကောင်းဆုံးလို့ ပြောရတာ နည်းနည်းခက်နေပါသေးတယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး သဘာဝခရီးသွားနယ်မြေများ၊ အထင်ကရနေရာများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံအများအပြားရှိပြီး လူမျိုးပေါင်းစုံနေထိုင်သည့် တိုင်းဒေသကြီးတစ်ခုဖြစ်သဖြင့် ခရီးသွားလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် နေရာဒေသများစွာရှိနေသော်လည်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လမ်းများကောင်းမွန်ရေးသည် အဓိကအခက်အခဲဖြစ်နေကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မတော်တဆထိခိုက်မှုနှင့် သေဆုံးမှု လျှော့နည်းရေး ကွင်းဆင်းဟောပြော

**ညောင်ဦး မတ် ၂၁**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၈) တပ်ခွဲစု(၃)ပုဂံမှ တပ်ဖွဲ့စုမှူး ရဲအုပ်အောင်ကျော်မိုးဦးဆောင်သော တပ်ဖွဲ့ဝင်များသည် မတ် ၁၉ ရက်က ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု - ငါ့လင်းပုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးငွေညွန့်နှင့် ပူးပေါင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံကျေးလက်နေပြည်သူများကို မီးရထားဖြင့် မတော်တဆ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုဖြစ်စဉ်များ လျော့နည်းကျဆင်းစေရန် ရည်ရွယ်၍ အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ရထားရဲတပ်ဖွဲ့အမှတ်(၁၈) တပ်ခွဲစု (၃) ပုဂံမှ တပ်ဖွဲ့စုမှူးက မီးရထားဖြင့် လူတိရစ္ဆာန်များ မတော်တဆ ထိခိုက်မိ၍ သေဆုံးမှုဖြစ်စဉ်များ၊ မီးရထားကိုခဲဖြင့် ပစ်ပေါက်ပါက ပြည်သူများ အရေးယူခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ရထားပို့ဆောင်ရေး ဥပဒေပုဒ်မများအကြောင်းကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများက သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တပ်ဖွဲ့စုမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျောက်လွှာများ ဖောက်ထွင်းပြီး စက်ရေတွင်းများ တူးဖော်ပေး၍ လှိုင်းဘွဲမြို့ ထီလုံရွာမှ ပြည်သူများဝမ်းမြောက်

**ဘားအံ မတ် ၂၁**

လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာသည် ထုံးကျောက်လွှာများကြောင့် ဒေသတွင်းတူးစက်ငယ်များဖြင့် တူးဖော်ရာတွင် အနိမ့်ပိုင်းဒေသများ၌သာ တူးဖော်နိုင်ပြီး နှစ်စဉ် ဧပြီလနှင့်မေလများတွင် ရေခန်းခြောက်လေ့ရှိသဖြင့်ကျေးရွာသူ၊ ကျေးရွာသားများက နွေရာသီ ရေရှားပါးသည့် ပြဿနာများဖြင့် နှစ်စဉ်ကြုံတွေ့ရသည်။ သောက်သုံးရေကို ဝယ်ယူသုံးစွဲနေကြရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တွင်းတူးစက်ကြီးဖြင့် ထီလုံကျေးရွာတွင် စက်ရေတွင်းနှစ်တွင်း တူးဖော်ပေးခဲ့ရာ ပထမတစ်တွင်းသည် အနက်ပေ ၄၀၀ ၌ တစ်နာရီရေဂါလန် ၁၈၀၀ နှုန်းခန့်ထွက်ရှိပြီး ဒုတိယတွင်းသည် အနက်ပေ ၃၉၅ ၌ တစ်နာရီ ရေဂါလန် ၂၀၀၀ နှုန်းခန့်ထွက်ရှိသဖြင့် ထီလုံကျေးရွာအတွက် နွေရာသီ ရေရှားပါးမှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ထီလုံကျေးရွာသည် အိမ်ခြေပေါင်း ၇၀၀ ကျော်ရှိပြီး လူဦးရေ ၄၄၇၂ ဦးနေထိုင်ကြကြောင်း သိရသည်။

“အရင်တုန်းက ရွာနဲ့ မိုင်ဝက်၊ တစ်မိုင်လောက်ဝေးတဲ့ ရေရှိတဲ့နေရာကို တွန်းလှည်း၊ ခေါင်းရွက်ပုံးတွေနဲ့ သွားပြီးတော့ ခပ်ရပါတယ်၊ မနက်လေးနာရီလောက်ထပြီး ရေခပ်ရတယ်၊ တချို့ဆိုရင်ချောင်းနားမှာ ကျင်းတွေတူးပြီးတော့ရေသွားခပ်ရပါတယ်၊ ရေရှားပါးတဲ့အတွက်ကြောင့် စိုက်ပျိုးရေအပါအဝင် ကျွဲ၊ နွား တိရစ္ဆာန်တွေရဲ့ သောက်သုံးရေအတွက်ပါ အခက်အခဲတွေရှိခဲ့ပါတယ်၊ အခုရေရပြီဆိုတော့ အားလုံးအဆင်ပြေပါပြီ၊ ပထမအဆင့်အနေနဲ့ ရေကန်တည်မယ်၊ ပိုက်လိုင်းတွေ သွယ်မယ်၊ ရေစင်တွေတင်မယ်၊ အိမ်တိုင်ရာရောက်ရေသွယ်ယူနိုင်ဖို့ စီစဉ်ထားပါတယ်၊ သောက်သုံးရေရရှိပြီဖြစ်တဲ့အတွက် အခုလိုရေရရှိအောင် ကူညီထောက်ပံ့ပေးတဲ့ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း ထီလုံကျေးရွာသူ ကျေးရွာသားတွေကိုယ်စား ရပ်မိရပ်ဖတစ်ဦးအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်” ဟု ဦးခွန်သိန်းထွန်းက ပြောသည်။

ကရင်ပြည်နယ်၏ မြေမျက်နှာသွင်ပြင် ပထဝီအနေအထားအရ မြေအောက် ပေ ၂၀၊ ပေ ၃၀ ကျော်လျှင် ထုံးကျောက်လွှာများ၊ သင်ပုန်းကျောက်လွှာများ တည်ရှိနေသည့်အတွက်ကြောင့် အဆိုပါ ကျောက်အလွှာများကို ဒေသစက်များဖြင့်တူးဖော်လျှင် ပေ ၁၀၀၊ ပေ ၁၅၀ ခန့်သာတူးနိုင်ပြီး အပေါ်ယံ မိုးရာသီအချိန်ကအောင်းထားသည့် ရေများသာရရှိနိုင်ကာ နွေရာသီတွင် ခန်းခြောက်သွားသည့်အတွက် ဒေသစက်များဖြင့်တူး၍ မရနိုင်သည့် နေရာများကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပေ ၄၀၀၊ ပေ ၅၀၀ ကျော်တွင်ရှိသည့် ကျောက်လွှာအောက်မှရေကို တူးဖော်၍ ရေရှားပါးမှုကို ဖြေရှင်းပေးခြင်းဖြစ်ကြောင်း၊ အနက်ပေ ၅၀၀ ကျော်အထိ ကျောက်ဖောက်တွင်းတူးစနစ်ဖြင့် တူးဖော်နိုင်သည့် ဘွန်းတွင်းတူးစက်ကြီးများဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှစ၍ စက်ရေတွင်းများတူးဖော် ဆောင်ရွက်ပေးလျက်ရှိရာ ဘားအံမြို့နယ်တွင် ၂၂ တွင်း၊ လှိုင်းဘွဲမြို့နယ်တွင် ၁၄ တွင်း၊ ကော့ကရိတ်မြို့နယ်တွင် ခုနစ်တွင်း စုစုပေါင်း ၄၃ တွင်း တူးဖော်ပေးနိုင်ခဲ့ကြောင်း၊ နောက်ထပ်တူးဖော်ပေးရန် တွင်း ၄၀ ခန့် စာရင်းပေးပို့ထားကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၂၅)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



### ခရမ်းလွန်ရောင်ခြည် မသင့်ရလေအောင်

လူတို့နေထိုင်ရာ မြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ သက်ရှိများနေထိုင်သော ဂြိုဟ်ကြီးတစ်လုံးဖြစ်သည်။ ကမ္ဘာမြေကြီးအတွက် လိုအပ်သော အလင်းရောင်နှင့် အပူရှိန်တို့ကို နေလုံးကြီးက ထုတ်လွှတ်ပေးလျက်ရှိသည်။ နေနှင့် ကမ္ဘာတို့သည် ကီလိုမီတာပေါင်း ၁၄၄ သန်းခန့်ကွာဝေးပြီး နေမှ ထုတ်လွှတ်လိုက်သော အလင်းရောင်သည် လေဟာနယ်အတွင်း၌ တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀၀၀၀၀ အမြန်နှုန်းဖြင့် ရွေ့လျားလာသည့်အတွက် ကမ္ဘာမြေပေါ်သို့ နေ၏အလင်းရောင်ရောက်ရှိရန် အချိန် ၈ မိနစ်ကျော်ကြာမြင့်သည်။ သို့ဖြစ်၍ မည်သည့်အချိန်၌မဆို မြင်တွေ့ရသော နေ၏အလင်းရောင်သည် လွန်ခဲ့သော ၈ မိနစ်ကျော်က ထုတ်လွှတ်လိုက်သော နေရောင်အလင်းသာလျှင်ဖြစ်သည်ကို သိရှိထားသင့်ကြသည်။

လူတို့နေထိုင်လျက်ရှိကြသည့် နေစကြဝဠာအဖွဲ့အစည်းကြီး၏ အဓိပတိဖြစ်သော နေလုံးကြီး၏ ပြင်းထန်သောအပူရှိန်များသည် ကမ္ဘာမြေပြင်ပေါ်သို့ကျရောက်သည်။ နေလုံးကြီး၏ မျက်နှာပြင်ရှိ ရှုပ်ထွေးနေသော သံလိုက်စက်ကွင်းများ၏ ရောယှက်သက်ရောက်မှုကြောင့်နေ၏မျက်နှာပြင်ပေါ်တွင် အင်္ဂလိပ်အက္ခရာ ပုံသဏ္ဍာန်ရှိ ဆစ်ဂမွိုက် ဓာတ်ငွေ့တိမ်တိုက်များဖြစ်ပေါ်ကာ တစ်နေ့တာအတွင်း အကြိမ်ရေအတော်များများ ပေါက်ကွဲလျက်ရှိနေသည်။

ယင်းကဲ့သို့သော နေလုံးကြီး၏ သဘာဝဖြစ်စဉ်အတိုင်း ပေါက်ကွဲနေမှုများကြောင့် လူတို့နေထိုင်ရာ မြေကမ္ဘာပေါ်သို့ နေ၏အလင်းရောင်များ ကျရောက်လာရသည်။ သဘာဝ နေရောင်ခြည်တွင် ခရမ်းရောင်၊ မဲနယ်ရောင် အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်စသည်ဖြင့် အရောင် ခုနစ်မျိုး ပါဝင်နေသည်။ ရောင်စဉ်များအလိုက် လှိုင်းအလျားကို နာနိုမီတာဖြင့်သတ်မှတ်ထားကြရာ ခရမ်းရောင်၏ လှိုင်းအလျားမှာ နာနိုမီတာ ၄၀၀ ရှိပြီး အနီရောင်၏ လှိုင်းအလျားကမူ နာနိုမီတာ ၇၆၀ ရှိသည်။

သိပ္ပံပညာရှင်တို့က နာနိုမီတာ ၄၀၀ အောက်ရှိသော ရောင်ခြည်ကို ခရမ်းလွန်ရောင်ခြည်ဟု သတ်မှတ်ခေါ်ဆိုကြပြီး လှိုင်းအလျား နာနိုမီတာ ၇၆၀ ထက်ပိုများသော ရောင်ခြည်ကိုမူ အနီအောက်ရောင်ခြည်ဟု သတ်မှတ်ခေါ်ဆိုကြသည်။

နေလုံးကြီး၏ ပေါက်ကွဲမှုဖြစ်စဉ်များအနက် ထူးထူးခြားခြား အင်အားကြီးမားသည့် ပေါက်ကွဲမှုကြီးမျိုးမှာ တစ်နှစ်လျှင် ၂၅ ကြိမ်ခန့်ရှိတတ်ပြီး ယင်းကဲ့သို့သော ပေါက်ကွဲမှုကြီးများဖြစ်ပေါ်သည့်အခါ အာကာသထဲသို့ ပူလောင်သောလျှပ်စစ်ဓာတ် သယ်ဆောင်ထားသည့် ဓာတ်ငွေ့တန်ချိန် သန်းပေါင်း ၁၀၀၀၀ ခန့်ကို ထုတ်လွှတ်ကာ အာကာသထဲ၌ သံလိုက်ဓာတ်အား မုန်တိုင်းတစ်ခုကို ဖြစ်ပေါ်စေသည်။

ထိုမျှ ကြီးမားပြင်းထန်လှသော နေလုံးကြီး၏ပေါက်ကွဲမှုကြောင့် ခရမ်းလွန်ရောင်ခြည် (Ultra Violet Rays)များနှင့် ကော့စမစ်ရောင်ခြည် (Cosmic Rays)များ ဖြာထွက်လာသည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာသင့်ရောက်ပါက ပြင်းထန်သော အရေပြားရောဂါများနှင့် မျက်စိတိမ်စွဲခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သလို...ကော့စမစ်ရောင်ခြည်သင့်ပါကလည်း ကိုယ်လက်အင်္ဂါမစုံလင်သော ကလေးများကို မွေးဖွားလာစေနိုင်သည်။

သို့ရာတွင် အာကာသထဲရှိ Magnetic Bubble ခေါ် သံလိုက်အမြှုပ်များက ကော့စမစ်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်မလာစေရန် ကာရံပေးထားသလို ... ကမ္ဘာ့မြေမျက်နှာပြင်အထက် ၁၆ ကီလိုမီတာမှ ၄၈ ကီလိုမီတာအတွင်းရှိ အိုဇုန်းလွှာကြီးကလည်း ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ ကျရောက်မလာစေရန် သဘာဝအလျောက် ကာရံပေးထားလျက်ရှိသည်။

အာကာသထဲရှိ သံလိုက်အမြှုပ်များသည် ကမ္ဘာပေါ်၌ ဖြစ်ပေါ်နေသော သဘာဝဖြစ်စဉ်များနှင့် စက်မှုလက်မှုလုပ်ငန်းတို့ကြောင့် ထိခိုက်မှုမရှိနိုင်ပေ။ အိုဇုန်းလွှာကြီးကမူ ကမ္ဘာမြေပေါ်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော ရာသီဥတုများကြောင့် ထိခိုက်မှုမရှိနိုင်သော်လည်း၊ လူတို့ဖန်တီးပြုလုပ်သည့် ဓာတုပစ္စည်းများ၊ ဓာတ်ငွေ့များ၊ စွန့်ထုတ်အခိုးအငွေ့များစသည်တို့ကြောင့် ထိခိုက်ခြင်း၊ ပါးလွှာခြင်း၊ ပေါက်ထွက်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်။

စက်မှုလုပ်ငန်းများ၌ အသုံးပြုနေကြသော ကာဗွန်ဒြပ်ပေါင်းများနှင့် စွန့်ထုတ်အခိုးအငွေ့ တန်ချိန်ပေါင်းများစွာတို့သည် အိုဇုန်းလွှာကို ထိခိုက်စေပြီး လေအေးပေးစက်နှင့် ရေခဲသေတ္တာစသည်တို့တွင် ထည့်သွင်းအသုံးပြုသော ဖရီယွန်ဓာတ်ငွေ့ခေါ် ကလိုရိုဖလူရိုကာဗွန် (CFC)များ ယိုစိမ့်ထွက်ခြင်းကမူ ကမ္ဘာ့အိုဇုန်းလွှာကို ပေါက်ထွက်စေသည်အထိ ဆိုးကျိုးကိုဖြစ်ပေါ်စေသည်။ စီအက်ဖ်စီဓာတ်ငွေ့များသည် လေထုအပေါ်ယံလွှာသို့ ရောက်ရှိသည့်အခါ အိုဇုန်းလွှာအတွင်းရှိ အိုဇုန်းဓာတ်ငွေ့ မော်လီကျူးများကို ပြိုကွဲသွားစေသောကြောင့် အိုဇုန်းလွှာပါးလာခြင်းမှသည် ပေါက်ထွက်သွားသည်အထိပင် ဖြစ်ပေါ်စေနိုင်သည်။

စီအက်ဖ်စီကို ကမ္ဘာအနှံ့ တွင်ကျယ်စွာ အသုံးပြုခဲ့ကြခြင်းကြောင့် ယင်း၏ဆိုးကျိုးသက်ရောက်မှုအဖြစ် သိပ္ပံပညာရှင်များက ၁၉၈၅ ခုနှစ်တွင် အန္တာတိကတိုက်အပေါ်၌ အိုဇုန်းလွှာပေါက်ထွက်နေခြင်းကို စတင်တွေ့ရှိခဲ့ကြသည်။ ၁၉၉၈ ခုနှစ်အရောက်တွင် အိုဇုန်းလွှာအပေါက်ကြီး၏ အရွယ်ပမာဏမှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းခန့်အထိရှိလာကြောင်း တွေ့ရှိခဲ့ကြရသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံသုတေသီတို့က စီအက်ဖ်စီဓာတ်ငွေ့ထုတ်လုပ်မှုကို ပထမအဆင့်အနေဖြင့်လျှော့ချရန်၊ ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်မှုရပ်ဆိုင်းရန်နှင့်နောက်ဆုံးအဆင့်အနေဖြင့် အသုံးပြုခြင်းမှလုံးဝရပ်စဲရန် တိုက်တွန်းခဲ့ကြသည်။

ထိုကဲ့သို့သော တိုက်တွန်းချက်များအပေါ် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက စီမံချက်ချမှတ်၍ လုပ်ဆောင်ခဲ့သည့်ကြားကပင် အမေရိကန် အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(NASA)၏ သိပ္ပံပညာရှင်များက ၂၀၀၀ ပြည့်နှစ်၊ နှစ်လယ်ပိုင်းတွင် အန္တာတိကတိုက်ပေါ်ရှိ အိုဇုန်းလွှာအပေါက်ကြီးကို ထပ်မံတိုင်းတာခဲ့ကြရာတွင် အိုဇုန်းလွှာအပေါက်ကြီးသည် စတုရန်းမိုင် ၁၁ သန်းခန့်အထိ ကြီးမားလာပြီး အန္တာတိက ဒေသတစ်ခုလုံးကိုသာမက တောင်အမေရိကတိုက်၏ တောင်ဘက်အဖျားပိုင်းအထိပင် ရောက်ရှိ လွှမ်းမိုးထားပြီဖြစ်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ရှိခဲ့ကြရသည်။

နေလုံးကြီး၏ ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော လျှပ်စစ်သံလိုက်လှိုင်းများသည် နာနိုမီတာ ၁၀၀ မှ ၄၀၀ အကြားရှိ ခရမ်းလွန်ရောင်ခြည်များကို ထွက်ပေါ်လာစေသည်။ အဆိုပါ ခရမ်းလွန်ရောင်ခြည်များအနက် နာနိုမီတာ ၂၅၀ အောက်ရှိသည့် ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ မကျရောက်နိုင်သော်လည်း နာနိုမီတာတန်ဖိုးမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များကမူ အိုဇုန်းလွှာ၏ အကာအကွယ်မရှိခဲ့ပါက ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်လာနိုင်သည်။

လူတို့၏မျက်စိသည် ခရမ်းလွန်ရောင်ခြည်ကို မြင်နိုင်စွမ်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် လူတို့၏ မျက်စိအတွင်းပိုင်းရှိ အာရုံခံလွှာတွင် အလွန်သေးငယ်သည့်ကလပ်စည်းများဖြင့် ဖွဲ့စည်းထားသော အလင်းရောင်အာရုံခံအမှေးပါး(Visual Pigment)သည် လှိုင်းအလျား နာနိုမီတာ ၄၀၀ မှ ၇၆၀ အတွင်းရှိသော အရောင်များကိုသာ ခံစားမြင်တွေ့နိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့်ပင် နာနိုမီတာ ၄၀၀ ထက်နည်းသော ခရမ်းလွန်ရောင်ခြည်ကိုသော်လည်းကောင်း၊ နာနိုမီတာ ၇၆၀ ထက်များသော အနီအောက်ရောင်ခြည်ကိုသော်လည်းကောင်း လူတို့၏မျက်စိက မမြင်ရခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်များကို သိပ္ပံပညာရှင်တို့က အုပ်စု သုံးစုခွဲ၍ သတ်မှတ်ပေးထားခဲ့ကြရာ နာနိုမီတာ ၂၅၀ အောက်ရှိသည့် C အုပ်စုခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာ့လေထုလွှာအတွင်းသို့ ရောက်ရှိမလာနိုင်သည့်အတွက် ယင်းတို့၏ အန္တရာယ်ကို စိုးရိမ်ရန်မလိုအပ်ပေ။ ကျန်အုပ်စု နှစ်ခုအနက် နာနိုမီတာတန်ဖိုး ၂၅၀ မှ ၃၁၅ အကြားရှိ B အုပ်စုခရမ်းလွန်ရောင်ခြည်များနှင့် နာနိုမီတာတန်ဖိုး ၃၁၅ မှ ၄၀၀ အကြားရှိ A အုပ်စုခရမ်းလွန်ရောင်ခြည်များသည် အိုဇုန်းလွှာ၏အကာအကွယ်မဲ့နေခဲ့လျှင် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်သို့ ကျရောက်လာနိုင်သည်။

ယင်းတို့အနက် B အုပ်စုဖြစ်သော ခရမ်းလွန်ရောင်ခြည်များသည် လူ့ခန္ဓာကိုယ်အရေပြား၏ အပေါ်ယံအထိသာ ရောက်ရှိနိုင်ပြီး A အုပ်စုဖြစ်သော ခရမ်းလွန်ရောင်ခြည်များကမူ လူ့ခန္ဓာကိုယ် အရေပြား၏ အတွင်းပိုင်းထိတိုင် ထိုးဖောက်ဝင်ရောက်နိုင်သည်။ ထို့ကြောင့်ပင် ခရမ်းလွန်ရောင်ခြည်များ အချိန်ကြာမြင့်စွာ သင့်ရောက်ပါက အရေပြားပေါ်တွင် နေလောင်ကွက်များဖြစ်ပေါ်ခြင်း၊ ရုပ်ဆင်းသဏ္ဍာန် အိုမင်းရင့်ရော်ခြင်း၊ မျက်စိတိမ်စွဲခြင်း၊ အရေပြားကင်ဆာရောဂါ ခံစားရခြင်းများကို ဖြစ်စေနိုင်သည်။

ထို့ကြောင့်ပင် သိပ္ပံပညာရှင်တို့က ခရမ်းလွန်ရောင်ခြည် သင့်ရောက်မှုကို အညွှန်းကိန်း (UV Index) များဖြင့် သတ်မှတ်ပေးခဲ့ကြပြီး ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများအလိုက် ဖြစ်ပွားလာနိုင်ဖွယ်ရှိသော ဆိုးကျိုးသက်ရောက်မှုများကို အောက်ပါအတိုင်း သတိပေးထုတ်ပြန်ခဲ့ကြသည်။

| | |
|---|---|
| UV Index 3အောက် | နေပူထဲ၌ အကာအကွယ်မဲ့ သွားလာသည့်တိုင် ကျန်းမာရေး ပြဿနာ မရှိနိုင်ပေ။ |
| UV Index 3 မှ 6 | ထီး၊ ဦးထုပ်စသည့် အကာအကွယ်ဖြင့်သာ နေရောင်ထဲ၌ သွားလာသင့်သည်။ |
| UV Index 6 မှ 9 | အရေပြားနှင့် မျက်စိတို့ကို နေရောင်နှင့် တိုက်ရိုက်မထိတွေ့စေသင့်ပေ။ ထီး၊ ဦးထုပ်၊ နေကာမျက်မှန် စသည့်တို့ကို ဝတ်ဆင်ပြီးမှ နေရောင်ထဲ၌ သွားလာသင့်သည်။ နေရောင်ဒဏ်ခံ လိမ်းဆေးများကို လိမ်းသင့်သည်။ |
| UV Index 10 မှ 11 အထက် | နေရောင်နှင့်ထိတွေ့ချိန် ကြာမြင့်လွန်းပါက အရေပြားနှင့် မျက်စိ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ တတ်နိုင်သမျှ အရိပ်ရသော နေရာမျိုး၌သာ နေသင့်ပြီး မလွှဲမရှောင်သာဘဲ နေပူထဲသို့ သွားရမည်ဆိုပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်၊ အင်္ကျီလက်ရှည်၊ လုံချည်၊ ထဘီ၊ ဘောင်းဘီရှည်နှင့် ဂါဝန်ရှည်များကိုသာ ဝတ်ဆင်သင့်သည်။ နေရောင်ဒဏ်ခံ အဆင့်မြင့် လိမ်းဆေးများကို လိမ်းသင့်သည်။ |

ဤနေရာတွင် နေရောင်ဒဏ်ခံလိမ်းဆေးများအနက် သာမန်လိမ်းဆေးများဟုဆိုရာတွင် Sun Protection Factor (SPF) အဆင့် ၁၅ မှ ၃၀ အတွင်းရှိသည့် လိမ်းဆေး(Lotion)များဖြစ်ကြပြီး အဆင့်မြင့် လိမ်းဆေးများဟုဆိုရာ၌ SPF အဆင့် ၃၀ မှ ၅၀ အတွင်းရှိသည့် လိမ်းဆေးများနှင့် SPF 50+ လိမ်းဆေးများကို ဆိုလိုခြင်းဖြစ်သည်။

မြန်မာ့မြေပေါ်တွင်ပေါက်ရောက်သော သနပ်ခါးသည် ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ရန်အတွက် အကောင်းဆုံးသော သဘာဝလက်ဆောင်ပစ္စည်းတစ်ခု ဖြစ်သည်။ နေရောင်ဒဏ်ခံလိမ်းဆေးများသည် ခန္ဓာကိုယ်အရေပြားအတွင်းသို့ ခရမ်းလွန်ရောင်ခြည်များ ဖောက်ထွင်းဝင်ရောက် မလာနိုင်အောင် ကာကွယ်ပေးနိုင်ခြင်းမရှိဘဲ၊ ဖောက်ထွင်းဝင်ရောက်နေသည့် ခရမ်းလွန်ရောင်ခြည်များကိုသာ စုပ်ယူ ပေးနိုင်စွမ်းရှိသည်။ မြန်မာ့သနပ်ခါးကမူ ခန္ဓာကိုယ်အရေပြားကို ခရမ်းလွန်ရောင်ခြည် ဖောက်ထွင်းဝင်ရောက်ခြင်း မပြုနိုင်အောင် ကာကွယ်ပေးနိုင်စွမ်းရှိသည်။

ယေဘုယျအားဖြင့် မွန်းတည့်ချိန်ကာလများ၌ နေရောင်ထဲတွင် အကာအကွယ်မဲ့သွားလာခြင်းမျိုးမှ ရှောင်ရှားခြင်း၊ နေကိုစူးစိုက်ကြည့်ခြင်းမျိုးမှ ရှောင်ရှားခြင်း၊ မွေးကင်းစနှင့် လသားအရွယ် ကလေးငယ်များကို ပက်လက်အနေအထားဖြင့် ပွေ့ချီ၍ အကာအကွယ်မဲ့သွားလာခြင်းမျိုးမှ ရှောင်ရှားခြင်း၊ ခရမ်းလွန်ရောင်ခြည် သင့်ရောက်ခြင်းကို တားဆီးပေးနိုင်သော UV Protection ပါသည့် ထီးနှင့်ဦးထုပ်များကို ဆောင်းထားခြင်း၊ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်သော နေကာမျက်မှန်(UV Protective Glare Glass)များ တပ်ဆင်ထားခြင်း၊ ပြင်းထန်သောနေရောင်ခြည်၏ဒဏ်ကို ကာကွယ်ပေးသည့် Tinted Glass များ တပ်ဆင်ထားသော မော်တော်ကားများကိုသာ အသုံးပြုခြင်း၊ နေအိမ်အဆောက်အအုံများ၌ နေရောင်ခံမှန်(Sun Glass)များ တပ်ဆင် အသုံးပြုခြင်း၊ နေရောင်ဒဏ်ခံ လိမ်းဆေးများလိမ်းခြင်း၊ နေရောင်နှင့်ထိတွေ့နိုင်သော ခန္ဓာကိုယ် နေရာအနှံ့ကို သနပ်ခါးလိမ်းထားခြင်း စသည်တို့သည် ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာသင့်ရောက်မှုခံရခြင်းနှင့် ပြင်းထန်သောအပူဒဏ်ခံရခြင်းတို့မှ လွတ်ကင်းနိုင်သည်။

ခရမ်းလွန်ရောင်ခြည်နှင့်ပတ်သက်၍ စိတ်သက်သာစရာ အချက်တစ်ချက်မှာ စီအက်ဖ်စီကဲ့သို့သော ဓာတ်ငွေ့နှင့် ကာဗွန်ဒြပ်ပေါင်းများစွန့်ထုတ်မှုကို သိသာစွာလျှော့ချလိုက်လျှင် အိုဇုန်းလွှာအပေါက်ကြီး၏ ကျယ်ပြန့်နေမှုမှာ တဖြည်းဖြည်း လျော့ပါးသက်သာလာပြီး ဓာတ်ငွေ့ထုတ်လွှတ်မှုကို စနစ်တကျ ထိန်းချုပ်နိုင်လျှင် အိုဇုန်းလွှာအပေါက်ကြီးမှာ ပြန်လည်ကျုံ့ဝင်သွားနိုင်ခြင်းပင်ဖြစ်သည်။ စီအက်ဖ်စီအပါအဝင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးကို ကမ္ဘာ့နိုင်ငံများက တညီတညွတ်တည်း လေးစားလိုက်နာကြမည် ဆိုပါက အိုဇုန်းမော်လီကျူးများ ပြန်လည်ဖြစ်တည်လာကာ အိုဇုန်းလွှာပေါက်ထွက်နေမှုဧရိယာမှာလည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပင် မူလအိုဇုန်းလွှာ၏ သဘာဝအနေအထားအတိုင်း ပြည်လည်ရောက်ရှိသွားနိုင်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့လူသားအားလုံးတို့က အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသော ကာဗွန်ဒြပ်ပေါင်းများ ထုတ်လွှတ်မှုကို အသိတရားရှိရှိဖြင့် ထိန်းချုပ်လျှော့ချပေးကြခြင်းဖြင့် လူသားအားလုံး၏ ကျန်းမာရေးနှင့် တိုက်ရိုက်သက်ဆိုင်နေသော အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ကာကွယ် စောင့်ရှောက်နိုင်ကြမည် ဖြစ်သည်။ အိုဇုန်းလွှာထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်မှာ ကမ္ဘာ့လူသားထုတစ်ရပ်လုံးတို့အတွက် မဖြစ်မနေလုပ်ဆောင်ရမည့် မွေးရာပါတာဝန်ကြီးတစ်ရပ်ပင် ဖြစ်သည်။

ဤနေရာတွင် ကမ္ဘာ့အပူချိန် မြင့်တက်လာမှုကြောင့် ရာသီဥတုများပြောင်းလဲလာပြီး မိုးလေဝသ အခြေအနေများ ကစဉ့်ကလျားဖြစ်ကာ မိုးခေါင်ခြင်း၊ အပူလွန်ကဲခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများ တိုးတက်ဖြစ်ပေါ်လာခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းစသော အစွန်းရောက် ရာသီဥတုအခြေအနေများနှင့် ကြုံတွေ့နေကြရခြင်းကို ခရမ်းလွန်ရောင်ခြည် သင့်ရောက်ခြင်းနှင့် ရောထွေးမှုမရှိစေရန် သတိပြုကြရမည်ဖြစ်သည်။

> **“စီအက်ဖ်စီကို ကမ္ဘာအနှံ့ တွင်ကျယ်စွာ အသုံးပြုခဲ့ကြခြင်းကြောင့် ယင်း၏ဆိုးကျိုးသက်ရောက်မှုအဖြစ် သိပ္ပံပညာရှင်များက ၁၉၈၅ ခုနှစ်တွင် အန္တာတိကတိုက်အပေါ်၌ အိုဇုန်းလွှာပေါက်ထွက်နေခြင်းကို စတင်တွေ့ရှိခဲ့ကြသည်။ ၁၉၉၈ ခုနှစ်အရောက်တွင် အိုဇုန်းလွှာအပေါက်ကြီး၏ အရွယ်ပမာဏမှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းခန့်အထိရှိလာကြောင်း တွေ့ရှိခဲ့ကြရသည့်အတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိပ္ပံသုတေသီတို့က စီအက်ဖ်စီဓာတ်ငွေ့ထုတ်လုပ်မှုကို ပထမအဆင့်အနေဖြင့်လျှော့ချရန်၊ ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်မှုရပ်ဆိုင်းရန်နှင့် နောက်ဆုံးအဆင့်အနေဖြင့် အသုံးပြုခြင်းမှ လုံးဝရပ်စဲရန် တိုက်တွန်းခဲ့ကြသည်”**

တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် နေ့စဉ်နှင့်အမျှ လေထုထဲသို့ ကာဗွန်ဓာတ်ငွေ့မက်ထရစ်တန်ချိန်ပေါင်းများစွာကို စုပြုံရောက်ရှိနေစေသည့်အတွက် ဖန်လုံအိမ်အာနိသင် (Green House Effect) အဆမတန်မြင့်မားကာ ကမ္ဘာ့အပူချိန်ကလည်း သိသာစွာ မြင့်တက်လျက်ရှိနေသည်။ ကမ္ဘာ့အပူချိန် မြင့်တက်လာနေခြင်းကို ထိန်းချုပ်လျှော့ချခြင်း မပြုနိုင်ပါက ၂၁ ရာစုမကုန်မီ ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၆ ဒီဂရီဆဲလ်စီးယပ်စ်အထိ ပိုမိုမြင့်တက်လာနိုင်ကြောင်းကို လည်း သိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။ ။

## သစ်ကြီးတောကျေးရွာရှိ မီးဘေးသင့်ပြည်သူများအား အလှူရှင်များလာရောက်လှူဒါန်း

**ရေစကြို မတ် ၂၁**

ပခုက္ကူခရိုင်ရေစကြိုမြို့နယ် သစ်ကြီးတောကျေးရွာတွင် မတ် ၃ ရက်က မီးလောင်မှုကြောင့် အဆိုပါကျေးရွာရှိလူဦးရေ ၉၀၀ ခန့် မီးဘေးဒုက္ခသည် ဖြစ်ခဲ့ရသဖြင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ လူမှုရေးအသင်းအဖွဲ့များ၊ တစ်ဦးချင်းကုသိုလ်ရှင်များ၊ ဆရာတော်သံဃာတော်များ နိုင်ငံရေးပါတီများမှ လာရောက်လှူဒါန်းကြလျက်ရှိသည်။



အဆိုပါသစ်ကြီးတောကျေးရွာတွင် အိမ်ခြေ ၆၇၄အိမ်ရှိရာ မီးလောင်မှုကြောင့် ၁၆၇အိမ် မီးလောင်ပျက်စီးခဲ့ပြီး မီးမစွဲရန် အိမ်လေးအိမ်ဖျက်ဆီးခဲ့ရရာ စုစုပေါင်း အိမ်ခြေ ၁၇၁ အိမ်ပျက်စီးဆုံးရှုံးခဲ့ရပြီး လူဦးရေ ၉၀၀ ခန့် မီးဘေးဒုက္ခသည်ဖြစ်ခဲ့ရသည်ဟု သိရသည်။

"လာလှူကြတဲ့ အလှူရှင်တွေက စားစရာတွေ၊ အဝတ်အထည်တွေလည်း လာလှူကြတယ်၊ မီးဘေးဒုက္ခသည်တွေကို တစ်ဦးချင်းအနေနဲ့ ငွေလှူသွားတာမျိုးတွေလည်း ရှိတယ်၊ ကျွန်တော်တို့ အလှူခံကော်မတီကို မီးဘေးပြန်လည်ထူထောင်ရေးအတွက် လာလှူသွားတာတွေလည်းရှိပါတယ်၊ အခုလောလောဆယ်အနေနဲ့က စားစရာကတော့ပြည့်စုံသလောက်ဖြစ်သွားပါပြီ၊ အဓိကလိုအပ်တာကတော့ ပြန်လည်ထူထောင်ရေးအတွက် ပစ္စည်းတွေဝယ်ဖို့ ငွေပဲလိုတော့တာပါ" ဟု အလှူခံဌာနမှတာဝန်ခံ ကိုကျော်မိုးနိုင်က ပြောသည်။

ယခုအချိန်တွင် သစ်ကြီးတောကျေးရွာမီးဘေးပြန်လည်ထူထောင်ရေးအတွက် အများပြည်သူလှူဒါန်းငွေကျပ်သိန်း ၃၇၀၀ ကျော် ရရှိပြီဖြစ်ပြီး အလှူခံကော်မတီအဖွဲ့မှ မြန်မာ့အရှေ့ဆောင်ဘဏ်တွင် အပ်နှံထားသည်ဟု သိရပြီး မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ အလှူရှင်များက နေ့စဉ်လာရောက်လှူဒါန်းကြလျက်ရှိကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ဝင်းပကျေးရွာ၌ ကရင်စာပေနှင့် ယဉ်ကျေးမှု သင်တန်းဖွင့်လှစ်

**သုဝဏ္ဏဝတီ မတ် ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ဝင်းပကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ဝင်းပ)၌ မတ် ၁၉ ရက်က နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားကျောင်းသူ ကလေးငယ်များအား ကရင်စာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရန်အတွက် ကရင်စာပေနှင့် ယဉ်ကျေးမှုသင်တန်းကို ဖွင့်လှစ်သည်။

အခမ်းအနားသို့ နာယကဆရာတော်များ သထုံမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်း(ဝင်းပ/တောင်ကြား) ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စောကျော်သက်ခိုင်တို့က အမှာစကားများပြောကြားပြီး ကျေးရွာရပ်မိရပ်ဖများ သင်တန်းသားသန်းတန်းသူ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ကရင်စာပေနှင့်ယဉ်ကျေးမှုသင်တန်းအား ဖွင့်လှစ်သင်ကြားရခြင်းမှာ နိုင်ငံဘာသာစကားအပြင် မိခင်ဘာသာစကား၊ ယဉ်ကျေးမှုကိုလည်း တတ်မြောက်ရန်လိုအပ်ကြောင်း ရပ်မိရပ်ဖတစ်ဦးဖြစ်သူ စောရန်အေးက ပြောသည်။ သင်တန်းတွင် သင်တန်းသား ကျောင်းသူ ၁၂၀ ခန့် တက်ရောက်သင်ကြားပြီး သင်တန်းကာလမှာ မတ် ၂၀ ရက်မှ ဧပြီ ၅ ရက်အထိဖြစ်ကြောင်း ယခင်နှစ်များက သင်တန်းများကို ဘုန်းတော်ကြီးကျောင်းများ၌သာ သင်ကြားပေးခဲ့ကာ ယခုအခြေခံပညာကျောင်းတွင် ဒုတိယကြိမ်မြောက် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



**နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဈေးများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး မတ် ၂၀ ရက်ကလက်တွေ့မီးငြိမ်းသတ် သရုပ်ပြသနေစဉ်။**
(အဆိုပါ ဆောင်ရွက်မှုတွင် ဈေးတာဝန်ခံ ဦးမောင်မောင်လွင်နှင့် ဈေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ဈေးမီးဘေးကြိုတင်ကာကွယ်ရေး၊ သရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်) မြို့နယ်(ပြန်/ဆက်)

## ကော့သောင်းခရိုင်အတွင်း သောက်သုံးရေပြတ်လပ်လျက်ရှိသည့် ခမောက်ကြီးမြို့ရှိ ကျေးရွာများသို့ သောက်ရေသန့်များ လှူဒါန်း

**ကော့သောင်း မတ် ၂၁**

သောက်သုံးရေ အခက်တွေ့လျက်ရှိသည့် ကျေးရွာများသို့ မတ် ၁၈ ရက်က မြို့နယ် ကျေးလက်ဦးစီးဌာနနှင့် ကော့သောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များနှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ သောက်သုံးရေလိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

အပူချိန်မြင့်တက်မှု ခံစားလာနေရသည့် ကော့သောင်းခရိုင် အတွင်းရှိ ကျေးရွာတချို့တွင် ရေတွင်းရေကန်များ ခန်းခြောက်စပြုလာကာ သောက်သုံးရေအခက်တွေ့လျက်ရှိကြပြီး အထူးသဖြင့် ပါချန်မြစ်ကမ်းဘေးရွာများဖြစ်သည့် ခမောက်ကြီးမြို့ ချောင်းဝကျေးရွာနှင့် အော်ကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာတို့ရှိရေတွင်းများတွင် ပင်လယ်ရေငန်ဝင်ရောက်ပြီး ကျေးရွာပြည်သူများ သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်လျက်ရှိသည်။



မြို့နယ် ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် လူငယ်လုပ်ငန်းအဖွဲ့ဝင်များ စုပေါင်းကာ သောက်ရေ ပြတ်လပ်လျက်ရှိသည့် အဆိုပါကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၈၂ အိမ်မှပြည်သူများသို့ သောက်ရေသန့်လီတာ ၈၀၀၀ ကို လိုက်လံဝေငှပေးအပ်လှူဒါန်းခဲ့ပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ P&G သောက်ရေသန့်ဆေးထုပ် ၉၀၀၀ ကို ဖြည့်ဆည်းလှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## သက်ငယ်မုဒိမ်းပပျောက်ရေး တိုက်ကြီးမြို့၌ မှုခင်းအသိပညာပေး

**တိုက်ကြီး မတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆင်စခန်းကျေးရွာအုပ်စု ဆင်စခန်းကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မတ် ၁၉ ရက်က တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းဦးက အမျိုးသမီးများ၏ လူမှုဘဝလုံခြုံရေး၊ သက်ငယ်မုဒိမ်းပပျောက်ရေးနှင့် မှုခင်းအသိပညာပေးဆွေးနွေးဟောပြောခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများ တက်ရောက်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## သင်္ကြန်ကာလအတွင်း မြစ်ကြီးနားမြို့ရှိ ယာဉ်လိုင်းများ လက်မှတ်ဈေးနှုန်းပိုရောင်းချပါက အရေးယူမည်

**မြစ်ကြီးနား မတ် ၂၁**

မြစ်ကြီးနားမြို့၌ သင်္ကြန်ကာလအတွင်း အဝေးပြေးယာဉ်လိုင်းများ လက်မှတ်ဈေးနှုန်းပို၍ ရောင်းချပါက အရေးယူသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်ယာဉ်များကြီးကြပ်မှု ကော်မတီထံမှ သိရသည်။

လက်မှတ်ဈေးနှုန်းများ ပုံမှန်အတိုင်းသာ ရောင်းချပေးသွား မည်ဖြစ်ပြီး လက်မှတ်ဝယ်ယူရာတွင်အခက်အခဲများ မရှိစေရန်ယာဉ်လိုင်းများကို ပိတ်ရက်မရှိ ပုံမှန်အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုံမှန်လက်မှတ် ခနှုန်းထားများမှာ မြစ်ကြီးနားမှရန်ကုန်သို့ အထူးကားငွေကျပ် ၃၈၃၀၀၊ ရိုးရိုးကား ငွေကျပ် ၃၆၀၀၀နှင့် မြစ်ကြီးနားမှမန္တလေးသို့ အထူးကားငွေကျပ် ၂၅၃၀၀၊ ရိုးရိုးကား ငွေကျပ် ၂၀၀၀၀ မှ ၂၅၀၀၀ အတွင်းနှင့် မြစ်ကြီးနားမှ ဖားကန့်သို့ငွေကျပ် ၂၅၀၀၀မှ ၃၀၀၀၀၊ မြစ်ကြီးနားမှတနိုင်းသို့ ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အတွင်း ကားအမျိုး အစားပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ်ကွာခြားကြောင်း သိရသည်။ အချို့ယာဉ်လိုင်းများမှာ သင်္ကြန်တွင်းပြေးဆွဲမှုကို ခေတ္တရပ်နားမည်ဖြစ်သောကြောင့် ဒေသခံများမှာ လက်မှတ်ဈေးနှုန်းများ မြင့်မားမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

**မင်းမင်းဦး**

## မြို့သစ်၌ နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်

**မြို့သစ် မတ် ၂၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးငယ်များ၏ စာဖတ်ရှိန်မြှင့်တင်ရေးအတွက်နွေရာသီကျောင်းပိတ်ရက်ကာလများတွင် မိမိနှစ်သက်သည့်ပန်းချီပုံဆွဲခြင်းများဖြင့်ဦးနှောက် ဉာဏ်ရည်ဖွံ့ဖြိုးစေရန်၊ အနုပညာအရည်အသွေးများမြင့်မားစေရန် ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီပညာသင်တန်းကို မတ် ၁၉ ရက်က မြို့သစ်မြို့နယ်ပြန်ဆက်ရုံရှိ Community Centre ၌ ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းတွင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးဒေါ်ဝင်းအိဇွန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ပန်းချီဆရာကြီးဦးတင်မောင်ဝင်းက သင်တန်းသားသင်တန်းသူများအား ပန်းချီပညာသင်ယူမှုနှင့် ပတ်သက်၍အခြေခံအချက်များအား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင်မူလတန်း၊ အလယ်တန်းအဆင့်ကျောင်းသားကျောင်းသူ ၃၁ ဦးတက်ရောက်သင်ကြားပြီး သင်တန်းကာလမှာမတ် ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း နေ့စဉ်နံနက် ၉ နာရီမှ ၁၁ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သန်းဝင်းထွန်း (မြို့သစ် )**

## ယာဉ်မောင်းလိုင်စင်နှင့် လိုင်စင်သက်တမ်းတိုးခြင်းများ ကနီမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ပေး

**ကနီ မတ် ၂၁**

စစ်ကိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မောင်းလိုင်စင်များ၊ မော်တော်ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး(နှစ်လဲ)လုပ်ငန်းများကို မတ် ၁၇ ရက်က ကနီမြို့ မြို့နယ်ခန်းမနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတို့၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက အမှာစကားပြောကြားခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စိစစ်ရေးမှူး ဦးကျော်စိန်လင်းက ယာဉ်မောင်းလိုင်စင်ပြုလုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့သည် ကနီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ ၉၉၀ တို့အား ယာဉ်မောင်းလိုင်စင်များ ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်ချိုနှင့်အဖွဲ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ နှစ်လဲမှတ်ပုံတင်ခြင်း၊ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး(နှစ်လဲ)လုပ်ငန်းများဆောင်ရွက်ပေးရာ လိုင်စင်သက်တမ်းတိုးသူ ၁၂၅ ဦး၊ မော်တော်ယာဉ်သက်တမ်းတိုးခြင်းကိုးစီးနှင့် မော်တော်ဆိုင်ကယ်သက်တမ်းတိုးခြင်း ၉၄ စီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# ဦးပိန်တံတား ရေရှည်တည်တံ့ရေး အကြံပြုချက်များ တိုင်းဒေသကြီးအစိုးရထံ တင်ပြသွားမည်



**မန္တလေး မတ် ၂၁**

မန္တလေးမြို့ရှိ ကမ္ဘာကျော် ရှေးဟောင်းတံတားဖြစ်သည့် ဦးပိန်တံတားကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဟောပြောမှုများကို နည်းပညာတက္ကသိုလ် (မန္တလေး)မှ ကျောင်းသား ကျောင်းသူများအဖွဲ့က မတ် ၁၅ ရက်က ပြုလုပ်ခဲ့ပြီး ဦးပိန်တံတား ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် အကြံပြုချက်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါအကြံပြုချက်များ တင်ပြမည့်ကိစ္စနှင့် ပတ်သက်၍ နည်းပညာတက္ကသိုလ်(မန္တလေး) ဗိသုကာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ဇာခြည်မင်းက “ဒီလိုလုပ်ဆောင်ရင်း မန္တလေးမြို့မှာရှိတဲ့ တက္ကသိုလ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေနဲ့ အခြား ရှေးဟောင်းအမွေအနှစ်ကို ချစ်မြတ်နိုးသူတွေ၊ ထိန်းသိမ်းရေးအဖွဲ့တွေက ဦးပိန်တံတားကို ဘယ်လိုမြင်ချင်သလဲ၊ ဦးပိန်တံတား ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းချင်ကြသလဲဆိုတဲ့ လူတွေရဲ့အသံတွေ မှတ်တမ်းတင်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြသွားမှာပါ”ဟု ပြောသည်။

ထို့အပြင် နည်းပညာတက္ကသိုလ်နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းဖိတ်ကြားထားသည့် ဂျာမနီပညာရှင်တစ်ဦးနှင့် သစ်သားအထူးပြု ကျောင်းသူတစ်ဦးက လာမည့် မတ် ၂၆ ရက်တွင် ဦးပိန်တံတားရှိ တိုင်လုံးများ၏ ကြံ့ခိုင်မှုကို နည်းပညာဖြင့် စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ပြီး တိုင်လုံးများ၏ ခံနိုင်ရည်ကိုလည်း စမ်းသပ်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်မတို့ဗိသုကာဌာနက ကွင်းဆင်းတာတွေ လုပ်ပြီးတော့ အစီရင်ခံစာတွေ အများကြီး တင်ပြီးပါပြီ၊ အထူးသဖြင့်တော့ ကွန်ကရစ်အပိုင်းပါ၊ ဒီတံတားကြီးက ကမ္ဘာမှာအရှည်ဆုံး ကျွန်းတံတားတစ်ခုအနေနဲ့ သိထားတာဖြစ်တဲ့အတွက် ဒီတံတားကြီးတစ်ခုလုံးကို ကျွန်းတံတားတစ်ခုအနေနဲ့ ပြန်ဖော်ဆောင်နိုင်အောင် ကွန်ကရစ်တံတားအစိတ်အပိုင်းတွေကို သစ်သားတွေနဲ့ပြန်ပြီး အစားထိုးဖို့အတွက် အစအဆုံး ပြန်လဲမယ်ဆိုရင်လည်း လဲဖို့သင့်နေတယ်၊ လုပ်လို့ရတယ်၊ ဘယ်လိုမျိုးလုပ်မယ်ဆိုတဲ့ နည်းလမ်းတွေရော အကြံပေးထားပါတယ်”ဟု ဒေါက်တာဒေါ်ဇာခြည်မင်းက ဆက်လက်ပြောကြားသည်။

အဆိုပါ တိုင်းဒေသကြီးအစိုးရအဖွဲ့အားတင်ပြမည့် အကြံပြုချက်နှင့်ပတ်သက်၍ နည်းပညာတက္ကသိုလ်အနေဖြင့် လှုပ်ရှားမှုများလည်း စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ကျောင်းသား ကျောင်းသူများက တောင်သမန်နှင့် ဦးပိန်တံတားပတ်ဝန်းကျင်ကို ဘယ်လိုမြင်ချင်သလဲဆိုသည့် အကြံဉာဏ်များကို စုစည်းသွားမည်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ် (မန္တလေး) ဗိသုကာဌာနအနေဖြင့် ပြီးခဲ့သည့်နှစ်ကလည်း နည်းပညာဆိုင်ရာ လှုပ်ရှားမှုများကို ဂျာမနီမှ ပညာရှင်များဖြင့် ပူးပေါင်း၍ လုပ်ဆောင်ခဲ့ကြောင်း ဒေါက်တာဒေါ်ဇာခြည်မင်း၏ ပြောကြားချက်အရ သိရသည်။

**ကိုမင်း(အင်းတော်)**

## တနင်္သာရီတိုင်းဒေသကြီး အင်ဂျင်နီယာအသင်း နှစ်ပတ်လည်ညီလာခံကျင်းပ

**ထားဝယ် မတ် ၂၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ စီပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှုများဆောင်ရွက်ရာတွင် အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ အခန်းကဏ္ဍသည် အဓိကအားထားရသော ကဏ္ဍအဖြစ် ပါဝင်နေခြင်းဖြစ်သည်နှင့်အညီ အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များအနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများ၊ ကုန်သွယ်မှုလုပ်ငန်းအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၊ တည်ဆောက်ရေးလုပ်ငန်းအဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဖွဲ့စည်းထားသော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တနင်္သာရီတိုင်းဒေသကြီးခွဲ(ထားဝယ်) နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို မတ် ၁၉ ရက်က ထားဝယ်မြို့၊ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက ဆက်လက်အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အထွေထွေအတွင်းရေးမှူး ဦးတင်လတ်က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းတို့၏ လုပ်ဆောင်ချက်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း တနင်္သာရီတိုင်းဒေသကြီး အသင်းခွဲ(ထားဝယ်) နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို ဆက်လက်ကျင်းပရာ အခမ်းအနားမှူးက တနင်္သာရီတိုင်းဒေသကြီး အသင်းခွဲ(ထားဝယ်)၏ ဗဟိုကော်မတီအမည်စာရင်းကို ဖတ်ကြားတင်ပြကာ သဘာပတိက တက်ရောက်လာကြသူများထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဒုတိယဥက္ကဋ္ဌ ဦးမျိုးသွင်က အသင်းသားသစ်များသို့ ကတိသစ္စာတိုင်တည်ပေးခဲ့ပြီး အသင်းခွဲဥက္ကဋ္ဌ ဦးဝင်းမင်းထွဋ်က မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌက တနင်္သာရီတိုင်းဒေသကြီးအသင်းခွဲ(ထားဝယ်)ဥက္ကဋ္ဌသို့ အမှတ်တရလက်ဆောင်ပေးအပ်ကာ ညီလာခံကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

## ကျောက်တန်း၌ လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းပြီးစီးမှု လူထုစစ်ဆေးအတည်ပြု

**ကျောက်တန်း မတ် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော လူထုဗဟိုပြု စီမံကိန်း (ဒုတိယစက်ဝန်း ) လုပ်ငန်းများကို သက်ဆိုင်ရာကျေးရွာ စီမံကိန်းအထောက်အကူပြုကော်မတီများက ဦးဆောင်၍ လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဒုတိယစက်ဝန်းစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသည့်ကျေးရွာများမှ ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကုလားတန်းကျေးရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၁၇၅ သိန်းဖြင့် လမ်းအရှည် ပေ ၁၆၇၀ အကျယ် ၈ ပေ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းကို လုပ်ငန်းများဆောင်ရွက်ပြီးဖြစ်၍ မတ် ၂၀ ရက်က လုပ်ငန်းဆောင်ရွက်ချက်လုပ်ငန်းစဉ်ရလဒ်များ ရငွေနှင့်သုံးစွဲမှုများကို ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများက စာရင်းဇယားများဖြင့် ရှင်းလင်းတင်ပြပြီး စိတ်ကျေနပ်မှု ရှိ မရှိ မဲစနစ်ဖြင့်ဆောင်ရွက်ရာ ကျေးရွာပြည်သူများက ကျေနပ်မှုရှိကြောင်းသဘောတူကြသည်။ အလားတူ လုပ်ငန်းပြီးစီးသဖြင့် လူထုစစ်ဆေးခံယူပွဲများကို ကျောက်တန်းမြို့နယ်အတွင်းရှိ အောင်ချမ်းသာကျေးရွာ၊ ပါဒကြီးကျေးရွာ၊ သနပ္ပင် ချင်းကျေးရွာ၊ ကွင်းပေါက်ကျေးရွာ၊ ခမယ်ကျေးရွာတို့၌လည်း ဆောင်ရွက်ပြီးဖြစ်ကြောင်းသိရသည်။ **စိုးဝင်း (ကျောက်တန်း)**

## ချင်းအမျိုးသားခေါင်းဆောင် ဦးဝမ္မသူးမောင်း ကြေးရုပ်တုနှင့် ပန်းခြံမင်းတပ်၌ တည်ဆောက်မည်

**မင်းတပ် မတ် ၂၁**

ချင်းအမျိုးသားတော်လှန်ရေး ခေါင်းဆောင် သတိုးမဟာသရေစည်သူ၊ လွတ်လပ်ရေးမော်ကွန်းဝင်- ပထမအဆင့် ဦးဝမ္မသူးမောင်း (ချင်းရေးရာဝန်ကြီး)၏ ကြေးရုပ်တုနှင့် ပန်းခြံကို ချင်းပြည်နယ်မြောက်ပိုင်း မင်းတပ်မြို့အဝင်၌ ၂၀၁၉ ခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဦးဝမ္မသူးမောင်း ကြေးရုပ်နှင့် ပန်းခြံကို တည်ဆောက်နိုင်ရန်အတွက် ကော်မတီတစ်ရပ်ကိုလည်း ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မင်းတပ်မြို့တွင် ဇန်နဝါရီ ၃၀ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကြေးရုပ်နှင့် ပန်းခြံတည်ဆောက်ရေးကော်မတီတွင် ပြည်နယ်ဝန်ကြီးများနှင့် မင်းတပ်မြို့နေပြည်သူများ ပါဝင်ဖွဲ့စည်းထားကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဦးဝမ္မသူးမောင်း ကြေးရုပ်တုနှင့် ပန်းခြံကို မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့မှ ချင်းပြည်နယ် မင်းတပ်မြို့သို့အဝင် မင်းတပ်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အစကားလမ်းဘေးမှ မြေသုံးဧကအကျယ်တွင် တည်ဆောက်ထားရှိမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မင်းတပ်မြို့၌ ဦးဝမ္မသူးမောင်းနှင့်ပတ်သက်သည့် အထိမ်းအမှတ် ပြုလုပ်ထားမှုမရှိသေးကြောင်း၊ ရုပ်တုနှင့် ပန်းခြံကို ၂၀၁၉ ခုနှစ်အတွင်း အပြီးပြုလုပ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ မတည်ငွေအဖြစ် ငွေကျပ်သိန်း ၁၀၀ ရရှိထားပြီးဖြစ်ရာ ရန်ပုံငွေထပ်မံလိုအပ်ချက်အရ ညှိနှိုင်းဆုံးဖြတ်ချက်ဖြင့် ယခုအချိန်မှစတင်၍ အလှူငွေများလက်ခံနေပြီဖြစ်ကြောင်း၊ ကြေးရုပ်တုနှင့် ပန်းခြံတည်ဆောက်မှုကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မင်းတပ်မြို့နယ် စည်ပင်သာယာရေးကော်မတီ တာဝန်ရှိသူထံမှ သိရသည်။

နယ်ချဲ့တော်လှန်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးဝမ္မသူးမောင်းအတွက် အထိမ်းအမှတ်အဖြစ် ဟားခါးမြို့တွင် ဝမ္မသူးမောင်းအားကစားကွင်း တည်ရှိပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းရေးရာဝန်ကြီး ဖြစ်လာသည့် ဦးဝမ္မသူးမောင်းသည် ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာရေးအတွက် ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်ကာ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီအချိန်ကို ချင်းအမျိုးသားနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းရန် ဆောင်ရွက်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။




**နေစု(ချင်းရိုးမ)**

## ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ကျိုင်းတုံ၌ဖွင့်

**ကျိုင်းတုံ မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့သစ်အမှတ် (၄) ရပ်ကွက် ခွာညိုလမ်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက တည်ဆောက်ခဲ့သည့် ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ဖွင့်လှစ်ပွဲကို မတ် ၂၀ ရက်က ကျင်းပခဲ့သည်။

ဆေးရုံသစ်ကို ရှမ်းပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစိုင်းရွှန်တစ်လုံး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကျော်သိန်းဌေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းဦးစီးမှူး ဗိုလ်မှူးကြီးတင့်ခိုင်နှင့် ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနမှူး ဦးကျော်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဝန်ကြီးက ဂုဏ်ပြုစကားပြောကြားသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်က ဆေးရုံသစ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။



“ကျိုင်းတုံမှာ လိုအပ်လျက်ရှိတဲ့ တိုင်းရင်းဆေးရုံ ဒီနေ့ဖွင့်လှစ်နိုင်ခြင်းအတွက် ဒေသခံများကိုယ်စား ကျေးဇူးတင်ပါတယ်၊ ဒီဆေးရုံသစ်မှာ ဆေးရုံအုပ်နဲ့ ဒုဆေးရုံအုပ်နှစ်ဦးသာ ရှိသေးတဲ့အတွက် ဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားပေးစေချင်ပါတယ်” ဟု ယန်လောရွာမှ ဒေသခံတစ်ဦးဖြစ်သည့် ဦးစိုင်းရှန်တွီက ပြောသည်။

“အချို့သောရောဂါဝေဒနာတွေကို တိုင်းရင်းဆေးပညာနဲ့ ကုသရင် ပိုမိုသက်သာပြီး မြန်မြန် ရောဂါပျောက်ကင်းတာ တွေ့ဖူးပါတယ်၊ တိုင်းရင်းဆေးပညာနဲ့ ကုသမှုကိုလည်း ခံယူဖူးပါတယ်”ဟု အသက် ၇၂နှစ်အရွယ် ‘ဝ’တိုင်းရင်းသား ဦးဖရန်စစ်က ပြောသည်။

ယခုဖွင့်လှစ်သည့် တိုင်းရင်းဆေးရုံကို ၂၀၁၅ နိုဝင်ဘာလအတွင်းက စတင်တည်ဆောက်ခဲ့ပြီး အလျား ၁၂၄ ပေ၊ အနံ ၆၄ ပေ၊ အမြင့် ၁၄ ရှိကာ ဆေးရုံအဆောက်အအုံနှင့်အတူ ဝန်ထမ်းအိမ်ရာပါ တည်ဆောက်ခြင်းအတွက် စုစုပေါင်း ငွေကျပ် ၃၀၇ သန်းကုန်ကျခဲ့ကြောင်း၊ ကျိုင်းတုံမြို့တွင် ယခင်က မြို့နယ်တိုင်းရင်းဆေးကုဌာနသာ ရှိခဲ့ပြီး ယခု တိုင်းရင်းဆေးရုံအဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့ရာတိုင်းရင်းဆေးဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ခေတ္တညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

**မောင်မောင်နိုင် (ကျိုင်းတုံ)**

# ဖူးစားပြောင်းများ ယမန်နှစ်ထက် ကျပ်တစ်သောင်းကျော်ဈေးမြင့်ကာ အရောင်းသွက်နေ

**မန္တလေး မတ် ၂၁**

ယခု နွေဦးကာလတွင် ထွက်ရှိလာသော ဖူးစားပြောင်းများမှာ ယမန်နှစ်ဈေးနှုန်းထက် ကျပ်တစ်သောင်းကျော်မြင့်တက်ကာ မန္တလေးဈေးကွက်၌ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါပြောင်းများမှာ ယမန်နှစ်က ၅၄ ပိဿာ(သုံးတင်းဝင်တစ်အိတ်လျှင်) ကျပ် ၂၃၀၀၀ နှုန်းသာ ရှိခဲ့သော်လည်း ယခုနှစ် မတ် ၁၈ ရက်တွင် ဝယ်လက်စုံမှုကြောင့် ကျပ် ၃၅၀၀၀ နှုန်းအထိ မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဒီပြောင်းကို တရုတ်နိုင်ငံကလည်း တစ်နှစ်ပတ်လုံး တစ်လျှောက်လုံးဝယ်ခဲ့လို့ လက်ကျန်နည်းသွားတဲ့အပြင် ပြည်တွင်းမှာလည်း တိရစ္ဆာန်အစာစပ်စက်ရုံတွေ တည်ဆောက်လာကြတဲ့အတွက် ပြည်တွင်းကော၊ ပြည်ပကပါ ဝယ်ယူနေကြတဲ့အတွက် ဈေးတက်သွားတာပါ၊ လွန်ခဲ့တဲ့ လေးနှစ်က မြန်မာ့ပြောင်းကို ဓာတုဆေးဝါး အကြောင်းပြပြီး တရုတ်က ဈေးနှိမ်ခဲ့ကြပေမယ့် ဒီနှစ်တော့ ဟန်တောင်မဆောင်နိုင်ဘဲ ဝယ်နေကြပြီလေ၊ အခုလို ဈေးကောင်းတော့ တောင်သူတွေပျော်နေကြပေမယ့် အစာစပ်စက်ရုံတွေအဖို့ ငြီးတွားစရာပါပဲ"ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဖူးစားပြောင်းများကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးချိန်မှ ရက် ၁၀၀ နှင့် ၁၂၀ ကြားတွင် ရိတ်သိမ်းနိုင်ကြောင်း၊ ယခုထွက်ရှိသည့် နွေပြောင်းများမှာ ရေကျချိန် မြစ်ရိုးတစ်လျှောက်၌ စိုက်ပျိုးထားသဖြင့် ဆုံးရှုံးမှုမရှိစေရန် ရေမတက်မီ အချိန်မီရိတ်သိမ်းရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ရေစကြိုမြို့နယ်မှ တောင်သူဦးကျော်မြင့်က "မြစ်ရေအတက်စောလို့ ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေလည်း ကြုံခဲ့ရပါတယ်၊ ဒီနှစ်တော့ ကျွန်တော့်အခင်းက ရေလွတ်ချိန်ရိတ်သိမ်းနိုင်တဲ့အတွက် အပျက်အစီးမရှိ တင်းငါးရာလောက်ထွက်တယ်၊ ထွက်တဲ့အချိန်မှာလည်း ဈေးကောင်းရတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဖူးစားပြောင်းများကို ရှမ်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး ယခုရာသီတွင်ထွက်ရှိသည့် နွေပြောင်းများမှာ ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အစောဆုံး ထွက်ရှိလာခြင်းဖြစ်ကာ မကြာမီရက်ပိုင်းအတွင်း ဧရာဝတီတိုင်းဒေသကြီးမှလည်း ထွက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပညာဒါန အခြေခံ ကွန်ပျူတာသင်တန်းဖွင့်

**မြောင်းမြ မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် Friends အဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အခြေခံကွန်ပျူတာသင်တန်းကို မတ် ၁၉ ရက်မှစ၍ မြောင်းမြမြို့ လူမှုအခြေပြုဗဟိုဌာန Community Centre ၌ ဖွင့်လှစ်လျက်ရှိသည်။

အဆိုပါ အခြေခံ ကွန်ပျူတာသင်တန်းကို ပညာဒါနအဖြစ် တနင်္လာနေ့မှ သောကြာနေ့အထိ ရက်သတ္တ ငါးပတ်ကြာ Friends အဖွဲ့က သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့ပေါ်ရှိ ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ အယောက် ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် မြောင်းမြခရိုင် ပြန်/ဆက် ဦးစီးမှူးက အမှာစကားပြောကြားကာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း (မြောင်းမြတာဝန်ခံ)က ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် မြောင်းမြ မြို့နယ်အတွင်းကားဖြင့် ရွေ့လျားစာကြည့်တိုက်များကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေကို ရှင်းလင်းပြောကြားကာ Friends အဖွဲ့မှ ဆရာဦးထွန်းလင်းက သင်တန်း စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာကို လူတိုင်း အကျွမ်းဝင် ရင်းနှီးမှု ရှိစေရေး၊ မျိုးဆက်သစ်လူငယ်များအားလပ်ချိန်တွင် ကွန်ပျူတာအခြေခံပညာကို သင်ယူခြင်းဖြင့် အကျိုးရှိစွာ အသုံးချနိုင်ရေး ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ဆော မတ် ၂၁**

ဂန့်ဂေါခရိုင် ဆောမြို့၌ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့က ပြည်သူများထံ မတ် ၁၉ ရက်က ဖြန့်ဝေပေးခဲ့ကြသည်။

"ပြည်သူများယာဉ်အန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ်မောင်းသူများနဲ့ ဆိုင်ကယ်စီးနင်းသူတွေကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေတာ ဖြစ်ပါတယ်"ဟု ဆောမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းထိုက်က ပြောသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် ဆောမြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဖော်ပြထားသည့် လက်ကမ်းစာစောင်များကို လူစည်ကားရာနေရာများဖြစ်သည့် မြို့လယ်လမ်းဆုံ၊ မင်းတပ်-ကန်ပက်လက် လမ်းဆုံ၊ ချောက်-ဆိပ်ဖြူ လမ်းဆုံ နေရာတို့တွင် အခြေပြု၍ ယာဉ်မောင်းသူများ၊ ဆိုင်ကယ်စီးနင်းသူများထံ ဖြန့်ဝေပေးကြခြင်းဖြစ်သည်။ **၁၀၁**

# ကရင်ပြည်နယ် တိုက်ပွဲရှောင်စခန်းနေ ပြည်သူများနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေ သိန်း ၅၉၀၀ နီးပါး ပေးအပ်

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ်အတွင်းမှ တိုက်ပွဲရှောင်စခန်းနေ ပြည်သူများနှင့် မသန်စွမ်းများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ဘားအံမြို့ဇွဲကပင်ခန်းမတွင် မတ် ၁၉ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ထောက်ပံ့ငွေပေးအပ်ခြင်းသည် နိုင်ငံတော်အစိုးရက လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ ဆောင်ရွက်နေခြင်း၏ အစီစဉ်တစ်ခုဖြစ်ကြောင်း၊ နောင်လာမည့်နှစ်များတွင်လည်း ဘတ်ဂျက်တိုးတက်ရရှိမှုအပေါ် မူတည်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးဘိုးဘွားများအား ယခုထက် ပိုမိုထောက်ပံ့ပေးသွားမည်ဟု သိရကြောင်း၊ ကရင်ပြည်အတွင်းရှိ အားနည်းချက်ရှိသူများအား ကူညီထောက်ပံ့မှုများ ပေးနိုင်အောင် ကူညီဆောင်ရွက်ပေးသည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန




နှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့အား ကျေးဇူးတင်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်စန်းစန်းအေးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကရင်ပြည်နယ် မြိုင်ကြီးငူအထူးဒေသတွင် ဖွင့်လှစ်ထားရှိသော တိုက်ပွဲရှောင်စခန်းနှစ်ခုတွင် နေထိုင်ကြသည့် ကိုယ်ဝန်ဆောင်မိခင် ၂၆ ဦး၊ ငါးနှစ်အောက်ကလေးငယ် ၉၁၀ ဦး၊ အသက် ၆၀ နှစ်အထက်ဘိုးဘွား ၁၇၄ ဦးနှင့် မသန်စွမ်းခုနစ်ဦးအား တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ အိမ်ထောင်ဦးစီးမရှိသော မိခင် ၇၆ ဦးအား တစ်ဦးလျှင် ကျပ်နှစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ပြည်နယ်တစ်ခုလုံးအတိုင်းအတာဖြင့် မသန်စွမ်း ၄၆၁၆ ဦးအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းနှင့် ပိုးချဲသုံးခုတို့ကို ကိုယ်စားလှယ်များထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်းမှ မသန်စွမ်း ၄၆၁၆ ဦးအတွက် ကျပ် ၄၆၁၆ သိန်းနှင့် မြိုင်ကြီးငူအထူးဒေသတိုက်ပွဲရှောင်စခန်းနေ ၅ နှစ်အောက်ကလေး၊ ဘိုးဘွား၊ ကိုယ်ဝန်ဆောင်နှင့် အိမ်ထောင်ဦးစီးမရှိသောအမျိုးသမီးများ၊ မသန်စွမ်းသူများအတွက် ကျပ် ၁၂၆၉ သိန်း၊ စုစုပေါင်းထောက်ပံ့ငွေ ကျပ် ၅၈၈၅ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာဆောင်ရွက်နေပါတယ်၊ အဲ့ဒီထဲက တိုက်ပွဲ ရှောင်စခန်းနေပြည်သူ ဘိုးဘွား မသန်မစွမ်း ကလေးငယ်၊ ကိုယ်ဝန်ဆောင်မိခင်နဲ့ ပြည်နယ်တစ်ခုလုံးမှ မသန်စွမ်းတွေ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာနဲ့ ပြည်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်ပြီး ထောက်ပံ့ပေးတာပါ၊ အခုထောက်ပံ့တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်"ပြောသည်။ **မင်းရာဇာ**

# ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာများ ဟောပြော

**ခမောက်ကြီး မတ် ၂၁**

မြန်မာနိုင်ငံ မျက်မမြင်နှင့်ကိုယ်ခန္ဓာချွတ်ယွင်းသူများအဖွဲ့မှ ဦးသိန်းလွင်ဦးဆောင်သည့် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်းရှေ့ မြခွာညိုလမ်းပေါ်၌ ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာများကို မတ် ၁၉ ရက်က သတင်းစကားပြောကြားဟောပြောခဲ့သည်။

အဆိုပါအဖွဲ့တွင် ဦးသိန်းလွင် ဦးဆောင်သည့် မျက်မမြင် ၁၀ဦး၊ ခန္ဓာကိုယ် ချွတ်ယွင်းသူ ၁၀ ဦး၊ အုပ်ချုပ်သူ ရှစ်ဦးနှင့် ဝန်းရံလိုက်ပါသူ ၃၅ ဦးတို့ ပါဝင်ကြပြီး အဖွဲ့ဝင်များက ဒေသခံပြည်သူများအား ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စစ်ပွဲများအမြန်ဆုံးရပ်ဆိုင်းရေး၊ လက်ရှိဖော်ဆောင်နေသည့် ထာဝရငြိမ်းချမ်းရေး ရရှိရေးစသည့် အချက်များကို ဟောပြောခဲ့ကြကာ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီးနောက် ဘုတ်ပြင်းမြို့နယ်ဘက်သို့ ဆက်လက်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကုသိုလ်ဖြစ်ဆေးခန်း သုံးနှစ်ပြည့်အောင်ပွဲ ကျင်းပ

**ညောင်လေးပင် မတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အင်းဝိုင်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ပြွန်တန်ဆာမြို့ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော်၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ် အခမဲ့ အာယုဒါနဆေးခန်း သုံးနှစ်ပြည့်အောင်ပွဲ အထိမ်းအမှတ်နှင့် ဆေးခန်းသစ်ဆောက်လုပ်ရန် လှူဒါန်းပွဲကို မတ် ၁၇ ရက်က အဆိုပါဆေးခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မဒေါက်မြို့ပုန်းငွေတောရကျောင်းတိုက် ဆရာတော်ကြီးက သြဝါဒချီးမြှင့်ပြီး အင်းဝိုင်းဆရာတော်က ဆေးခန်းဖွင့်လှစ်လှူဒါန်းထားသည့် ရည်ရွယ်ချက်ကို မိန့်ကြားကာ အင်းဝိုင်းဆရာတော်နှင့် တာဝန်ရှိသူများက ဆေးခန်းတွင် တာဝန်ယူကုသပေးနေကြသော ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမြင့်သိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကဲတို့က ဆေးခန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်အကြောင်းများကိုလည်းကောင်း၊ ဆေးခန်းလူနာကုသရေးအဖွဲ့ တာဝန်ခံ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟိုအလုပ်အမှုဆောင်) Health For All မဂ္ဂဇင်း အယ်ဒီတာချုပ် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)က ဆေးခန်း၏ လိုအပ်ချက်များနှင့် ဆေးခန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဆေးခန်းဖြစ်မြောက်ရေးကော်မတီဝင် ဦးငွေက သုံးနှစ်အတွင်း ဆေးကုသမှုများနှင့် ငွေစာရင်းရှင်းတမ်းများကိုလည်းကောင်း ဖတ်ကြားရှင်းလင်းကာ ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ အာယုဒါနဆေးခန်းသည် သုံးနှစ်အတွင်း ဒေသခံ ရဟန်းရှင်လူပြည်သူ အထွေထွေရောဂါဝေဒနာရှင် ၅၆၂၃ ဦးအား အခမဲ့ဆေးဝါးကုသပေးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ ဆေးဝါးကုသမှုခံယူရာတွင် ပိုမိုကောင်းမွန်စေရန်အတွက် ဇမ္ဗူအေးတောရအင်းဝိုင်းဆရာတော်က ငွေကျပ်သိန်းတစ်ရာနီးပါး အကုန်အကျခံ မတည်လှူဒါန်းကာ အလျား ၆၅ ပေ၊ အနံ ၂၈ ပေရှိ သံကူကွန်ကရစ် အဆောက်အအုံအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကြက်ခြေနီသူနာပြုတပ်ရင်းဖွဲ့စည်းရန် ညှိနှိုင်းဆွေးနွေး

**ခမောက်ကြီး မတ် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်တွင်း လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေးအတွက် ကြက်ခြေနီသူနာပြုတပ်ရင်း စတင်ဖွဲ့စည်းရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၉ ရက်က မြို့အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးသို့ ကော့သောင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကိုကိုကြီးနှင့်အဖွဲ့ဝင်များ၊ ခမောက်ကြီးမြို့မှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူးက ကြက်ခြေနီတပ်ဖွဲ့၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြက်ခြေနီတပ်ရင်း ဖွဲ့စည်းရန်နှင့် လိုအပ်သောအထွေထွေ ကိစ္စရပ်များအတွက် အလှူရှင်များ စုဆောင်းရှာဖွေရေးကို ဆက်လက်ဆောင်ရွက်စီစဉ်သွားကြရန် တင်ပြဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# စလင်းမြို့နယ်၌ ကျေးရွာ သုံးရွာ ရေရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်

**စလင်း မတ် ၂၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ရုံးပင်ကန် (မ)ကျေးရွာ၊ ကံရွာကျေးရွာနှင့် ရွှေတွင်းတူးကျေးရွာတို့တွင် သန့်ရှင်းသော သောက်သုံးရေများရရှိအောင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာသုံးရွာသည် နှစ်စဉ် နွေရာသီရောက်လျှင် သောက်ရေသုံးရေ ရှားပါးသည့်အခက်အခဲကို နှစ်စဉ် ကြုံတွေ့ခဲ့ရသဖြင့် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယင်းဒေသခံများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိစေရန် စီမံချက်ချမှတ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးခဲ့ခြင်းဖြစ်သည်။ ရေတွင်း တူးဖော်ပေးနေမှုများကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ မတ် ဒုတိယပတ်က ကျေးရွာများအရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယခုအခါ အဆိုပါရွာသုံးရွာတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



## ယဉ်ကျေးလိမ္မာသင်တန်း မိတ္ထီလာမြို့ပေါ်ရပ်ကွက်များ၌ ဖွင့်

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာမြို့ မကျီးကုန်းကျောင်းတိုက်တွင် ပဋ္ဌမအကြိမ် နွေရာသီ လုမ္ဗိနီ အဆင့်မြင့် ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၁၉ ရက်က စတင်ဖွင့်လှစ်ရာ အဆိုပါသင်တန်းတွင် ရှင်သာမဏေနှင့် သီလရှင် ၄၃၂ ပါး တက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ယဉ်ကျေးလိမ္မာသင်တန်းတွင် ပြည်သာယာ၊ ကျီတော်ကုန်း၊ ဈေးအရှေ့ပြင်၊ မြို့မ၊ နန်းတော်ကုန်း၊ ပေါက်ချောင်း၊ အောင်ဆန်း၊ဝန်ဇင်း၊ သီရိမင်္ဂလာ၊ ချည်စက်၊ ရန်မျိုးအောင်၊ ရတနာမာရ်အောင် စသည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကျောင်းသား ကျောင်းသူငယ်များက ကိုရင်ဝတ်၊ သီလရှင်ဝတ်၍ တက်ရောက်ကြပြီး ကိုရင် ၂၂၄ ပါးနှင့် သီလရှင် ၂၀၈ ပါး စုစုပေါင်း ၄၃၂ ပါး တက်ရောက်နေကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေး ဒလမြို့နယ်၌ အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၁**

ရန်ကုန်တောင်းပိုင်းခရိုင် ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်အတွင်း မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဒလမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးညွန့်ဝင်းနှင့် တပ်ဖွဲ့ဝင်များက မှုခင်းများ ဖြစ်ပွားရခြင်းအကြောင်း၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှုများနှင့် ပတ်သက်၍ မိဘများအနေဖြင့် သတိပြုရန်နှင့် ပတ်ဝန်းကျင်နေ ပြည်သူများကလည်း အိမ်နီးချင်းစောင့်ရှောက်မှုများဖြင့် ကူညီဆောင်ရွက်ပေးရေး၊ မိမိကလေးမဟုတ်သော်လည်း အခြားကလေးငယ်များအား မိမိရင်သွေးသဖွယ် ကူညီစောင့်ရှောက်ပေးရေးနှင့် မှုခင်းများ ကြိုတင်ကာကွယ်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရေးတို့ကိုဟောပြောခဲ့သည်။ **နိုင်လင်းကျော်(ဒလ)**



## ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ခရီးစဉ်အဖွဲ့ ဘုတ်ပြင်းမြို့သို့ရောက်ရှိ

**ဘုတ်ပြင်း မတ် ၂၁**

မြန်မာနိုင်ငံအတွင်း ပစ်ခတ်တိုက်ခိုက်လျက်ရှိသော တိုက်ပွဲများ အဆုံးသတ်ရပ်စဲရေး တွန်းအားပေးရန်၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ဆွေးနွေးမှုစားပွဲဝိုင်းတွင် ညှိနှိုင်း အဖြေရှာစေရေး တွန်းအားပေးရန်၊ ပစ်ခတ်တိုက်ခိုက်နေသူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ခွင့်လွှတ်ပြီး ငြိမ်းချမ်းရေးသို့ ဦးတည်စေရေး တိုက်တွန်းနှိုးဆော်ပေးရန်နှင့် ပြည်သူလူထုအကြား လူမျိုးဘာသာ မခွဲခြားဘဲ ငြိမ်းချမ်းရေးစိတ်ဓာတ်ပေါ်လွင်ထင်ရှားစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ခဝဲခြံ မျက်မမြင် ကျောင်းမှ အမြင်အာရုံမသန်စွမ်းသူများနှင့် အခြားမသန်စွမ်းသူများပါဝင်သည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့သည် မတ် ၁၉ ရက် က ကော့သောင်းမြို့မှ ဘုတ်ပြင်းမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် အေးချမ်းမြိုင်ကျေးရွာရှိ မြို့အဝင် ဆိုင်းဘုတ်မှတစ်ဆင့် ဘီးတပ်ကုလားထိုင်များဖြင့် ပြည်ထောင်စုလမ်းမကြီးအတိုင်း ဘုတ်ပြင်းမြို့ထဲသို့ ဝင်ရောက်လာကာ တစ်ပင်ရွှေထီးလမ်းရှိ CB Bank တွင် ခေတ္တရပ်နား၍ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် တစ်ပင်ရွှေထီးလမ်း-ကျောင်းလမ်း-ဗိုလ်ချုပ်လမ်း အတိုင်း မြို့တွင်းသို့ စီတန်းဝင်ရောက်ကာ မာရ်အောင်ပရိယတ္တိ စာသင်တိုက်တွင် ကြိုဆိုကြသူများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်အဖွဲ့သည် မြို့နယ် ပုလဲရွှေရည်ခန်းမရှေ့သို့ သွားရောက်ပြီး မြို့နေပြည်သူများနှင့် တွေ့ဆုံကာ ငြိမ်းချမ်းရေးတွဲလက်များ အဖွဲ့ခေါင်းဆောင်ဦးသိန်းလွင်က ဘုတ်ပြင်းမြို့နေ ပြည်သူများအား နှုတ်ခွန်းဆက် စကားပြောကြားသည်။ ဆက်လက်၍ အမြင်အာရုံမသန်စွမ်းသူများက ငြိမ်းချမ်း ရေးတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ငြိမ်း ချမ်းရေးကဗျာ ရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအကြောင်းအရာများ ဟောပြောခြင်း၊ ငြိမ်းချမ်းရေး လိုလားသူများ၏ ဆန္ဒလက်မှတ်များ ကောက်ယူခြင်းနှင့် ရင်တွင်းဖြစ်စကားသံများ စုဆောင်းခြင်းတို့ဆောင်ရွက်ခဲ့ကြရာ မြို့နေပြည်သူများက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါအဖွဲ့သည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့တွင်း လူစည်ကားသည့်နေရာများ၌ ငြိမ်းချမ်းရေးပိုစတာများ စိုက်ထူကြပြီး ဘုတ်ပြင်းမြို့နယ်မှ တနင်္သာရီမြို့နယ်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ခြိုးခြံချွေတာခြင်းသည်သာလျှင်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဂျာမနီတွင် စားသောက်ဆိုင်တစ်ခု၌ အစားအသောက်များမှာပြီးနောက် ကုန်အောင်မစားဘဲထားခဲ့သည့် ရွှေမြန်မာတချို့ကို တာဝန်ရှိသူများက ဒဏ်ရိုက်ခဲ့သည်ဆိုသော သတင်းတစ်ပုဒ်ကို လူမှုကွန်ရက်စာမျက်နှာတွင် ဖတ်လိုက်ရသည်။ ထိုဖြစ်စဉ်လေးသည် ရိုးရိုးတွေးလျှင် မဆန်းသော်လည်း စေ့စေ့စပ်စပ် တွေးကြည့်မည်ဆိုလျှင် နိုင်ငံ၏ဂုဏ်သိက္ခာကို များစွာထိခိုက်စေပါသည်။ မြန်မာနိုင်ငံသားများကို ထိုသို့ ဖြုန်းတီးတတ်ကြသူများလားဟု အထင်ခံရမည်ဖြစ်သည်။ အမှန်စင်စစ်မှာမူ တချို့သော လူ့မလိုင်များသည်သာလျှင် ထိုအပြုအမူမျိုးကို လုပ်တတ်ကြပြီး ထိုသို့လုပ်ရသည်ကိုပင် ဂုဏ်ယူနေလေ့ရှိကြသူများဖြစ်သည်။ ဆိုရလျှင် ဖြုန်းတီးခြင်းဖြစ်သောကြောင့် ရှက်ဖွယ်ကောင်းသော လုပ်ရပ်ပင် ဖြစ်သည်။

### ဘဝအကျိုးပေးကောင်းသူများ

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ရေလျှံနေကြသူများရှိကြသည်။ မျိုးရိုးစဉ်ဆက် အမွေရ၍ ချမ်းသာနေသူများ၊ လုပ်ပိုင်ခွင့်ရ၍ ချမ်းသာနေသူများ၊ သတင်းလက်ဦးမှုရ၍ ချမ်းသာနေသူများ၊ လိမ်လည်၍ ချမ်းသာနေသူများ၊ ရာထူးကိုအသုံးချ၍ ချမ်းသာနေသူများ၊ လာဘ်စား၍ ချမ်းသာနေသူများ၊ ချိတ်ဆက်ပေး၍ ချမ်းသာနေသူများ၊ တန်ဖိုးရှိသော သတင်းများကိုရောင်းချ၍ ချမ်းသာနေသူများ စသဖြင့် ရှိမည်ထင်ပါသည်။ မြန်မာနိုင်ငံရှိ တချို့သော သန်းကြွယ်သူဌေးများသည် လုပ်ပိုင်ခွင့်အာဏာရှိသူများနှင့်ပူးပေါင်း၍ ကြီးပွားလာကြသူများ ဖြစ်ကြသည်။ ခြွင်းချက်အနေဖြင့် ငယ်စဉ်ကတည်းက ကိုယ်တိုင်ကြိုးပမ်းအားထုတ်ခဲ့သောကြောင့် အောင်မြင်ကြီးပွားချမ်းသာနေကြသူများလည်း ရှိမည်ဖြစ်ပါသည်။

### ဆင်းရဲချမ်းသာကွာခြား

မြန်မာနိုင်ငံတွင် ကျေးလက်နှင့်မြို့ပြ လူတန်းစားများအကြားတွင် ဆင်းရဲချမ်းသာကွာဟမှုသည် လွန်စွာ မြင့်မားလျက်ရှိသည်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် နေထိုင်လျက်ရှိကြသည့် တချို့သော လူတန်းစားများသည် သိန်းပေါင်း သိန်းချီတန်သော အိမ်များကို ပိုင်ဆိုင်ထားကြသည်။ ထို့အပြင် တစ်မိသားစုလျှင် သိန်းထောင်ချီတန်သော ကား သုံး၊လေးစီးခန့်ကိုလည်း အနည်းဆုံးပိုင်ဆိုင်ထားကြသည်။ သို့သော် ကျေးလက်ဒေသရှိ လက်လုပ်လက်စားများမှာမူ ဓနိမိုး၊ ထရံကာတဲများတွင် ချို့တဲ့စွာ နေထိုင်ကြရပြီး လမ်းလျှောက်နေရဆဲပင်ဖြစ်သည်။ လူချမ်းသာများသည် နိုင်ငံခြားသို့ ပညာသင်ထွက်နေသည့်အချိန်တွင် ကျေးလက်ဒေသများ၌ မူလတန်းပညာကိုပင် ဆုံးခန်းတိုင်အောင် သင်ယူခွင့်မရသည့် ကလေးငယ်များစွာ ရှိနေဆဲဖြစ်သည်။ လူချမ်းသာများက ဟိုတယ်စာကို တစ်နေ့တစ်မျိုး မရိုးအောင် စားသောက်နေကြသည့်အချိန်တွင် ကျေးလက်နေပြည်သူများသည် ဆန်ကျိုးထမင်းနှင့် ငါးပိရည်လောက်ကိုသာ စားသောက်နေကြရသည်။ မြန်မာ့လူ့အဖွဲ့အစည်းသည် တဖြည်းဖြည်း ဟန်ချက်ပျက်လာနေပြီဖြစ်သည်။

### ဖြုန်းတီးကြသူများ

ငွေရချောင်သည့်ဝန်ထမ်းများ အပါအဝင် တချို့သော လူချမ်းသာများသည် ပြည်ပသို့ ဈေးဝယ်ထွက်ခြင်း၊ အပန်းဖြေခရီးထွက်ခြင်း၊ ဇိမ်ခံဟိုတယ်များတွင်တည်းခိုခြင်း၊ အဆင့်မြင့်စားသောက်ဆိုင်များတွင် စားသောက်ခြင်းတို့ ပြုလုပ်လေ့ရှိကြသည်။ တန်ဖိုးကြီးမားသော ဇိမ်ခံပစ္စည်းများကို ဝယ်ယူကြသည်။ အစားအသောက်များကိုလည်း အလျှံပယ်မှာကြသည်။ သို့သော် တစ်ခါမှ ကုန်အောင်မစားကြပေ။ တချို့သောသူများသည် အစားအသောက်များမှာပြီး ထိုကဲ့သို့ ထားခဲ့ရသည်ကိုပင် ဂုဏ်ယူနေကြသည်။ ရှက်ဖွယ်လုပ်ရပ်များပင် ဖြစ်သည်။

### ကိုယ်တွေ့

စာရေးသူ ပြည်ပတွင် တာဝန်ထမ်းဆောင်စဉ်က ရုံးပိတ်ရက်များတွင် တစ်ခါတစ်ရံ မိသားစုနှင့်အတူ အပြင်သို့ထွက်စားဖြစ်သည်။ နိုင်ငံခြားသားများ၊ အထူးသဖြင့် ဥရောပနိုင်ငံများမှ ခရီးသွားများသည် စားသောက်ဆိုင်ထိုင်ရာတွင် စည်းကမ်းရှိကြသည်။ အစားအသောက်ကို လိုသလောက်သာ မှာယူကြသည်။ အစားအသောက် သုံးဆောင်ရာတွင်လည်း ကုန်စင်အောင် စားလေ့ရှိကြသည်။ အစားအသောက်များကို တစ်ခါမျှ မထားခဲ့ကြပေ။ သို့သော် တစ်ခါတစ်ရံ မြန်မာနိုင်ငံမှလာသော ဧည့်သည်များကို ကုန်တိုက်များသို့ လိုက်ပို့ပေးရသည့်အချိန်မျိုးတွင် တချို့သော လူများသည် အစားအသောက်များကို ဒေါ်လာဖြင့်မှာရသော်လည်း ကုန်အောင်မစားဘဲ ထားခဲ့တတ်ကြသည်။ ခံယူချက်ကွာကြပါသည်။

ပြည်တွင်း၌လည်း အလားတူပင်ဖြစ်သည်။ တချို့သောသူများသည် စားသောက်ဆိုင်များတွင် တန်ဖိုးကြီးမားသော ဟင်းလျာများကို များစွာမှာပြီး ကုန်အောင်မစားဘဲ ထားခဲ့လေ့ရှိကြသည်။ စားသောက်ဆိုင်များသည် စားကြွင်းစားကျန်များကို အမှိုက်ပုံးထဲသို့ စွန့်ပစ်လိုက်ကြသည်။ အမှန်စင်စစ်မှာမူ စား၍ကုန်နိုင်သလောက်သာ မှာသင့်ပါသည်။ လိုအပ်ပါက ထပ်၍လည်း မှာနိုင်ပါသည်။ ဆိုရလျှင် ထိုသို့ အကျိုးမဲ့ဖြုန်းတီးနေသူများကြောင့် နိုင်ငံတော်၏ အရင်းအမြစ်များစွာ ဆုံးရှုံးရခြင်းဖြစ်သည်။

စာရေးသူတို့ငယ်စဉ်က ထမင်းစားသောက်စဉ် ပန်းကန်အောက်သို့ ထမင်းလုံးဖိတ်စဉ်ကျလျှင် မိဘများက ချက်ချင်းကောက်ထည့်ခိုင်းသည်။ ဆန်တစ်စေ့ရရှိဖို့ မည်မျှရုန်းကန်ရကြောင်းကို ရှင်းပြသည်။ ယခုအခါတွင် တချို့သော လူချမ်းသာများကို 'ထမင်းဘယ်ကရလဲ' မေးလျှင် 'ထမင်းအိုးထဲကရသည်' ဟု ဖြေကြမည်ဟုထင်မိသည်။

မြန်မာနိုင်ငံတွင် စားသောက်ဆိုင်များ၊ ဟိုတယ်များတွင် စားသုံးသူများအတွက် စောင့်ကြည့်အဖွဲ့များထားကာ အစားအသောက်များမှာပြီး ကုန်အောင်မစားသူများကို ဒဏ်ငွေရိုက်ခြင်း လုပ်သင့်သည်ဟု အကြံပြုလိုပါသည်။ သို့သော် ထိုစောင့်ကြည့်အဖွဲ့အနေဖြင့် အဂတိကင်းရှင်းပြီး သမာသမတ်ကျဖို့လည်း လိုမည်ထင်ပါသည်။

### နေရာတိုင်းတွင်ဖြုန်းတီးနေ

မြန်မာတို့သည် အစားအသောက်တွင်သာမက နေရာတိုင်းတွင်လည်း ဖြုန်းတီးလျက်ရှိကြသည်။ ရုံး၊ ဌာနများတွင် စာရွက်၊ စာတမ်းများ၊ လျှပ်စစ်မီးများ၊ သောက်သုံးရေများကို ဖြုန်းတီးကြသည်။ အဆိုးရွားဆုံးမှာ အချိန်ကို ဖြုန်းတီးခြင်းပင်ဖြစ်သည်။ တချို့သော ဝန်ထမ်းများသည် လက်ဖက်ရည်ဆိုင်ထိုင်၊ ဘောလုံးပွဲလောင်းပြီး အချိန်ဖြုန်းကြသည်။ တချို့သောသူများသည် ပန်းခြံများ၊ ရုပ်ရှင်ရုံများတွင် အချိန်ဖြုန်းကြသည်။ တချို့သောသူများသည် ဖုန်းပွတ်ရင်း အချိန်ဖြုန်းကြသည်။ ဆိုရလျှင် ဆုတ်ယုတ်ခြင်းဆီသို့ သွားနေကြခြင်းဖြစ်သည်။

### ခြိုးခြံချွေတာမှသာလျှင်

ယခုဆိုလျှင် နိုင်ငံတစ်ဝန်းတွင် အခြေခံစားကုန်များ ဈေးနှုန်းသည် တရိပ်ရိပ်မြင့်တက်နေပြီဖြစ်သည်။

**'ယခုဆိုလျှင် နိုင်ငံတစ်ဝန်းတွင် အခြေခံစားကုန်များ ဈေးနှုန်းသည် တရိပ်ရိပ်မြင့်တက်နေပြီဖြစ်သည်။ နိုင်ငံတော်တွင်လည်း နိုင်ငံခြားကြွေးမြီများတင်နေပြီ ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း လစာတိုးပေးနိုင်မည့် အလားအလာ မတွေ့ရသေးပေ။ ထို့ကြောင့် လူတစ်ဦးချင်းအနေဖြင့် မလိုအပ်ဘဲ သုံးဖြုန်းခြင်းကို ရှောင်ကြဉ်သင့်နေပြီဖြစ်သည်။ အထူးသဖြင့် ငွေကိုရလိုသုံးနိုင်သော လူချမ်းသာများအနေဖြင့် တိုင်းပြည်အရင်းအမြစ်များကိုဖြုန်းတီးသည့် အပြုအမူများကို ရှောင်ကြဉ်သင့်ပြီဖြစ်သည်'**

နိုင်ငံတော်တွင်လည်း နိုင်ငံခြားကြွေးမြီများ တင်နေပြီဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအတွက်လည်း လစာတိုးပေးနိုင်မည့် အလားအလာ မတွေ့ရသေးပေ။ ထို့ကြောင့် လူတစ်ဦးချင်းအနေဖြင့် မလိုအပ်ဘဲ သုံးဖြုန်းခြင်းကို ရှောင်ကြဉ်သင့်နေပြီဖြစ်သည်။ အထူးသဖြင့် ငွေကိုရလိုသုံးနိုင်သော လူချမ်းသာများအနေဖြင့် တိုင်းပြည်အရင်းအမြစ်များကိုဖြုန်းတီးသည့် အပြုအမူများကို ရှောင်ကြဉ်သင့်ပြီဖြစ်သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားတတ်ဖို့ လိုနေပြီဖြစ်သည်။ ဆိုရလျှင် ခြိုးခြံချွေတာရေးမှုကို ကျင့်သုံးနိုင်မှသာလျှင် တန်ကာကျပေတော့မည်ဖြစ်သည်။

ယခုဆောင်းပါးနှင့်ပတ်သက်၍ တချို့သောသူများက 'ကိုယ်ရှာထားသည့်ငွေကို ကိုယ့်ဘာသာသုံးသည်၊ ဘာဖြစ်သလဲ' ဟု မေးကြမည်ထင်ပါသည်။ ထိုသို့ ယူဆလျှင် လွဲပါသည်။ လိုအပ်သလောက်သာ ဝယ်ယူခြင်း၊ သုံးစွဲခြင်းသည်သာလျှင် နိုင်ငံကြီးသားပီသမည် ဖြစ်သည်။ အထူးသဖြင့် စားသောက်ဆိုင်များတွင် အစားအသောက်များကို လိုအပ်သည်ထက်မှာယူပြီး မစားဘဲ ထားခဲ့ခြင်းသည် တိုင်းပြည်၏အရင်းအမြစ်ကို ဖြုန်းတီးခြင်းသက်သက်သာ ဖြစ်ပေမည်။

နိုင်ငံသားအားလုံးအနေဖြင့် တိုင်းပြည်၏ အရင်းအမြစ်များကို ခြိုးခြံချွေတာ၍ သုံးစွဲနိုင်ကြပါစေ။ ။

## ဖလမ်းမြို့နယ်ရှိ ကလေးငယ်များအား ဗီတာမင်အေ တိုက်ကျွေး



**ဖလမ်း မတ် ၂၁**

ကလေးငယ်များ ဗီတာမင်အေပြည့်ဝပြီး ကျန်းမာစေရန်အတွက် ဗီတာမင်အေအားဆေး တိုက်ကျွေးခြင်းကို ဖလမ်းမြို့ရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မတ် ၂၀ ရက်နှင့် ၂၁ ရက်က ဆောင်ရွက်ခဲ့သည်။

ဖလမ်းမြို့ မြို့ပေါ်ရပ်ကွက်လေးခုတွင် နေထိုင်သော အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအား ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက နှစ်ရက်ကြာ ဗီတာမင်အေဆေးများ တိုက်ကျွေးမည်ဖြစ်ပြီး အသက်ခြောက်လမှ တစ်နှစ်အထိ ကလေးငယ်များအား ဗီတာမင်အေအပြာ တစ်သိန်းအားနှင့် အသက်တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များအား ဗီတာမင်အေအနီ နှစ်သိန်းအား ဆေးများကို တိုက်ကျွေးခြင်းဖြစ်ကြောင်း သိရသည်။

ဗီတာမင်အေပြည့်ဝသော ကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ မျက်ဝန်းများ တောက်ပရွှန်းစို၍ မျက်စိအမြင်အားကောင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပြီး ဗီတာမင်အေချို့တဲ့သော ကလေးများမှာမူ ပုံမှန်မကြီးထွားနိုင်ခြင်း၊ မကြာခဏ ဖျားနာတတ်ခြင်း၊ ရောဂါဖြစ်လျှင် ပြင်းထန်ပြီး အသက်အန္တရာယ် ကြုံတွေ့နိုင်ခြင်း၊ ကြက်မျက်သင့်ရောဂါ ဖြစ်တတ်ခြင်းနှင့် မျက်စိ အပြင်တိမ်စွဲ၍ မျက်စိကွယ်တတ်ခြင်းစသည့် ရောဂါများဖြစ်နိုင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# နောင်ယားကန်သာယာဘေးက အပန်းဖြေစရာညဈေး

**ကြီးမြင့်နိုင် (လွိုင်ကော်)**

၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင်ကျရောက်ခဲ့သည့် (၇၁) နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့နောင်ယား (ခ) ရပ်ကွက်အတွင်းရှိ လွိုင်ကော်မြို့၏အထင်ကရ နောင်ယားကန်သာယာဘေးတွင် နောင်ယားကန်သာယာ ညဈေးကို ဖွင့်လှစ်ပေးခဲ့သည်။ ထိုနေ့မှစတင်၍ နောင်ယား ကန်သာယာ ညဈေးကို နေ့စဉ်ညနေ ၃နာရီမှ ည၁၀နာရီအထိ ဖွင့်လှစ်ကာ ရိုးရာအစားအစာများ ရောင်းချလျက်ရှိရာ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများရိုးရာအစားအစာများ စားသောက်ရင်း အပန်းဖြေလျက်ရှိကြသည်။



**စိုးရိမ်မိခဲ့ကြ**

ယခုနောင်ယားကန်သာယာ ညဈေးဖွင့်လှစ်ထားရှိသောနေရာမှာ ဦးနီလမ်းဘေးတစ်လျှောက် နောင်ယားကန်သာယာ ကန်ပေါင်ပေါ်တွင်ဖြစ်၍ ဈေးဆိုင်များမှ စွန့်ပစ်ပစ္စည်းများကြောင့် နောင်ယားကန်သာယာ ပတ်ဝန်းကျင်နှင့် ကန်သာယာအတွင်း ရေများညစ်ညမ်းကာ သဘာဝအလှပျက်စီးသွားလေမလားဟု ဒေသခံပြည်သူအချို့ စိုးရိမ်မိခဲ့ကြသည်မှာ အမှန်ဖြစ်ပါသည်။ ယခုညဈေးဖွင့်လှစ်သောအခါ မြင်တွေ့လိုက်ရသောမြင်ကွင်းကြောင့် စိုးရိမ်စိတ်တို့ ပြေပျောက်ရုံသာမကဝမ်းမြောက်မှုပင်ဖြစ်ကြရပါသည်။ နောင်ယားကန်သာယာ ညဈေးသို့လာရောက်ကာ ရိုးရာအစားအစာဆိုင်ဖွင့်လှစ်ရောင်းချသူ အရေအတွက်မှာ ၅၀ ခန့်ရှိသည်ဟုဆိုသည်။ ဆိုင်များကိုဖွင့်လှစ်ရောင်းချရာတွင် ကန်သာယာအလှကို ပျက်စီးစေနိုင်သည့် ဆိုင်ခန်းများကို အခိုင်အမာတည်ဆောက်ဖွင့်လှစ်ခြင်းမဟုတ်ဘဲ ညနေ ၃နာရီဆိုင်ဖွင့်ချိန်ရောက်မှ ဆိုင်ဖွင့်ရန်လိုအပ်သော ပစ္စည်းများအားလုံး သယ်ပြန်ကြရပါသည်။ သို့ဖြစ်၍နေ့စဉ် ညဈေးဖွင့်လှစ်ချိန် ညနေ ၃နာရီမှ ည၁၀နာရီအတွင်းမှအပ အခြားအချိန်ကာလများတွင် ညဈေးရှိသည်ဟူသော မည်သည့်အမှတ်လက္ခဏာတစ်စုံတစ်ရာကိုမျှ မတွေ့ရှိနိုင်ဘဲ နောင်ယားကန်သာယာသည် မူလပကတိအတိုင်း သာယာလှပမြဲလှပနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ကန်သာယာညဈေးတွင် အရက်၊ ဘီယာ ရောင်းချခွင့်မပြုပါ။ များသောအားဖြင့် အဆာပြေအစားအစာနှင့် အမှတ်တရရိုးရာလက်မှုပစ္စည်းလေးတွေသာ ရောင်းချကြသည်။ ဈေးသည်များသည် စည်းကမ်းရှိကြသည်။ ကန်သာယာဝန်းကျင်တွင် အမှိုက်တစ်စပင်မကျအောင် ဂရုစိုက်ကြပါသည်။ ကန်ရေညစ်ညမ်းစေမည့် မည်သည့်အပြုအမူမျိုးကိုမျှ မပြုလုပ်ကြပါ။

**စံနမူနာပြုစရာနေရာ**

ယခုအခါ ညဈေးကလေးသည် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် စံနမူနာပြုစရာနေရာလေးတစ်ခုအဖြစ်ပင်တည်ရှိနေပါတော့သည်။

ညနေ ၃ နာရီအချိန်ရောက်လျှင် ယာယီရွက်ဖျင်ထီးမိုး၍လည်းကောင်း၊ သစ်ပင်အောက်တွင်လည်းကောင်း ယာယီစားပွဲထိုင်ခုံများချလျက် နောင်ယားကန်သာယာ ညဈေးကလေးသည် အသက်ဝင်လာစမြဲဖြစ်သည်။ ထိုအချိန်တွင် အပန်းဖြေအနားယူ လိုသူတို့သည် တဖွဲဖွဲရောက်ရှိလာကြလျက် သစ်ပင်၊ ပန်းပင်များကြား မြေသားကန်ပေါင်ပေါ်မှ ဆိုင်ကလေးများတွင် ထိုင်ကာ ကန်ရေပြင်မှဖြတ်သန်းလာသည့် လေကောင်းလေသန့်ကို ရှူရှိုက်ရင်း မိမိတို့ပြောဆိုလိုရာစကားများကို ပြောဆိုရင်း အချို့ကလည်း ညဈေးမီးရောင်အောက်တွင် လမ်းလျှောက်ကြရင်း တစ်နေ့တာပင်ပန်းခဲ့သမျှကို အတိုးချအပန်းဖြေနိုင်ကြလေသည်။ နောင်ယားကန်သာယာညဈေးသို့ အပန်းဖြေလာသူမှန်သမျှ ရွှင်လန်းချမ်းမြေ့ကြလေသည်။ ။

## ရမည်းသင်းမြို့ ရွှေမုဋ္ဌောစေတီတော်ကြီး ထီးတော်သစ် ပြန်လည်တင်လှူပူဇော်မည်

**ရမည်းသင်း မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပျဉ်းတပ်ရှမ်းစုကျောင်းတိုက်စုရပ်ကွက် လေသာတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး၏ ထီးတော်အား ဧပြီလပထမပတ်တွင် ထီးတော်အသစ်ပြန်လည်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတီတော်မြတ်ကြီးမှာ သီရိဓမ္မာအသောကမင်းကြီးကောင်းမှုအဖြစ် တည်ထားခဲ့သည်ဟုသိရပြီး ခေတ်အဆက်ဆက်မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ခဲ့သော်လည်း စေတီတော်ကြီးနှင့် ထီးတော်မှာ နှစ်ကာလကြာမြင့်ခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ဟောင်းနွမ်းပျက်စီးနေခြင်းကြောင့် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး အကျိုးဆောင်အဖွဲ့မှ မြို့နယ်သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကိုခံယူကာ အလှူရှင်တစ်ဦးက တင်လှူပူဇော်မည်ဟု သိရသည်။ **အတ်ကလေး-ရမည်းသင်း**

## စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်းရှိ မရှိစစ်ဆေး

**ထန်တလန် မတ် ၂၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ချင်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဝန်ထမ်းများသည် ထန်တလန်မြို့ပေါ်ရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြို့ပေါ်ရှိစားသောက်ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များတွင် စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ဆေးဝါးများနှင့် သက်တမ်းကုန်အစားအသောက်များနှင့် ဆေးဝါးများရောင်းချခြင်းရှိ မရှိ စစ်ဆေးခြင်းကို မတ် ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် ဆိုးဆေးပါအစားအသောက်များနှင့် သက်တမ်းကုန်ဆုံးပြီးဖြစ်၍ စားသုံးရန်မသင့်သော ပဲနို့ဘူးများ၊ မာမီးခေါက်ဆွဲထုပ်များ၊ ရှူးရှဲထုပ်များကို တွေ့ရှိသိမ်းဆည်းခဲ့ကြပြီး အဆိုပါသိမ်းဆည်းသည့် စားသောက်ကုန်များကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အမှိုက်ကျင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုပြီးနောက် အနယ်နယ်အရပ်ရပ်မှ အလောင်းတော်ကဿပ ဘုရားဖူးသူများပြားလျက်ရှိနေ



**မုံရွာ မတ် ၂၁**

မြန်မာနိုင်ငံတစ်ဝန်း တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပပြီးစီးသွားခဲ့ပြီဖြစ်ရာ မိသားစုလိုက် ဘုရားဖူး၊ အပန်းဖြေခရီးများသွားရောက်လည်ပတ်လျက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ သမိုင်းဝင်အလောင်းတော်ကဿပ တောင်စေတီကြီးတွင် ဘုရားဖူးများ စည်ကားလျက်ရှိသည်။

အဆိုပါစေတီတော်မှာ မုံရွာမြို့မှ မိုင် ၅၀ ခန့်အကွာ၊ ကနီမြို့နယ်အတွင်းရှိ ပုံတောင်၊ ပုံညာနှင့် မဟူတောင်တန်းမှသည် ဝေဘူလ၊ ဝေဘာရသုနန္ဒရတောင် သုံးလုံးတို့အကြား ပုထိုးလုံးချောင်း၏ လက်တက်ဖြစ်သော အထက်ချောင်းဖျားနေရာ စမ်းချောင်းလေးနံဘေးရှိ လိုဏ်ဂူတော် အနီး၌ တည်ရှိပြီး ကျောက်တောင်၊ ကျောက်သားများပေါ်တွင် တည်ထားခြင်း၊ ကျောက်သားစစ်စစ် ကျောက်လိုဏ်ဂူတွင် တည်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် တန်ခိုးကြီးပြီးထင်ရှားသည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပွင့်လင်းရာသီတွင် လာရောက်ဖူးမြော်ကြခြင်းဖြစ်သည်။

"ကျွန်မတို့က ပြည်ဘက်ကနေလာကြတာပါ၊ လာလည်ချင်တာတော့ကြာလှပါပြီ၊ ဒါပေမယ့်ခရီးကလည်းဝေးတော့ မလာဖြစ်ကြပါဘူး၊ ဒီနှစ်တော့ကလေးတွေဆယ်တန်းစာမေးပွဲပြီးတာနဲ့ သူတို့ကလည်း အလောင်းတော်ကဿပကို သွားချင်တယ်ဆိုတာနဲ့ လိုက်ပို့တာပါ၊ ဒီရောက်တော့မှ တစ်နိုင်ငံလုံး ဒေသအစုံက လာရောက်တဲ့သူတွေနဲ့ အတော့်ကို စည်ကားနေတာကိုတွေ့ရတယ်" ဟု ပြည်မြို့မှ ဒေါ်သန်းသန်းမော်က ပြောသည်။

မုံရွာမြို့မှ တောင်ခြေရှိ ကပိုင်ကျေးရွာသို့ ၃၉ မိုင်၊ ထိုကျေးရွာမှ တောင်တော်သို့ ၂၁ မိုင် ကွာဝေးပြီး ဆင်စခန်းဖြစ်သည့် ချောင်းမကြီးစခန်းမှ ဆင်များငှားရမ်းကာ သွားရောက်နိုင်သည့်အပြင် ခြေကျင်ခရီးဖြင့် တစ်မိုင်ခန့်တက်ရကြောင်း သိရသည်။

"ဖွင့်တာကတော့ တပို့တွဲလစဖွင့်တာပါ၊ အခုလိုဆယ်တန်းတွေဖြေပြီးတဲ့အချိန်ဆို အလွန်စည်ပါတယ်၊ ထူးခြားတာကတော့ တပို့တွဲလပြည့်နေ့နဲ့ တပေါင်းလပြည့်နေ့တွေမှာ ထူးခြားဖြစ်စဉ်တွေ နှစ်စဉ်ဖြစ်လေ့ရှိပါတယ်၊ ဒီနှစ်လည်း တပို့တွဲလပြည့်နေ့တုန်းက အလောင်းတော်ကဿပဂူကြီးရဲ့ကျောက်တံခါးပွင့်ပါသေးတယ်၊ ဗီဒီယိုမှတ်တမ်းတင်ထားတဲ့ခွေတွေရှိပါတယ်" ဟု ဆင်စခန်းတွင် စားသောက်ဆိုင်ဖွင့်ထားသူ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် သုစာရိတ္တဓမ္မာရုံ၌ တည်ထားကိုးကွယ်လျက်ရှိသော လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် ကမ်းနားလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော လေးကျွန်းမာရ်အောင်ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ထီးတော်၊ စိန်ဖူးတော်နှင့် အရံစေတီတော်ထီးတော်တင်ရန်အတွက် ၎င်းထီးတော်အား ခုနစ်ရက်သားသမီးများ ကြည်ညိုသဒ္ဓါပွားဖူးမြော်နိုင်ရန် မတ်လတတိယပတ်က လှည့်လည်အပူဇော်ခံနေစဉ်။
ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## လျှပ်စစ်အမှိုက်သိမ်းစီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်

**ဖားကန့် မတ် ၂၁**

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်ရွာဟောင်းကျေးရွာ၌ စွန့်ပစ်အမှိုက်သိမ်းစီမံခန့်ခွဲမှုစနစ်ကို ဖေဖော်ဝါရီလမှ စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ မတ် ၁၉ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၊ ဆိုင်းတောင်ရွာဟောင်းကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များနှင့် ကျေးရွာနေပြည်သူများစုပေါင်း၍ ဒုတိယအကြိမ်မြောက် ကျေးရွာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်သည့်ကျေးရွာ ၂၈ ရွာရှိပြီး အဆိုပါကျေးရွာများအနက်မှ လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာ၊ နမ့်မဖြစ်ကျေးရွာအုပ်စု မလန်းကျေးရွာနှင့် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်ရွာဟောင်းကျေးရွာတို့၌ စွန့်ပစ်အမှိုက်သိမ်းစီမံခန့် ခွဲမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**ဝင်းအောင်**

## လျှပ်စစ်ဘေးအန္တရာယ် လေ့ကျင့်မှုသရုပ်ပြ

**စစ်ကိုင်း မတ် ၂၁**

လျှပ်စစ်ဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် လေ့ကျင့်မှုသရုပ်ပြ အခမ်းအနားကို စစ်ကိုင်းမြို့အ ထ က (၁) အသင်္ချာခန်းမ၌ မတ် ၁၉ ရက်က ကျင်းပရာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမှာ စကားပြောကြားသည်။ အခမ်းအနားတွင် လျှပ်စစ်ဘေးအန္တရာယ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာရှင်အတတ်ပညာရှင်များက ဟောပြောကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများက လျှပ်စစ်ဘေးကြုံလာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး လျှပ်စစ်ဘေးဆိုင်ရာသရုပ်ပြလေ့ကျင့်မှု ပြသခဲ့ကြကြောင်း သိရသည်။ **ခိုင်ဇေယျ**



# မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၁**
မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း(MYEA)၏ ပဉ္စမအကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၁၇ ရက်က ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်းနာယကများဖြစ်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အထူးဧည့်သည်တော်များ ဖြစ်သော မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုနှင့် ဝန်ကြီးများ၊ ဒုဝန်ကြီးများ၊ သံရုံးများမှ အတွင်းဝန်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ UMFCCI နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များ၊ Regional ဥက္ကဋ္ဌများနှင့် အသင်းသားများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းသည် လူငယ်လုပ်ငန်းရှင်များကို မြေတောင်မြှောက်ပေးပြီး Entrepreneurship Eco System တစ်ခု အကောင်အထည်ဖော်ရန်၊ အစိုးရနှင့် လူငယ်လုပ်ငန်းရှင်များကြား တိုက်ရိုက်တွေ့ဆုံနိုင်စေရန်၊ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအတွင်း စွန့်ဦးတီထွင် ယဉ်ကျေးမှုတစ်ရပ် ပေါ်ပေါက်လာစေရန်၊ နိုင်ငံတော်ကိုအထောက်အကူပြုမည့် တာဝန်သိ လူငယ်လုပ်ငန်းရှင်များ အောင်မြင်စွာ ပေါ်ပေါက်လာရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကာ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အသင်းခွဲများကို ဖွဲ့စည်းထားကာ လက်ရှိတွင် အသင်းဝင်အင်အား ၁၈၀၀ ကျော်အထိ စုစည်းထားနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၏ သင်းလုံးကျွတ် အထွေထွေနှစ်ပတ်လည်အစည်းအဝေးများကိုလည်း ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၈ နှစ်ပတ်လည် အထွေထွေအစည်းအဝေးပွဲတွင် ယခင်နှစ်များက လုပ်ဆောင်ခဲ့သောလုပ်ငန်းစဉ်များကို အသင်းသားများအား အသိပေးခြင်း၊ ငွေစာရင်းရှင်းတမ်းများကို သုံးသပ်ခြင်းနှင့်အသင်းကြီး၏ အနာဂတ်တွင်ပြုလုပ်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပုံဖော်ခြင်း၊ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ထပ်မံရွေးချယ်ခံရသည့် အလုပ်အမှုဆောင်အသစ် ၁၀ ဦး၏ အမည်စာရင်းဖတ်ကြားအတည်ပြုခြင်း၊ ဆက်လက်လုပ်ဆောင်မည့် သင်းဖွဲ့စည်းမျဉ်းနှင့် အနာဂတ်လုပ်ငန်းစဉ်များကို ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။



**ခင်ရတနာ**

## ထန်တလန်မြို့ပေါ်ရပ်ကွက်များမှ စားသောက်ကုန်နှင့် ဆေးဝါး အရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး



**ထန်တလန် မတ် ၂၁**
ချင်းပြည်နယ် ထန်တလန်မြို့ပေါ်ရှိ စားသောက်ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များတွင် စားသုံးရန်မသင့်သည့် အစားအသောက်များ၊ ဆေးဝါးများ၊ သက်တမ်းကုန် အစားအသောက်များနှင့် ဆေးဝါးများ ရောင်းချခြင်း မရှိစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ချင်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ မတ် ၁၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများအဖွဲ့က ထန်တလန်မြို့နယ်မှ ကျန်းမာရေး၊ ထွေ/အုပ်၊ စည်ပင်၊ ပြန်/ဆက်၊ ရဲတပ်ဖွဲ့စသည့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လိုက်လံ ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကာ စစ်ဆေးတွေ့ရှိသော စားသုံးရန်မသင့်သည့် ဆိုးဆေးပါ အစားအသောက်များ၊ သက်တမ်းကုန်ဆုံးပြီးဖြစ်၍ စားသုံးရန်မသင့်သော ပဲနို့ဘူးများ၊ ခေါက်ဆွဲထုပ်များ၊ လက်ဖက်ထုပ်များကို သိမ်းဆည်းခဲ့ကြသည်။ ထို့နောက် သိမ်းဆည်းခဲ့သည့် အဆိုပါ စားသောက်ကုန်များကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ အမှိုက်ကျင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးငယ်များ စာဖတ်ရှိန်မြင့်မားရေး ပြိုင်ပွဲများကျင်းပ

**မတ္တရာ မတ် ၂၁**
ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ ကလေးငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့် မှတ်ဉာဏ်အရည်အသွေးတိုးတက်လာရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဂိမ်းကစားနည်းများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ ပြိုင်ပွဲများကို အပတ်စဉ် စဉ်ဆက်မပြတ်ကျင်းပပေးခြင်းဖြင့် ကလေးငယ်များအနေဖြင့် စာကြည့်တိုက်ကို စိတ်ဝင်စားမှုများပြားလာပြီး စာကြည့်တိုက်မှ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနိုင်ကာ စာဖတ်ရှိန်မြင့်မားလာစေရန် ရည်ရွယ်ကြောင်း၊ ဂိမ်းကစားနည်းနှင့် ပြိုင်ပွဲများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ပြီး မည်သည့်ကလေးငယ်မဆို လာရောက်ပါဝင်ကစားနိုင်ကြောင်း သိရသည်။

မတ် ၁၉ ရက်ကလည်း စာကြည့်တိုက်တွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို စာကြည့်တိုက်သို့ နေ့စဉ်လာရောက်သည့် စာဖတ်ပရိသတ် ကလေးငယ်များဖြင့် ဝိုင်းဖွဲ့ကျင်းပပေးခဲ့ရာ ကလေးငယ်များက မိမိတို့သိရှိသည့် မေးခွန်းများ၊ စကားထာများကို အပြန်အလှန်မေးမြန်း ကစားကြပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပါဝင်ကြသည့် ကလေးငယ်များအား မြို့နယ်စာကြည့်တိုက်မှ မုန့်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



## ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ ဂုဏ်ပြုသိဋ္ဌပူဇော်ပွဲ၊ နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | ၁-၄-၂၀၁၈ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် (၈း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | ကယားပြည်နယ် အရပ်ဗျော ရုံ(စွယ်တော်မြတ်စေတီတောင်ဘက်မုခ်အနီး) (ထောပတ်ထမင်းဖြင့် ဧည့်ခံပါမည်)။ |

အလုပ်အမှုဆောင်အဖွဲ့

## Happy Birthday

### မိုးပြည့်စုံဟိန်း(ခ) စုံစုံ

ဘိုးဘိုးကြီးမုံရွာဆရာမိုး၏တတိယမြောက်မြေးရတနာ ဖြစ်သောမောင်မိုးပြည့်စုံဟိန်း (Primary prepartory, TOTAL Learning Academy)၏ခြောက်နှစ်မြောက်မွေးနေ့ မှသည်အသက်ရာကျော်သည့်တိုင်သားလေးချစ်သော ဖိုးဖိုး၊ဖေဖေ၊မေမေ၊ကိုကိုတို့နှင့်အတူအမျိုးဘာသာ၊သာသနာအကျိုးသယ်ပိုးဆောင်ရွက်နိုင်ပြီးမိဘကျေးဇူးအထူး သိတတ် သောသားကောင်း ရတနာလေး ဖြစ်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။

| | |
|---|---|
| ဘိုးဘိုးကြီး | - မုံရွာဆရာမိုး(တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) |
| ဖေဖေ | - ဗိုလ်မှူးကျော်ကိုကိုရှိန်း |
| မေမေ | - ဒေါ်မိုးပြည့်ပြည့်ဖြိုး |
| ကိုကိုကြီး | - မောင်ကျော်ကျော်ကိုကိုရှိန်း((Primary 2,Virtuoso, TOTAL Learning Academy) |
| ကိုကိုလေး | - မောင်သုဝေယံရှိန်း((Primary 1,Grandiose, TOTAL Learning Academy) |
| မမ | - ဂျူးဂျူးခင် (ဒသမတန်း-အမေ့အိမ် ကိုယ်ပိုင်အထက်တန်းကျောင်း) |

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစု


တရားလွှတ်တော်ရှေ့နေ ဦးရီစိန် ရေးသားသည့်

## လိမ်လည်မှုနှင့် တရားဥပဒေ

စာအုပ်ထွက်ပြီ

* တရားရုံးများသည် လိမ်လည်အသုံးချသူများ၏ ကိရိယာ မဖြစ်စေရ။
* တရားရုံးများသည် ဥပဒေနှင့်ဆန့်ကျင်သော၊ ဥပဒေအရ တားမြစ်ထားသောအချက်များကို တွေ့ရှိပါက မိမိသဘောအလျောက် ဆောင်ရွက်ရမည်။ (suo moto)
* တရားမျှတမှုဟုဆိုရာ၌ ဥပဒေနှင့်အညီ စီမံဆောင်ရွက်မှသာ တရားမျှတမှုရှိမည်။

စသည့် တရားရုံးများမှ အမှုများစီရင်ဆုံးဖြတ်ရာတွင် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်မူဝါဒများ ပါဝင်သည်။

ဖုန်း-၀၉-၇၃၂၀၄၅၅၃၊ ၀၉-၉၇၆၃၈၄၉၉၈


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၈ ခုနှစ် တရားမမူလမှု အမှတ်-၈၅**

(ယခင်)မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခု)ကမ္ဘာ့ရတနာဘဏ်(အများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်) [၄င်းကိုယ်စား ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)] **နှင့်** (၁) ဦးညီစိုး (၂) ဒေါ်အေးသန်း

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ နန်းတော်ရာရပ်၊ အလင်းရောင်(၂) ရပ်ကွက်၊ အေးမေတ္တာလမ်း၊ အမှတ်(၂၂၀)နေ (၁) တရားပြိုင် ဦးညီစိုး၊ (၂) တရားပြိုင် ဒေါ်အေးသန်း သိစေရမည်။

သင့်အပေါ် တရားလိုက တရားပြိုင်များမှ ငွေချေးယူထားသော ၃၁-၁၂-၂၀၁၇ ရက်အထိ တိုးရင်းပေါင်းငွေကျပ် ၁၃၀၂၈၅၂၇၃ ကျပ် ၇၃ ပြား (ကျပ်တစ်ထောင်သုံးရာ့နှစ်သိန်းရှစ်သောင်းငါးထောင်နှစ်ရာ ခုနစ်ဆယ်သုံးကျပ်၊ ခုနစ်ဆယ့်သုံးပြားတိတိ)နှင့် ငွေအပြေအကျေပေးဆပ်သည့်ရက်အထိ ဘဏ်အတိုးနှုန်းအတိုင်း တရားပြိုင်အပေါ် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဧပြီ ၉ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ဒုတိယခရိုင်တရားသူကြီး (၉)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၃၆**

ဦးမြသိန်း **နှင့်** ၁။ ဒေါ်စန်းစန်းရီ ၂။ ဒေါ်ကြူကြူ ၃။ ဦးမင်းသူ ၄။ ဦးငွေဝင်း ၅။ ဒေါ်မိုးမိုးအေး ၆။ ဒေါ်ချိုချိုမာ ၇။ ဦးအေးဇော်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၅၁၄/၂၀၁၂)အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်နိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၈ခုနှစ် ဧပြီ ၂၄ရက် နံနက် ၁၀း၀၀နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်(၂၆၅)၊ ဦးပိုင်(၄)၊ ဒေါ်ကြည်အမည်ပေါက် မြေနှင့်မြေပေါ်ရှိ အိမ်တစ်လုံးနှင့် ဂိုဒေါင်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေး ငွေကျပ်သိန်း ၂၀၀၀၀ (ကျပ်သိန်းနှစ်သောင်းတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်ပြီး မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံးတို့၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေများကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချမည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက် ရုံးချိန်းမတိုင်ခင် ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမဆုံးရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသောငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၈ခုနှစ် မတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ဥမ္မာတင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မန္တလေးခရိုင်တရားရုံး**

## သင်္ကြန် မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် ၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၃ရက်မှ ကဆုန်လဆန်း ၅ ရက်အထိ (၁၃-၄-၂၀၁၈ရက်မှ ၁၉-၄-၂၀၁၈ရက်အထိ) တရားစခန်း ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသော ယောဂီများ စာရင်းပေးသွင်းနိုင်ကြပါသည်။

| | | |
|---|---|---|
| **အရုဏ်ဆွမ်း** | - | ၁၅၀၀၀၀/-ကျပ် |
| **နေ့ဆွမ်း** | - | ၂၀၀၀၀၀/-ကျပ် |
| **အချိုပွဲ** | - | ၅၀၀၀၀/-ကျပ် လှူဒါန်းနိုင်ပါသည်။ |

**မြတ်တံခွန်စာသင်တိုက်**

**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃၊ ၀၉-၄၄၃၁၄၇၁၄၃**

## အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ ကျိုက်ခေါက်ဘုရားအနီး၊ သန်လျင်မြို့

## သင်္ကြန် အထူး(၅)ရက် တရားစခန်းပွဲ

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားအနောက်ဘက်မုခ်ဦးအနီး၊ သီလဝါလမ်းမပေါ်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရရိပ်သာခွဲ (သန်လျင်မြို့)တွင် နှစ်စဉ်မပျက် သင်္ကြန် အထူး(၅)ရက် တရားစခန်းပွဲကို ၁၃-၄-၂၀၁၈ရက်မှ ၁၇-၄-၂၀၁၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ ၁၂-၄-၂၀၁၇ ရက် ည ၇း၀၀နာရီထိ စာရင်းလက်ခံပေးသွားမည်ဖြစ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဒေါက်တာမင်းတင်မွန်မှ နှစ်စဉ်ကဲ့သို့ အဘိဓမ္မာတရားများ ပို့ချပါမည်။

**မှတ်ချက်။** ။(အမျိုးသားမှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ ပန်းကန်၊ မတ်ခွက်၊ ဇွန်း၊ လက်သုတ်ပဝါ၊ အိပ်ရာ၊ ခြင်ထောင်၊ ခေါင်းအုံး) တစ်ပါတည်းယူဆောင်လာရန်၊ ကျန်းမာရေးကောင်းမွန်ပြီး အချိန်ပြည့်တရားထိုင်နိုင်သူ ဖြစ်ရပါမည်။ ကလေးများ ခေါ်မလာပါရန် မေတ္တာရပ်ခံပါသည်။

**ဆက်သွယ်ရန်ဖုန်း-** ၀၉-၇၉၅၃၀၅၇၁၈၊ ၀၉-၇၆၉၃၃၁၀၀၃

**ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့**
**အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ**
**သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး**

## စစ်တက္ကသိုလ် အပတ်စဉ်(၂၀) အာစရိယပူဇော်ကန်တော့ပွဲ ဖိတ်ကြားလွှာ

စစ်တက္ကသိုလ် အပတ်စဉ်(၂၀) မိသားစု၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲအား ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေလိပ်ပြာဟိုတယ်ခန်းမတွင် ၃၁-၃-၂၀၁၈ရက် (စနေနေ့) ၀၇း၀၀နာရီမှ ၀၈း၃၀ နာရီထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ အသိပေး ဖိတ်ကြားအပ်ပါသည်။

**ဦးစီးကော်မတီ**
**စစ်တက္ကသိုလ် အပတ်စဉ်(၂၀)**
**ဖုန်း-၀၉-၃၆၇၆၂၈၈၇**

## မအူပင်တက္ကသိုလ် မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနား ဖိတ်ကြားလွှာ

မအူပင်တက္ကသိုလ် ကျောင်းသားဟောင်းများအသင်း၏ (ပထမ)အကြိမ် ဘာသာရပ်ပေါင်းစုံ မြတ်ဆရာပူဇော်ကန်တော့ပွဲအခမ်းအနားကို ၂၅-၃-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် မအူပင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မအူပင်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး သက်ပြည့်နှင့် လုပ်သက်ပြည့် အငြိမ်းစားယူသွားသော ဘာသာရပ်အသီးသီးမှ ဆရာကြီး ဆရာမကြီးများအားလုံး ကန်တော့ခံကြွရောက်ကြပါရန်နှင့် နေ့သင်တန်းနှင့် အဝေးသင် သင်တန်း (၂၀၀၂-၀၃မှ ၂၀၁၆-၁၇) ကျောင်းသားကျောင်းသူဟောင်းများအားလုံး အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် လေးမြတ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ကန်တော့ပွဲကျင်းပရေးကော်မတီ**
**မအူပင်တက္ကသိုလ်ကျောင်းသားဟောင်းများအသင်း**

| | | |
|---|---|---|
| **ဆက်သွယ်ရန်** | ကိုမင်းခန့်ကျော် | ဖုန်း-၀၉-၅၀၂၂၅၅၂ |
| | ကိုဇေယျာဖြိုး | ဖုန်း-၀၉-၄၂၂၄၆၉၅၀၉ |
| | ကိုဝင်းဇော်ဦး | ဖုန်း-၀၉-၄၂၂၄၆၆၂၁၂ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/2409 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈E1၊ မြေကွက်အမှတ်-၁၄၊ မြေကွက်တည်နေရာအမှတ်-၃၄၊ ၄ကွက်ပျောတောလမ်း၊ ကျွန်း/မြောက်ရပ်ကွက်၊ စမ်းချောင်း (မောင်သောင်းလှိုင်၊ စိန်စိန်)အမည်ပေါက် စက္ကူတာမြေကွက်အား စမ်းချောင်းမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၁၆၊ ဇာရီမှုအမှတ် -၄၂/၂၀၁၇တို့အရ တရားပြိုင် ဦးသိန်းထွန်း၊ ဒေါ်ခင်စန်းတင့်၊ ဒေါ်တင်မြ(ခ)ဒေါ်မြမြတို့အပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် စွဲဆိုသောအမှုအရ တရားရှုံး ဦးသိန်းထွန်း ပါ(၃) ကိုယ်စား တရားရုံး ဘိလစ်ဒေါ်ခင်ခင်သော် ၁၂/စခန(နိုင်)၀၀၅၀၃၀ မှ ၂၈-၁၂-၂၀၁၇ ရက်စွဲပါ ဘိလစ်ခန့်အပ်စာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ တက်ရောက် ရော်ဘာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ပြည်ပနိုင်ငံများနှင့်ချိတ်ဆက်ခြင်း၊ နည်းပညာများရယူခြင်းဆောင်ရွက်



**နေပြည်တော် မတ် ၂၁**

ရေရှည်တည်တံ့သော ရော်ဘာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသည့် မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ (Myanmar Rubber Forum- 2018) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်မက်(စ်)၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

နှီးနှောဖလှယ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရော်ဘာစိုက်ပျိုးသူနှင့် ထုတ်လုပ်သူများအသင်းမှ ကိုယ်စားလှယ်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပမှ အထူးဖိတ်ကြားထားသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာ့ရော်ဘာကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ရော်ဘာကုမ္ပဏီများ၏ ရော်ဘာထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

## မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ခြင်း အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၁**

၂၀၁၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအနားကို မတ် ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ Myanmar Event Park ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ ညနေ ၃ နာရီမှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV) နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကာဂျစ္စတန်နှင့် မြန်မာအသင်းတို့၏ အာရှဖလားခြေစစ်ပွဲ ယနေ့ ကျင်းပမည်



မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်သူ။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မတ် ၂၁**

၂၀၁၉ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု (က) ပြန်ကန်ပွဲဖြစ်သည့် ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့သည် မတ် ၂၂ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပွဲကို ဝင်ကြေးအခမဲ့ သတ်မှတ်ထားပြီး တောင်ကိုရီးယားနိုင်ငံရောက် မြန်မာပရိသတ်များ လာရောက်ကြည့်ရှုအားပေးနိုင်သလို ပြည်တွင်းမှ ပရိသတ်များအတွက်လည်း ရုပ်သံများမှ တိုက်ရိုက်

*စာမျက်နှာ ၁၃ ကော်လံ ၃* ❍

## ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် ဆက်သွယ်သည့် စိုင်းဒင်တံတားအပါအဝင် တံတားငါးစင်း မတ်လကုန်တွင်ဖွင့်မည်

**ဘူးသီးတောင် မတ် ၂၁**

ရခိုင်ပြည်နယ် မောင်တောဒေသ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်မြို့နယ်တို့ကို ဆက်သွယ်ထားသည့် စိုင်းဒင်ချောင်းပေါ်၌ တည်ဆောက်ထားသော စိုင်းဒင်တံတား၊ ရွာဟောင်းချောင်းပေါ်၌ တည်ဆောက်ထားသည့် ရွာဟောင်းတံတား၊ ငစံပေါ်တံတားနှင့် သောင်းဒရားချောင်းပေါ်၌ တည်ဆောက်ထားသည့် သောင်းဒရားတံတားနှင့် ရသေ့တောင်မြို့နယ်၌ ရသေ့တောင်တံတားတို့ကို မတ် ၃၁ ရက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီတံတားက စိုင်းဒင်ချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ တံတားဖြစ်ပါတယ်၊ တည်နေရာက ဘူးသီးတောင်မြို့နယ်နဲ့ ခုနစ်မိုင်အကွာအဝေးမှာ တည်ရှိပါတယ်၊

*စာမျက်နှာ ၁၂ ကော်လံ ၁* ✻



စိုင်းဒင်တံတား

KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)